# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၄ ရက် ၂၀၁၅ ခုနှစ်၊ မေ ၂၂ ရက်၊ ကြာသပတေးနေ့၊ အတွဲ [၅၄]၊ အမှတ် [၂၂၈]


**ဝီရိယနှင့် ဆန္ဒအကျိုး**

**ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဝီရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

**ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဆန္ဒရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

(မူလဋီ၊ ၃၊ ၁၆၉။)

# ကျန်းမာရေးနှင့် အာဟာရအတွက် ပြည့်ဆည်းပေးနိုင်သည့် စပါးမျိုးများ ထုတ်လုပ်ပေးနိုင်ခြင်းသည် လူသားအားလုံးအတွက် မွန်မြတ်လှသည့် ကြိုးပမ်းချက်ဖြစ်




နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အပြည်ပြည်ဆိုင်ရာဆန်စပါးသုတေသနဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရောဘတ်ဇိဂလာက ရွှေစပါးနှံဂုဏ်ပြုဆုပေးအပ်စဉ်။ (သတင်း၊ စာမျက်နှာ-၈) (သတင်းစဉ်)

## လူမှောင်ခိုနှိမ်နင်းရေး ဂျာမနီဝန်ကြီးချုပ်နှင့် ပြင်သစ်သမ္မတတို့က ဖိအားပေး


စာမျက်နှာ-၄


## လူမှောင်ခိုခြင်းနှင့် လူကုန်ကူးခြင်း

ဆောင်းပါး


စာမျက်နှာ-၆



Swe Zin May Co.,Ltd

ပုဒ္ဓံ-ဓမ္မံ-သံဃံ

W HOME Taiwan

ဆွေဇင်မေ ရေပန့်နှင့် ရေသန့်စက်ပစ္စည်းဖြန့်ချီရေး

ခေတ်မီသူတိုင်း ရေသန့်သောက်ကြသည်
ခေတ်မီတဲ့အိမ်တိုင်းရေသန့်စက်ရှိသည်

EVERGUSH NO.1 PUMP BRAND IN TAIWAN

ROTEK Leading Water Treatment Company in Taiwan

FLUXTEK The Best Brand In Taiwan

International Standard အညီ ဝန်ဆောင်မှုများကိုဆောင်ရွက်ပေးနေသော ဆွေဇင်မေ ကိုသာဆက်သွယ်လိုက်ပါ။

ဝယ်ယူအားပေးမှုကို အထူးကျေးဇူးတင်ရှိပါသည်။

Yangon Main Show Room
၈၃၆၊ မဟာဗန္ဓုလလမ်း(မော်တင်(လမ်းသစ်လမ်း)နှင့် ၉-လမ်းကြား)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
Tel: 01-230-3088, 09-4211-42266, 09-4211-42277, 09-4211-42288

Yangon Branch
၂၂၄၊ အနော်ရထာလမ်း၊ (လည်းတန်းလမ်းနှင့် ၁၁ လမ်းကြား လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
Tel: 01-210-958

Mandalay Branch
၃၀၀၊ ၈၁ လမ်း(၂၄ နှင့် ၂၅ လမ်း ကြား)၊ မန္တလေးမြို့။
Tel: 09-910 54109, 09-201 9900, 09-2586 66511, 09-9780 23511

Mawlamyaing Branch
အမှတ်-၂၀၊ တိုးချဲ့ကမ်းနားလမ်း(ဈေးကြီးအနောက်ဘက်)၊ ဖတ်တန်းရပ်၊ မော်လမြိုင်မြို့။
Tel : 09-532 2008,09-4211 30140

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# သဘာဝဘေးကြိုတင်ပြင်ဆင်

ရေဘေး၊ လေဘေး၊ မီးဘေး၊ ငလျင်ဘေးစသော သဘာဝဘေးအန္တရာယ်များသည် အဖျက်စွမ်းအား ကြီးမားသော လက်နက်သဖွယ် လူသားတို့အား ခြိမ်းခြောက်လျက်ရှိပါသည်။ မည်သည့် သဘာဝဘေးကိုမဆို ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခြင်းဖြင့်သာ အောင်နိုင်မည်ဖြစ်ပါသည်။ ကြိုတင်ပြင်ဆင်မှုဖြင့် ဘေးအန္တရာယ် ကျရောက်ခြင်းမှ လျော့ပါးသက်သာစေနိုင်ပါသည်။ တစ်နည်းအားဖြင့် ထိခိုက်ဆုံးရှုံးမှုများ နည်းပါးစေနိုင်ပါသည်။ သဘာဝဘေးအန္တရာယ်ကျရောက်မှုတိုင်းသည် ကြိုတင်ပြင်ဆင်ရေးတွင် ထိရောက်မှုအရှိဆုံး၊ အကောင်းဆုံးဖြစ်ပါသည်။

သဘာဝဘေးအန္တရာယ်များ ကြိုတင်ပြင်ဆင်မှုနှင့် ပတ်သက်၍ အမျိုးသားသဘာဝဘေးကာကွယ် စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတဦးညဏ်ထွန်းက မေ ၁၈ ရက်တွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသော အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ သဘာဝဘေးစီမံခန့်ခွဲမှု လုပ်ငန်းများဆောင်ရွက်ရာတွင် သဘာဝဘေးဒဏ်မှ လျော့ပါးသက်သာစေရေး၊ လုပ်ငန်းများဆောင်ရွက်ခြင်း **(Reduction)**၊ သဘာဝဘေးဖြစ်ပွားလာချိန်တွင် ကြံ့ကြံ့ခံရင်ဆိုင်နိုင်ရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း **(Readiness)**၊ သဘာဝဘေးတုံ့ပြန်ဆောင်ရွက်ခြင်း **(Response)** နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း **(Recovery)** ဟူသည့် အဆင့်အားလုံးတွင် နည်းပညာပိုင်းဆိုင်ရာနှင့် လက်တွေ့မြေပြင်အနေအထား လိုက်လျောညီထွေစွာ ပေါင်းစပ်ဆောင်ရွက်နိုင်ရမည်ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။

မှန်ပါသည်။ သဘာဝဘေးအန္တရာယ်တစ်ခုခုသည် မဖြစ်ပွားမီ ကြိုတင်ပြင်ဆင်ရမည်ဖြစ်သကဲ့သို့ ဖြစ်ပွားလာသည့်အချိန်တွင်လည်း အကောင်းဆုံးနှင့်ထိရောက်မှုအရှိဆုံး ကိုင်တွယ်ဆောင်ရွက်နိုင်ရမည် ဖြစ်ပါသည်။ သို့မှသာ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်မှုရှိသော ပြည်သူများအတွက် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကို ကုစားနိုင်မည်ဖြစ်ပါသည်။ ကြိုတင်ပြင်ဆင်ရေးသည် အရေးအကြီးဆုံးဖြစ်ပါသည်။

သဘာဝဘေးအန္တရာယ်များသည် နိုင်ငံတစ်နိုင်ငံ သို့မဟုတ် ဒေသတစ်ခုအတွက် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို နှောင့်နှေးပျက်စီးစေနိုင်ပါသည်။ သဘာဝဘေးအန္တရာယ်ကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အချိန်အား၊ ငွေအားနှင့် အရင်းအမြစ်အင်အားများစွာကို အသုံးပြုရပါသည်။ သဘာဝဘေးဒဏ်မှလျော့ပါးသက်သာစေရန် ကြိုတင်ပြင်ဆင်မှုသည် အကောင်းဆုံးဖြစ်ပါသည်။ အဆိုပါ ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရာ၌ တစ်ဦးကောင်း၊ တစ်ဖွဲ့ကောင်းဖြင့် လုပ်ကိုင်နိုင်မည် မဟုတ်သဖြင့် အားလုံးပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ်ကျရောက်လာနိုင်သည့် အခြေအနေတွင် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာဒေသတာဝန်ရှိသူများနှင့် ပူးပေါင်းကာ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်ထားသင့်ပေသည်။ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးထောက်ပံ့ကူညီပေးရေး စသောလုပ်ငန်းစဉ်များ လစ်ဟာမှုမရှိအောင် အချိတ်အဆက်မိမိ ဆောင်ရွက်နိုင်ရေး စနစ်တကျလေ့ကျင့်မှုများပြုလုပ်ထားရန် လိုအပ်ပါသည်။ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်ပြီး ဆောင်ရန်၊ ရှောင်ရန်များ လူတိုင်းသိရှိနားလည်လိုက်နာဆောင်ရွက်နိုင်ပါမှ ကြိုတင်ပြင်ဆင်မှုဖြင့် အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း။ ။

# နှစ်နိုင်ငံအကြား လယ်ယာကဏ္ဍနှင့် မြန်မာ့မျိုးစေ့ထုတ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

**နေပြည်တော် မေ ၂၀**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်တို့သည် နယ်သာလန်နိုင်ငံမှ စိုက်ပျိုးရေးဝန်ကြီး H.E. Ms. Sharon Dijksma ဦးဆောင်သောအဖွဲ့ဝင် ၂၃ ဦးပါ လယ်ယာကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်တို့နှင့်အတူ မေ ၁၉ ရက် နံနက်ပိုင်းတွင် ပိုက်ကွန်စနစ်ဖြင့် စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်များ၊ GAP စနစ်ဖြင့် စိုက်ပျိုးထားသည့် ကန်စွန်းဥ စိုက်ခင်း၊ ကညွတ်သီးနှံ စိုက်ခင်း၊ သဘော်သီးစိုက်ခင်း၊ နာနတ်သီးစိုက်ခင်းများကို စိုက်ခင်းတစ်ခင်းချင်းအလိုက် ကြည့်ရှုလေ့လာကြသည်။

ဈနာရီက ဥတ္တရသီရိမြို့နယ် တောင်သူပညာပေး ဧက ၉၀၀ စိုက်ကွင်းသို့ ရောက်ရှိကြပြီး မြန်မာနယူးဧရာ ကုမ္ပဏီ၏ တစ်နေ့ တန် ၅၀၀ ထိန်းသိမ်းသိုလှောင်နိုင်သည့် ခေတ်မီ အဆင့်မြင့် အအေးခန်း အဆောက်အအုံတွင် မြန်မာ့ရွှေသီးနှံကုမ္ပဏီမှ နိုင်ငံခြားဈေးကွက်သို့ နေ့စဉ် တင်ပို့ရောင်းချနေသော မြန်မာ့စိန်တလုံးသရက်သီးများကို ဆေးကြောသန့်စင်စက်၊ အရွယ်အစား ခွဲခြားသည့်စက်များနှင့် ခေတ်မီထုပ်ပိုးဆောင်ရွက်နေသည့်လုပ်ငန်းခွင်သို့ လေ့လာကြသည်။ **(အောက်ပုံ)**

ထိုမှတစ်ဆင့် စိုက်ကွင်းအတွင်း ခေတ်မီ သိပ္ပံနည်းကျစနစ်ဖြင့် စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ခင်းများ၊ ခေတ်မီ Net House ပိုက်ကွန်စနစ်ဖြင့် စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်များ၊ GAP စနစ်ဖြင့် စိုက်ပျိုးထားသည့် ကန်စွန်းဥ စိုက်ခင်း၊ ကညွတ်သီးနှံ စိုက်ခင်း၊ သဘော်သီးစိုက်ခင်း၊ နာနတ်သီးစိုက်ခင်းများကို စိုက်ခင်းတစ်ခင်းချင်းအလိုက် ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် နယ်သာလန်နိုင်ငံမှ စိုက်ပျိုးရေးဝန်ကြီးH.E.Ms. Sharon Dijksma တို့သည် နှစ်နိုင်ငံအကြား လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများနှင့် မြန်မာ့မျိုးစေ့ထုတ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် Seminar on "Developing a Vibrand Seed Sector in Myanmar" စာတမ်းဖတ်ပွဲကို ဦးဆောင်ပါဝင်တက်ရောက်ပြီး နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေး နယ်ပယ်များ၌ အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**






ပြည်သူ့အကျိုး ဖော်ဆောင်ဖို့
အခွန်မှန်စွာ ပေးဆောင်စို့

# ကိုရီးယား-မြန်မာ သံတမန်နှစ်(၄၀)ပြည့် ကုန်စည်ပြပွဲကျင်းပမည်

**ရန်ကုန် မေ ၂၀**

ကိုရီးယား-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် သံတမန်ဆက်ဆံရေး နှစ်(၄၀)ပြည့် အထိမ်းအမှတ် Korea- Myanmar Business Week 2015 ကုန်စည်ပြပွဲ၊ ရိုးရာယဉ်ကျေးမှုပြပွဲနှင့် ဟောပြောပွဲကို ရန်ကုန်မြို့တွင် တောင်ကိုရီးယားအစိုးရနှင့် သက်ဆိုင်ရာတို့၏ ပံ့ပိုးမှုဖြင့် မေ ၂၁ ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကုန်စည်နှင့် ရိုးရာယဉ်ကျေးမှု ပြပွဲများကို မေ ၂၁ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့ Myanmar Event Park တွင်လည်းကောင်း၊ ကိုရီးယား-မြန်မာဖိုရမ်(နိုင်ငံရေး၊ စီးပွားရေးဖိုရမ်)ကို မေ ၂၁ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ Novotel ဟိုတယ်တွင် လည်းကောင်း၊ ကိုရီးယားရိုးရာအကပြပွဲကို အမျိုးသားဇာတ်ရုံတွင် မေ ၂၆ ရက် ည ၇ နာရီမှ ၉ နာရီအထိလည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ယခုနှစ်အကြီးမားဆုံးကျင်းပမည့် ကိုရီးယားကုန်စည်ပြပွဲတွင် ကိုရီးယားကုမ္ပဏီ ၈၁ ခု လယ်ယာသုံးစက်ပစ္စည်း၊ ကားအမျိုးမျိုး၊ အီလက်ထရွန်နစ်ပစ္စည်းများ ပါဝင်ပြသမည်ဖြစ်သည်။ **သန့်ဇင်ဝင်း**

# မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ

**ဝါးခယ်မ မေ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ခမောက်စုကျေးရွာ ခမောက်စုအခြေခံပညာ မူလတန်းကျောင်းဆောင်သစ် ဖွင့်ပွဲကို မေလဒုတိယပတ်က အဆိုပါကျောင်းရှေ့၌ ကျင်းပရာ တိုင်းဒေသကြီးလျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစောမြသိန်း၊ ဝါးခယ်မမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်၊ မြို့နယ်အသင်းဥက္ကဋ္ဌ ဦးသန်းဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ကျောင်းဆောင်သစ်မှာ အလျား ပေ ၆၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေ RCC Steel Structure ဖြစ်ပြီး စုစုပေါင်း ကုန်ကျငွေကျပ် ၃၂၄ သိန်းဖြစ်ကြောင်း သိရသည်။ **မြင့်ဦး(ဝါးခယ်မ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၀-၅-၂၀၁၅

**ရွှေဈေးနှုန်း**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၃၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၇၀၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၅ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၉၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(ပြင်ပပေါက်ဈေး)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၃၂-၁၁၃၇ |
| ဥရောပ | တစ်ယူရို | ၁၂၅၅-၁၂၆၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၃၅-၈၄၃ |
| ထိုင်း | တစ်ဘတ် | ၃၃.၅-၃၃.၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇-၁၇.၅ |
| တရုတ် | တစ်ယွမ် | ၁၇၄-၁၇၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄-၃၀၈ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နွေဆန် (အသစ်) | တစ်အိတ် | ၁၈၀၀၀-၁၈၅၀၀ |
| ပေါ်ကျွဲ | တစ်အိတ် | ၂၆၅၀၀-၂၈၀၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၅၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၅၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၉၃ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၇၅-၄၂၅ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၂၅၀-၁၆၅၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၂၅၀၀-၂၅၅၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၄၇၀-၆၆၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၈၅၀-၃၁၀၀ |
| ငရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၅၀၀၀-၇၀၀၀ |
| သကြား | တစ်ပိဿာ | ၁၀၃၀-၁၀၇၀ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။**

**ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံ**

**✻ ကျောက်ဖြူ**

ရှေးဦးစွာ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့နယ် ရေချမ်းပြင်ကျေးရွာအနီး၌ ရခိုင်ပြည်နယ်အစိုးရ၊ ဒေသခံပြည်သူများနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တို့ ပူးပေါင်းတည်ဆောက်နေသည့် အကျယ် ၁၄ ပေ၊ တံတားအရှည်ပေ ၁၆၀ ရှိ သံကူကွန်ကရစ်အမျိုးအစား ရေချမ်းပြင်တံတား တည်ဆောက်ပြီးစီးမှုကိုကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့နယ် ရေချမ်းပြင်ကျေးရွာအုပ်စု အုန်းရည်ပေါ်ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူတည်ဆောက်နေသည့် ကျေးလက်အိမ်ရာဖော်ထုတ်နေမှုကို လည်းကောင်း၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၏ ထောက်ပံ့မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကျေးရွာပိုင် မျှင်ငါးပိ၊ ပုစွန်ခြောက်လုပ်ငန်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို လည်းကောင်း လှည့်လည်ကြည့်ရှုပြီး ဒေသခံတိုင်းရင်းသားများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို မေးမြန်းဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် နယ်မြေခံ တပ်နယ်ဧည့်ခန်းမ၌ ရခိုင်ပြည်နယ်



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပွိုင့်အပန်းဖြေစခန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဝင်များနှင့်တွေ့ဆုံ၍ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ရှာဖွေပေးနေမှုများ၊ ရခိုင်ပြည်နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ကြသူများ အမိုးအကာလုံခြုံမှုရှိစေရန်နှင့် အလုပ်အကိုင်များရရှိအောင် ဆောင်ရွက်ပေးနေမှုများကို လည်းကောင်း၊ ခြေဝတီရေတပ်စခန်း ဌာနချုပ်မှူးက မြန်မာ့ပင်လယ်ပြင်ကမ်းရိုးတန်းတစ်လျှောက် တရားမဝင် လူမှောင်ခိုတားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ပြည်နယ်ရဲတပ်ဖွဲ့မှူးက တရားဥပဒေစိုးမိုးရေးနှင့် နယ်စပ်ဒေသများတွင် မူးယစ်ဆေးဝါးနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ တားဆီးကာကွယ်ရေးလုပ်ငန်းများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနှင့် ဦးခင်ရီ၊ ရဲချုပ်တို့က ဖြည့်စွက်တင်ပြကြသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ရခိုင်ပြည်နယ်သည် တဖြည်းဖြည်း တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများသည်လည်း အရှိန်အဟုန် ရရှိလျက်ရှိပါကြောင်း၊ ထိုကဲ့သို့ ဖြစ်ပေါ်တိုးတက်လာခြင်းသည် ပြည်နယ်အစိုးရအဖွဲ့နှင့် ဒေသခံပြည်သူများ၏ ကြိုးပမ်းအားထုတ်မှုများကြောင့် ဖြစ်ပါကြောင်း၊ ထို့အတူ ပြည်နယ်အစိုးရအဖွဲ့နှင့် နိုင်ငံတကာအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုများ ယခုထက် ပိုမိုကောင်းမွန်အောင် ဖြည့်ဆည်းပေးရန်နှင့် သို့မှသာ ပြည်သူများ၏ယုံကြည်မှုကို ယခုထက် ပိုမိုရရှိလာပြီး ဒေသဖွံ့ဖြိုးမှုအရှိန်အဟုန် တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ပြည်နယ်အတွင်း တရားမဝင် လူမှောင်ခိုကူးမှုများ ဖြစ်ပေါ်ခြင်းမရှိစေရန်နှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ ဖြစ်ပွားမှုမရှိအောင် အလေးထားဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များနှင့်အတူ သင်္ကေပြင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဒေသခံပြည်သူများ၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဖြည့်ဆည်းပေးပြီး ကျောင်းဆောင်အသစ် တိုးချဲ့ဆောက်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတသည် စစ်တွေမြို့ရှိ သင်္ကေပြင်ကယ်ဆယ်ရေးစခန်း၊ သဲချောင်းကယ်ဆယ်ရေးစခန်းနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရွာကြီးမြောက်ရပ်ကွက်နှင့် ဆတ်ရိုးကျရပ်ကွက်တို့ကို ဆက်သွယ်သည့် ဆတ်ရိုးကျချောင်းကူးတံတား တည်ဆောက်ပြီးစီးမှုကို လည်းကောင်း၊ စစ်တွေမြို့ မြို့လယ်ချောင်း(ဘီလူးမ)တံတား တည်ဆောက် ပြုပြင်ခြင်းလုပ်ငန်းနှင့် မြို့လယ်ချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ကစ္ဆပနဒီမြစ်ကြောင်းတစ်လျှောက် မြို့ပြမြေယာဖော်ထုတ်ခြင်း လုပ်ငန်းကို လည်းကောင်း၊ ပွိုင့်အပန်းဖြေစခန်း အဆင့်မြှင့်တင်ရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အလိုတော်ပြည့်ကျောင်းတိုက်များ၏ ပဓာနနာယက စစ်တွေမြို့ အလိုတော်ပြည့်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တအရိယဝံသအား သွားရောက်ဖူးမြော် ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။ **(သတင်းစဉ်)**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း စစ်တွေမြို့နယ် ရေချမ်းပြင်ကျေးရွာအုပ်စု အုန်းရည်ပေါ်ကျေးရွာရှိ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

**❒ ကျောက်ဖြူ**

ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီ၏ နိုင်ငံပေါင်း ၁၈၀ အား သုတေသနပြုချက်အရ ခရီးသွားလုပ်ငန်းမှ နိုင်ငံတော် ဂျီဒီပီသို့ငွေကြေးစီးဆင်းမှုမှာ ၂၀၁၃ ခုနှစ်တွင် အဆင့် ၁၀၄ ရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် အဆင့် ၉၆ အထိ ရောက်ရှိလာကြောင်း ဖော်ပြထားသည်။ ခရီးသွားလုပ်ငန်း၌ ရင်းနှီးမြှုပ်နှံမှုသည်လည်း တိုးတက်ခဲ့သည်။

မြန်မာနိုင်ငံသည် သဘာဝအခြေခံခရီးသွားလုပ်ငန်းကို ၁၉၉၈ ခုနှစ်ကပင်စတင်ခဲ့ရာ သဘာဝအခြေခံခရီးစဉ် နေရာများလည်း တိုးချဲ့ခဲ့သည်။ မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများစွာ ရှိနေသည်။

အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံတွင် အာဆီယံအမွေအနှစ် ဥယျာဉ် ၃၅ ခုရှိရာ မြန်မာနိုင်ငံတစ်နိုင်ငံတည်း၌ပင် ခုနစ်ခုရှိနေသဖြင့် အာဆီယံအမွေအနှစ်ဥယျာဉ် အများဆုံးတည်ရှိနေသည့်နိုင်ငံဖြစ်သည်။ ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားမှုအများဆုံးရှိပြီး ကမ္ဘာ့ခရီးသွားလုပ်ငန်းတွင် ခရီးစဉ်သစ်အဖြစ် လာရောက်ရန် စိတ်ဝင်စားနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် အရှိန်ရလာခြင်းနှင့်အတူ ဝန်ဆောင်မှုကောင်းမွန်စွာ ပေးနိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များလည်း ဖြည့်ဆည်းရန် လိုအပ်လျက်ရှိသည်။ လေကြောင်းလိုင်းများ၊ ဟိုတယ်များ၊ ခရီးသွားလာရေးလုပ်ငန်းများတွင် လည်း နိုင်ငံတကာအဆင့်မီရန် ကြိုးစားဆောင်ရွက်ရာတွင် အရည်အချင်းပြည့်မီသော လူငယ်မျိုးဆက်သစ်များ လိုအပ်နေဆဲဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် ပထမသုံးလတာကာလတွင် နိုင်ငံခြားခရီးသည် ၉၀၉၅၁၀ ဝင်ရောက်ခဲ့ရာ လက်ရှိနှုန်းအတိုင်း ဆက်လက်ဝင်ရောက်ပါက ၂၀၁၄ ခုနှစ်ကထက် ခရီးသည် ပိုမိုများပြားစွာ ဝင်ရောက်မည်ဖြစ်ပြီး ခရီးသွားဧည့်သည်များ၏ ငွေကြေးသုံးစွဲမှုကြောင့် လေကြောင်းလိုင်း၊ ဟိုတယ်၊ စားသောက်ဆိုင်၊ မြင်းလှည်း၊ ဆိုက်ကား စသည်တို့အထိ နိုင်ငံခြားငွေစီးဆင်းမှု ယခင်နှစ်ကထက် ပိုမိုများပြားစွာ ရှိနေမည်ဖြစ်သည်။

**မေ ၂၀ ရက်က နော်ဝေနိုင်ငံ ထူထောင်သည့်နေ့ အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနား တက်ရောက်လာသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး H.E.Ms. Ann Ollestad ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)



# ရေနံဂါလန်ပေါင်းများစွာ ကယ်လီဖိုးနီးယားကမ်းခြေသို့ ယိုဖိတ်စီးဆင်း



**ဂိုလက်တာ မေ ၂၀**

ခန့်မှန်းခြေ ဂါလန်ပေါင်း ၂၁၀၀၀ (၇၉၅၀၀ လီတာ)ရှိ ရေနံစိမ်းများ ရေနံပိုက်လိုင်း ပေါက်ထွက်ရာမှ ကယ်လီဖိုးနီးယား ကမ်းခြေတစ်လျှောက် လေးမိုင်ခန့်အထိ ယိုဖိတ်စီးဆင်းခဲ့သည်ဟု အမေရိကန် ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားခဲ့သည်။

ရေနံစိမ်း ယိုစိမ့်မှုဖြစ်ပွားခဲ့သည့် Rifugio ပြည်နယ် ကမ်းခြေကို ဆန်တာဘာဘရာစီရင်စု ကျန်းမာရေးအာဏာပိုင်များက ပိတ်လိုက်သည်။ အနံ့ဆိုးများကြောင့် အဆိုပါနေရာကို လူအတော်များများက စွန့်ခွာခဲ့ကြသည်။

အဆိုပါ အနံ့အသက်ဆိုးများကြောင့် မီးသတ်ကယ်ဆယ်ရေးအဖွဲ့များ ကမ်းခြေသို့ရောက်ရှိလာပြီး ရေနံယိုစိမ့်နေကြောင်းတွေ့ရှိခဲ့ကြသည်။ ၄င်းတို့သည် ပင်လယ်အတွင်း မိုင်ဝက်ခန့်အကျယ်ရှိ မည်းနက်နေသော ရေနံပြင်ကြီးကို တွေ့မြင်ခဲ့ရသည်ဟု မီးသတ်တပ်ဖွဲ့ ခေါင်းဆောင် ဒေ့ဗ်ဇာနီဗိုနီက ပြောသည်။

ကမ်းခြေပေါ်ရှိ သွယ်တန်းပိုက်လိုင်းမှ ရေနံများသည် US 101 အဝေးပြေးလမ်းမကြီးအောက် ဖြတ်သန်းနေသော မြေအောက်ပိုက်လိုင်းအတွင်းလျှံကျကာ ရေသွယ်မြောင်းမှတစ်ဆင့် ပင်လယ်အတွင်းသို့ ရောက်ရှိနေကြောင်း တွေ့ရှိခဲ့ကြသည်။

နာရီအနည်းငယ် အကြာတွင် ရေနံယိုစိမ့်မှုကို ရပ်တန့်အောင် ပြုလုပ်နိုင်ခဲ့သော်လည်း ကမ်းခြေ၏ လေးမိုင် (၆ ဒသမ ၄ ကီလိုမီတာ) ခန့်ထိ ရေနံစိမ်းယိုစိမ့်မှု ပျံ့နှံ့ခဲ့သည်ဟု ကမ်းခြေစောင့်တပ်ဖွဲ့ အငယ်တန်းအရာရှိ အန်ဒရီယာ အန်ဒါဆန်က ပြောခဲ့သည်။ အဆိုပါ ပိုက်လိုင်းကို Plains All American Pipeline LP ကုမ္ပဏီပိုင်ဆိုင်သည်ဟု ကမ်းခြေစောင့်တပ်ဖွဲ့က ပြောသည်။

ကုမ္ပဏီအနေဖြင့် ဝေဖန်မှတ်ချက်ပေးမှုများအပေါ် ချက်ချင်းတုံ့ပြန် ဖြေရှင်းမှုမရှိခဲ့ပေ။

ယခုအခါရေနံယိုဖိတ်မှုကို ကမ်းခြေစောင့်တပ်ဖွဲ့နှင့် အရေးပေါ်အာဏာပိုင် အဖွဲ့အစည်းများက ရှင်းလင်းရေး လုပ်ဆောင်လျက်ရှိသည်။ ရှင်းလင်းမှုကို မည်မျှအတိုင်းအတာထိ လုပ်ဆောင်နိုင်မည်ကို ခန့်မှန်းနိုင်ခြင်းမရှိသေးပေ။

ဆန်တာဘာဘရာ အခြေစိုက် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးဌာနက ယခုကဲ့သို့ ယိုဖိတ်မှုသည် ကမ်းရိုးတန်းရှိ ရေနံထုတ်လုပ်မှုအတွက် မရှောင်လွှဲနိုင်သော ကိစ္စရပ်ဖြစ်သော်လည်း ကောင်းသောလက္ခဏာရပ် မဟုတ်ကြောင်း ပြောဆိုခဲ့သည်။

**(ဗီတီအိုင်)**

# တရုတ်နိုင်ငံသားသူလျှိုခြောက်ဦးကို အမေရိကန်တရားစွဲဆို

**ဝါရှင်တန် မေ ၂၀**

စစ်ရေးစစ်ရာ နည်းပညာသစ်များ အကောင်အထည်ဖော်သော ကုမ္ပဏီနှစ်ခုမှ လျှို့ဝှက်ချက်များကို ခိုးယူမှုဖြင့် တရုတ်နိုင်ငံသား စီးပွားရေးဆိုင်ရာ သူလျှိုခြောက်ဦးကို အမေရိကန်အစိုးရက တရားစွဲဆိုလိုက်ကြောင်း အင်္ဂါနေ့က တရားရုံးဌာနမှ ပြောသည်။

အမေရိကန်အနေဖြင့် နိုင်ငံ၏ ထိပ်တန်းလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို အလေးထားဆောင်ရွက်နေချိန်တွင် အမေရိကန်အာဏာပိုင်များက တရုတ်၏ စီးပွားရေးသူလျှိုထားသည့် အပြုအမူအပေါ် စွပ်စွဲခြင်းမှာ ယခုအကြိမ်နှင့်ဆိုလျှင် တတိယအကြိမ်ဖြစ်သည်။

တရုတ်နိုင်ငံ၏ တောင်တရုတ်ပင်လယ်ရေပိုင်နက်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်ပြီး ဆွေးနွေးရန် ဂျွန်ကယ်ရီ နှစ်ရက်တာ လာရောက်လည်ပတ်ပြီးနောက် ယခုတရားစွဲဆိုမှုသည် တရုတ်နှင့်အမေရိကန်ကြား တင်းမာမှုများကို ပိုမိုဆိုးရွားစေသည်။

တရုတ်နိုင်ငံမှ လေယာဉ်ဖြင့်ရောက်လာခဲ့သော သံသယရှိသူ ပါမောက္ခ ဟောက်ကျန်း (၃၆ နှစ်)ကို တနင်္ဂနွေနေ့က လော့စ်အိန်ဂျလိတွင် ဖမ်းဆီးခဲ့ကြောင်း တရားရုံးဌာန ဖော်ပြချက်များတွင် ပါရှိသည်။

အခြား သံသယရှိသူ ငါးဦးမှာ တရုတ်နိုင်ငံမှပင်ဖြစ်သည်ဟု ယူဆရကြောင်း ဆိုသည်။

ကျန်းနှင့် တီရန်ကျင်း တက္ကသိုလ်မှ အခြားပါမောက္ခနှစ်ဦးကို ၄င်းတို့ အလုပ်လုပ်သော ကုမ္ပဏီနှစ်ခုဖြစ်သည့် Avago Technologies Ltd နှင့် Skyworks Solutions Inc မှ ကုတ်နံပါတ်များနှင့် ကုမ္ပဏီပိုင်အချက်အလက်များကို ခိုးယူမှုကြောင့် တရားစွဲဆိုခြင်းဖြစ်သည်။

Avago ကုမ္ပဏီသည် စင်ကာပူနှင့် ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဟိုဆေးတို့တွင် ရုံးချုပ်ဌာနထားရှိပြီး Skyworks သည် မက်ဆာချူးဆက် ပြည်နယ်အခြေစိုက် ကုမ္ပဏီတစ်ခုဖြစ်သည်။

**(ရိုက်တာ)**

# ကမ္ဘာလုံးဆိုင်ရာစီးပွားရေးအတန်အသင့် တိုးတက်မှုရှိကြောင်း ကုလသမဂ္ဂခန့်မှန်း

**ဂျီနီဗာ မေ ၂၀**

အင်္ဂါနေ့ကပြုလုပ်ခဲ့သော ကုလသမဂ္ဂ ကမ္ဘာ့စီးပွားရေးအခြေအနေဆိုင်ရာ နှစ်ဝက်အစီရင်ခံစာအရ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအခြေအနေမှာ တည်ငြိမ်မှုရှိလာကြောင်း၊ ၂၀၁၅ ခု နှစ်ဝက်ပိုင်းနှင့် ၂၀၁၆ ခုနှစ်တို့တွင် တိုးတက်မှုအဆင့်တစ်ခုသို့ရောက်လာနိုင်ကြောင်း ခန့်မှန်းထားသည်။

ကမ္ဘာ့စုစုပေါင်းထုတ်ကုန် ဖွံ့ဖြိုးမှုကို ၂၀၁၄ ခုနှစ်တွင် ၂ ဒသမ ၆ ရာခိုင်နှုန်းမှ ၂၀၁၅ ခုနှစ်တွင် ၂ ဒသမ ၈ ရာခိုင်နှုန်းထိ အနည်းငယ်တိုးတက်လာရန် ရည်ရွယ်ထားသော်လည်း ယခုနှစ် ဇန်နဝါရီလကတင်ပြခဲ့သော စီးပွားရေးအစီရင်ခံစာအရ ၀ ဒသမ ၃ ရာခိုင်နှုန်းလျော့နည်းသွားကြောင်း ဖော်ပြထားသည်။

အဆိုပါ ရာခိုင်နှုန်းလျော့နည်းမှုသည် တောင်အမေရိကကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံ အတော်များများ၏ စီးပွားရေးအသွင်ကူးပြောင်းမှု အလားအလာ ဆုတ်ယုတ်သွားသော အနေအထားကို ပြသနေသည်။ ၂၀၁၆ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးမှုမှာ ၃ ဒသမ ၁ ရာခိုင်နှုန်းထိ တိုးတက်လာနိုင်ကြောင်း အစီရင်ခံစာတွင် ကြိုတင်ခန့်မှန်းထားသည်။

လက်ရှိ ကမ္ဘာ့စီးပွားရေးအခြေအနေတွင် အားနည်းချက်ငါးချက်ရှိပြီး အားသာချက် နှစ်ချက်ရှိကြောင်း၊ အားနည်းချက်များမှာ တိုးတက်မှုနှေးကွေးခြင်း၊ ကုန်စည်စီးဆင်းမှုနှေးခြင်း၊ ငွေဖောင်းပွမှု နည်းပါးခြင်း၊ ရင်းနှီးမြှုပ်နှံမှုနည်းပါးခြင်းနှင့် အတိုးနှုန်းနည်းပါးခြင်းတို့ဖြစ်ပြီး အားသာချက်နှစ်ချက်မှာ ရှယ်ယာဈေးနှုန်းများမြင့်မားခြင်းနှင့် ကြွေးမြီအခြေအနေမြင့်မားခြင်းဖြစ်သည်ဟု ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးရာဌာနမှ မူဝါဒရေးရာခွဲခြား စိစစ်မှု ဒါရိုက်တာ ဟောင်ပင်ဖန်က ပြောသည်။

**(ဆင်ဟွာ)**

# လူမှောင်ခိုနှိမ်နင်းရေး ဂျာမနီဝန်ကြီးချုပ်နှင့် ပြင်သစ်သမ္မတတို့က ဖိအားပေး

**ဘာလင် မေ ၂၀**

ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်နှင့် ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်တို့သည် ဥရောပသို့ ရွှေ့ပြောင်းနေထိုင်မှုနှင့် ဒုက္ခသည်ပြဿနာများကိုဖြေရှင်းနိုင်ရန် လူမှောင်ခိုကူးသူများကို နှိမ်နင်းရန် လိုအပ်ကြောင်း အင်္ဂါနေ့က ပြောကြားခဲ့သည်။

ဘာလင်၌ ဆွေးနွေးမှုများအပြီး ခေါင်းဆောင်နှစ်ဦးသည် သတင်းစာရှင်းလင်းပွဲ၌ ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဂျာမနီဝန်ကြီးချုပ်က လူမှောင်ခိုသမားများနှင့် လူကုန်ကူးသူများကို နှိမ်နင်းရန် အမှန်ပင်လိုအပ်ကြောင်းနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဖြေရှင်းပေးမှုများလည်း လိုအပ်ကြောင်း ပြောခဲ့သည်။

အဆိုပါ ရွှေ့ပြောင်းအလုပ်သမားများအရေးကို အလေးထားပြီး ပူးပေါင်းဆောင်ရွက်သွားကြရန် အကြီးအကဲနှစ်ဦးက သဘောတူထားကြပြီး ဂျာမနီနှင့် ပြင်သစ်နိုင်ငံအနေနှင့် အာဖရိကသမဂ္ဂနိုင်ငံများ၏ အရေးကိုလည်း အစည်းအဝေးတစ်ရပ်ကျင်းပ၍ ဆွေးနွေးသွားမည်ဖြစ်ကြောင်း ထပ်လောင်းပြောဆိုခဲ့သည်။

ပြင်သစ်နှင့် ဂျာမနီအပါအဝင် ဥရောပနိုင်ငံအနည်းငယ်ကသာ ဒုက္ခသည် အများစုကို လက်ခံခဲ့ကြသည်ဟု ပြင်သစ်သမ္မတက ပြောသည်။ ဒုက္ခသည်များကို ကူညီကယ်ဆယ်ရန် တူညီသော ဆန္ဒရှိကြောင်း ၄င်းက ပြောသည်။

**(ဆင်ဟွာ)**





မေ ၁၉ ရက်က ယီမင်မြို့တော် ဆာနားကို လေကြောင်းမှ တိုက်ခိုက်ခြင်းခံရပြီး မီးလောင်နေသည်ကို နိုကွမ်တောင်ပေါ်မှ မြင်ရစဉ်။

# ယီမင်ရှိ စစ်အခြေစိုက်စခန်းများနှင့် လက်နက်တိုက်များကို ဆော်ဒီဂျက်လေယာဉ်များက တိုက်ခိုက်

**ကိုင်ရို မေ ၂၀**

ဆော်ဒီဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့ တိုက်လေယာဉ်များသည် ယီမင်မြို့တော် ဆာနားတွင် လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့ပြီး နှစ်လနီးပါးအကြာ ဗုံးကြဲတိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်လာသည်ဟု ဒေသခံများကပြောသည်။ လေကြောင်းတိုက်ခိုက်မှုသည် စစ်အခြေစိုက်စခန်းများနှင့် စစ်လက်နက်ပစ္စည်း သိုလှောင်ရုံများကို ထိမှန်စေခဲ့သည်။

ရီယာ့ဒ်မဟာမိတ်အဖွဲ့၏ ကျောထောက်နောက်ခံမှုရရှိထားသော ယီမင်အစိုးရက ၄င်းတို့အနေဖြင့် ပြည်တွင်းစစ်ကိုအဆုံးသတ်စေရန် မြို့တော်မှတပ်များ ပြန်လည်ဆုတ်ခွာမှုနှင့် လက်နက်ချအညံ့ခံမှု မပြုလုပ်မချင်း သူပုန်များနှင့် ဆွေးနွေးပြောဆိုမှု ပြုလုပ်လိမ့်မည်မဟုတ်ဟု အင်္ဂါနေ့က ပြောခဲ့သည်။

ဟူသီသူပုန်များနှင့် သမ္မတဟောင်း အလီအဗ္ဗဒူလာဆာလေ၏ တပ်ဖွဲ့များသည် ယီမင်အနောက်ပိုင်း နယ်မြေတော်တော်များများကို ထိန်းချုပ်ထားပြီး အေဒင်၊ တိုက်ဇ်၊ မရစ်နှင့် အယ်လ်ဒါလာမြို့တို့ရှိ ဒေသခံအုပ်စုများနှင့် တိုက်ပွဲဆင်နွှဲလျက်ရှိသည်။

ဟူသီသူပုန်များနှင့် ဆော်ဒီအင်အားစုများသည် ဗုဒ္ဓဟူးနေ့ညက နယ်စပ်တစ်လျှောက်တွင် အမြောက်များ၊ ဒုံးကျည်များ ပစ်ခတ်ခဲ့ပြီး ညွန့်ပေါင်းတိုက်လေယာဉ်များက ဆာဒါကို ဗုံးကြဲခဲ့သည်ဟု သူပုန်များကပြောသည်။

**(ရိုက်တာ)**

# မိတ္ထီလာ-မြင်းခြံ ကားလမ်းမ ကံကောင်းတံတားအနီး ချောင်းအတွင်းမှ ယာယီရှောင်ကွင်းလမ်း မိုးရေတိုက်စား၍ပြိုကျပျက်စီး၊ ခရီးသည်တင်ယာဉ်များနှင့် ကုန်တင်ယာဉ်များ သွားလာရန်အခက်တွေ့

**မိတ္ထီလာ မေ ၂၀**

မိတ္ထီလာမြို့ ကံကောင်းကျေးရွာအနီး မိတ္ထီလာ-မြင်းခြံ ကားလမ်းမပေါ်ရှိ ကံကောင်းတံတားအနီး ချောင်းအတွင်းမှ ယာယီရှောင်ကွင်းလမ်းမှာ မေ ၂၀ ရက်က မိုးရေတိုက်စားမှုကြောင့် အကျယ် ၂၅ ပေခန့်၊ အမြင့်ငါးပေခန့် ပြိုကျပျက်စီးမှုကြောင့် ခရီးသည်တင်မော်တော်ယာဉ်များနှင့် ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းသွားလာရန် အခက်တွေ့လျက်ရှိပြီး အဆိုပါပျက်စီးသွားသည့် လမ်းပိုင်းအမြန်ဆုံးပြုပြင်ပြီးစီးအောင် သက်ဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကံကောင်း ချောင်းဖြတ်လမ်း ကံကောင်းတံတား အလျားပေ ၈၀၊ အကျယ် ၁၉ ပေရှိ သံကူကွန်ကရစ်တံတားသစ် တည်ဆောက်နေမှုကြောင့် ချောင်းအတွင်းမှ ယာယီရှောင်ကွင်းလမ်းပြုလုပ်ပေးထားရာ မေ ၁၉ ရက် ညပိုင်းမှ မေ ၂၀ ရက် နံနက်ပိုင်းအထိ မိုးအဆက်မပြတ်ရွာသွန်းသဖြင့် ယာယီရှောင်ကွင်းလမ်းမှာ မိုးရေတိုက်စား ပြိုကျပျက်စီးခဲ့ခြင်းဖြစ်သည်။

လမ်းပြိုကျပျက်စီးသည့်နေရာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေးပြီး ရှောင်ကွင်းလမ်းကို အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးနိုင်ရန် စီစဉ်လျက်ရှိသည်။

မိတ္ထီလာ-မြင်းခြံကားလမ်းမပေါ်မှ ဖြတ်သန်းသွားလာမည့် ခရီးသည်တင်မော်တော်ယာဉ်များနှင့် ကုန်တင်မော်တော်ယာဉ်များအား ကျောက်ပန်းတောင်း-မြင်းခြံ လမ်းဘက်မှလည်းကောင်း၊ မလှိုင်-နွားထိုးကြီး-ပြင်စည်လမ်းအပိုင်းမှလည်းကောင်း ရှောင်ကွင်းမောင်းနှင်နိုင်ရေးအတွက် သက်ဆိုင်သည့် မြို့နယ်လမ်းကြောင်းများအလိုက် ဆက်သွယ်သတင်းပို့ဆောင်ရွက်ပေးထားသည်။

ပျက်စီးပြိုကျသွားသည့် ကံကောင်းတံတားအနီး ရှောင်ကွင်းလမ်းတွင် မလိုလားအပ်သည့် ယာဉ်မတော်တဆမှုများနှင့် အများပြည်သူဘေးအန္တရာယ် မဖြစ်စေရေးအတွက် မိတ္ထီလာ အမှတ်(၉၆)ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက နေ့၊ ညထိန်းသိမ်းစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



# လျှပ်စစ်ဓာတ်ကြိုးပြတ်ကျသည့်နေရာမှ ဖြတ်သန်းမိသူ မိန်းကလေးငယ် မီးလောင်ဒဏ်ရာများရရှိ

**ကသာ မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မအူကုန်းအုပ်စု ပိန်းအင်းကျေးရွာ လယ်ကွင်းအတွင်း မေ ၁၉ ရက်က လျှပ်စစ်ဓာတ်ကြိုးပြတ်ကျနေရာမှ ဖြတ်သန်းမိ၍ မိန်းကလေးငယ်တစ်ဦး မီးလောင်ဒဏ်ရာများရရှိခဲ့ပြီး ဆေးရုံ၌ဆေးကုသခံနေရကြောင်း သိရသည်။

"လျှပ်စစ်ကြိုးပြတ်ကျနေတာက ပိန်းအင်း စာသင်ကျောင်းအနောက် လယ်ပြင်ထဲမှာ။ ကောင်မလေးက မုန့်လာဝယ်ရင်း ဓာတ်ကြိုးက ပြတ်ကျနေလို့ သူ့အရပ်နဲ့မလွတ်တော့ ငုံ့သွားတာ ဓာတ်ကြိုးက ဆွဲကပ်သလိုဖြစ်သွားတယ်ထင်တယ်။ ကျွဲကျောင်းနေတဲ့သူက လှမ်းမြင်တော့ ဝါးလုံးအခြောက်နဲ့ရိုက်ပြီး ကယ်လိုက်ရတယ်"ဟု ဒေသခံများက ပြောသည်။

ဒဏ်ရာရရှိသူ မနန္ဒာဦး (၁၄ နှစ်)အား ဒါနသုခ လူမှုကူညီရေး အသင်းက သွားရောက်သယ်ဆောင်ပြီး အင်းတော်ပြည်သူ့ဆေးရုံသို့ပို့ဆောင်ပေးခဲ့ကြောင်းနှင့် အင်းတော်မြို့နယ် မအူကုန်းအုပ်စု ပိန်းအင်းကျေးရွာ လယ်ကွင်းအတွင်းရှိ လျှပ်စစ်ဓာတ်တိုင်များမှာ သစ်သားတိုင်များ ဖြစ်ပြီး လျှပ်စစ်ကြိုးတင်သည့် တန်းမှာလည်း သစ်သားတန်းဖြစ်၍ ပိန်းအင်းကျေးရွာ ဒေသခံများက မိုးမကျမီ လယ်ကွင်းအတွင်းရှိ လျှပ်စစ်ဓာတ်တိုင်များကို အစားထိုး လဲလှယ်ပေးစေလိုကြောင်း ပြောကြားခဲ့သည်။

**ငွေအိုး(ကသာ)**

## နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မေ ၂၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၅ ခုနှစ်၊ မေလ ၂၀ ရက်နေ့တွင် **၈၈ မျိုးဆက် ဒီမိုကရေစီပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ငန်းတေးလမ်းမကြီး၊ အမှတ် (၁၃၃) တွင် ပါတီရုံးချုပ်တည်ရှိသော **၈၈ မျိုးဆက်ဒီမိုကရေစီပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၀-၅-၂၀၁၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**၈၈ မျိုးဆက်ဒီမိုကရေစီပါတီ၏ အလံပုံစံ**




**၈၈ မျိုးဆက်ဒီမိုကရေစီပါတီ၏ တံဆိပ်ပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**နိုင်ငံဘက်စုံတည်ဆောက်ရေး**
**မှန်မှန်ကန်ကန်အခွန်ပေး**

Jetstar's Summer Sale
Yangon ✈
Singapore (direct) USD 69
Penang (via Singapore) USD 101 Bangkok (via Singapore) USD 104
Fares are economy Starter fares with 7kg carry-on baggage only. Seats are subject to availability and may not be available on all flights or days. Sale ends 25 May 2015 (8:29pm), unless sold out prior. Sale may be extended. Conditions apply.
Please visit jetstar.com, your local agent or call +959 42111 6661, +959 42111 6662, +959 42111 6663 to book these fares.

jetstar.com
Jetstar
Fare quoted is inclusive of tax. Other conditions apply, including Jetstar's Conditions of Carriage. Jetstar Asia Airways Pte Ltd.

# လူမှောင်ခိုခြင်းနှင့် လူကုန်ကူးခြင်း

ခင်မောင်လှ

ယခုလတ်တလောတွင် ဘင်္ဂလားဒေ့ရှ်-မြန်မာ နယ်စပ်မှ လှေစီးဒုက္ခသည်များသည် ဘင်္ဂလားပင်လယ်အော်ကိုဖြတ်၍ တရားမဝင် ရွှေ့ပြောင်းသွားလာကြရာမှ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံ ကမ်းခြေများတွင် ဆိုက်ကပ်ရောက်ရှိပြီး ဒုက္ခရောက်လျက်ရှိကြောင်း သတင်းများတွင် ဖော်ပြပါရှိသည်ကို တွေ့ရှိနေရပေသည်။

ကမ္ဘာဦးမှစ၍ လူသားတို့သည် ရေကြည်ရာ မြက်နုရာရွှေ့ပြောင်းသွားလာနေထိုင် လုပ်ကိုင်စားသောက်ခဲ့ကြသည်။

**ခေတ်စနစ်များပြောင်းလဲခဲ့ရာမှ ရွှေ့ပြောင်းသွားလာလုပ်ကိုင်သူများအပေါ် အကျိုးအမြတ်ရယူလိုသူများ၊ ခေါင်းပုံဖြတ်လိုသူများ ပေါ်ပေါက်လာခဲ့သည်။ ယနေ့ခေတ်တွင် တရားမဝင်ရွှေ့ပြောင်းသွားလာ လုပ်ကိုင်စားသောက်ရာမှ လူမှောင်ခိုမှုနှင့် လူကုန်ကူးမှုများ ဖြစ်ပေါ်လာရသည်။ တရားမဝင်ရွှေ့ပြောင်းသွားလာခြင်း၏ နိဂုံးမှာ လူကုန်ကူးခံရခြင်းဟု ပြောစမှတ်ဖြစ်လာရသည်။**

တရားမဝင်ရွှေ့ပြောင်းသွားလာမှု၊ လူမှောင်ခိုမှုနှင့် လူကုန်ကူးမှုတို့မှာ ဆက်စပ်ဖြစ်ပွားလျက်ရှိသည်ကိုတွေ့ရသည်။ သို့သော်လည်း အဓိပ္ပာယ်မတူခြားနားမှုများရှိသည်။ အရေးယူသည့် ဥပဒေပုဒ်မများ မတူညီနိုင်သကဲ့သို့ ချမှတ်ရမည့်ပြစ်ဒဏ်များလည်း ကွဲပြားမှုရှိသည်ကို သတိပြုကြစေလိုသည်။

**တရားမဝင် ရွှေ့ပြောင်းသွားလာမှု**သည် လွတ်လပ်စွာသွားလာနိုင်သည်။ လွတ်လပ်စွာ လုပ်ကိုင်နိုင်သည်။ ရသင့်ရထိုက်သည့် လုပ်ခနှင့် အခွင့်အရေးများရရှိသည်။ မလုပ်လိုက မလုပ်ဘဲနေနိုင်သည်။ အလုပ်ရရှိရေး၊ နေထိုင်သွားလာရေးတို့အတွက် ငွေကြေးတစ်စုံတစ်ရာ ပေးဆောင်ရခြင်းမရှိ။ လူမှောင်ခိုမှု၊ လူကုန်ကူးမှုဥပဒေတို့အရ အရေးယူ၍မရပါ။ သက်ဆိုင်ရာနိုင်ငံတို့၏ လူဝင်မှုကြီးကြပ်ရေးဥပဒေအရသာ သက်ဆိုင်ရာနိုင်ငံအတွင်းသို့ တရားမဝင်သွားလာမှုအတွက် အရေးယူအပြစ်ပေးခြင်း ခံရနိုင်သည်။

**လူမှောင်ခိုခြင်း** ဆိုသည်မှာ နိုင်ငံသား (သို့) အမြဲနေထိုင်သူ မဟုတ်သော လူတစ်ဦးသည် စာချုပ်ဝင်နိုင်ငံတစ်ခုအတွင်းသို့ ငွေကြေးတစ်စုံတစ်ရာ (သို့) ရုပ်ဝတ္ထု အကျိုးအမြတ်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ရရှိခံစားရန်အလို့ငှာ တရားမဝင် ဝင်ရောက်နိုင်အောင် စီစဉ်ဆောင်ရွက်ခြင်းကို ခေါ်သည်။ လူမှောင်ခိုမှုမြောက်ရန် အင်္ဂါ (၃) ရပ်နှင့် ညီညွတ်ရသည်။ **နယ်စပ်ကို ဖြတ်ရမည်** (Cross Border)၊ **တရားမဝင်ဖြတ်ကျော်ခြင်း** (Illegal) ဖြစ်ရမည်။ **အကျိုးအမြတ်** (Profit) တစ်ခုခုရယူရမည်။ ယင်းအင်္ဂါ (၃) ရပ်နှင့် ကိုက်ညီပါက တည်ဆဲဥပဒေ (ပြစ်မှုဆိုင်ရာဥပဒေ) အရ အရေးယူခြင်းခံရမည်ဖြစ်သည်။ (ပြစ်ဒဏ်မှာ ထောင်ဒဏ် ၁၀ နှစ်အထိ ချမှတ်ခံရမည်ဖြစ်သည်။)

**လူကုန်ကူးခြင်း** ဆိုသည်မှာ ခြိမ်းခြောက်ခြင်း (သို့) အင်အားအသုံးပြုခြင်း (သို့) အခြားပုံစံဖြင့် အနိုင်အထက်ပြုခြင်း၊ တရားမဝင် (သို့) ဖြားယောင်း၍ ခေါ်ဆောင်ခြင်း၊ လိမ်လည်လှည့်စားခြင်း၊ အာဏာကို အလွဲသုံးခြင်း၊ ရပ်တည်ရန် ခက်ခဲစေခြင်း၊ လူတစ်ဦး၏ သဘောတူညီမှုရရှိရန် အခြားတစ်ဦးမှ ထိန်းချုပ်၍ ငွေကြေး (သို့မဟုတ်) အကျိုးအမြတ်ရရှိခြင်း (သို့) ပေးခြင်း၊ ခေါင်းပုံဖြတ်ခြင်းအားဖြင့် လူတစ်ဦးဦးအား စုဆောင်းခြင်း၊ ပို့ဆောင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ ခိုလှုံခွင့်ပေးခြင်း (သို့) လက်သင့်ခံခြင်းတို့ကို ပြုလုပ်ခြင်းကိုခေါ်သည်။

**ခေါင်းပုံဖြတ်ခြင်း**ဟု ဆိုရာတွင် အနည်းဆုံး ပြည့်တန်ဆာအဖြစ် စေခိုင်းခြင်း၊ အခြားပုံစံဖြင့် လိင်မှုကိစ္စခေါင်းပုံဖြတ်ခြင်း၊ အဓမ္မစေခိုင်းခြင်း၊ ကျွန်ပြုခြင်း (သို့) ကျွန်သဖွယ်ပြုခြင်း၊ ကိုယ်အင်္ဂါအစိတ်အပိုင်းများ ခွဲထုတ်စေခြင်းများ ပါဝင်သည်။

လူကုန်ကူးမှုမြောက်ရန်အတွက်လည်း အင်္ဂါ (၃) ရပ်နှင့် ပြည့်စုံရန် လိုအပ်သည်။ **လုပ်ဆောင်မှု** (Action)၊ **နည်းလမ်း** (By Means)၊ **ရည်ရွယ်ချက်** (Purpose) တို့ ဖြစ်သည်။ ရည်ရွယ်ချက်မှာ **ခေါင်းပုံဖြတ်** (Exploitation) ရန် ဖြစ်သည်။

လူကုန်ကူးမှု၏ အထက်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အင်္ဂါ (၃) ရပ်ဖြင့် ခွဲခြမ်းစိတ်ဖြာကြည့်ပါက အောက်ပါအတိုင်း တွေ့ရမည်ဖြစ်သည်-

(က) **လုပ်ဆောင်မှု (Action)**။ သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ခိုလှုံခွင့်ပေးခြင်း (သို့မဟုတ်) လက်ခံခြင်းကိုဆိုသည်။

(ခ) **နည်းလမ်း (By Means)**။ အင်အားဖြင့် ခြိမ်းခြောက်ခြင်း (သို့မဟုတ်) အင်အားသုံးခြင်း၊ သို့မဟုတ် အခြားနည်းဖြင့် အနိုင်အထက် ပြုခြင်း၊ သွေးဆောင်ခေါ်ယူခြင်း၊ လိမ်လည်ခြင်း၊ လှည့်ဖြားခြင်း၊ အခွင့်အာဏာ(သို့မဟုတ်) ဘဝရပ်တည်ရန် ခက်ခဲနေသောအခြေအနေကို အလွဲသုံးစားပြုခြင်း၊ တစ်ဦးတစ်ယောက်အပေါ် ချုပ်ကိုင်နိုင်သောသူ၏ သဘောတူညီချက်ရရှိရန် ငွေကြေး(သို့မဟုတ်) အကျိုးအမြတ်ကိုပေးခြင်း (သို့မဟုတ်) လက်ခံရယူခြင်းကို ဆိုသည်။

(ဂ) **ခေါင်းပုံဖြတ်ခြင်း (Exploitation)**။ ပြည့်တန်ဆာပြုခြင်း၊ လိင်မှုဆိုင်ရာ ခေါင်းပုံဖြတ်ခြင်း၊ အဓမ္မအလုပ်ခိုင်းစေခြင်း၊ အဓမ္မဝန်ဆောင်မှုများပေးစေခြင်း၊ ကျွန်ပြုခြင်း၊ ကျေးကျွန်ကဲ့သို့ခိုင်းစေခြင်း၊ ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်း၊ ကိုယ်အင်္ဂါအစိတ်အပိုင်းများအား ထုတ်ယူဖယ်ရှားခြင်းများ ပါဝင်သည်။

**အကြောင်းအမျိုးမျိုးကြောင့် ပြည်ပသို့ တရားဝင်သွားကြသူများ/တရားမဝင် သွားကြသူများသည် ခေါင်းပုံဖြတ်ခံရခြင်းမရှိပါက လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေဖြင့် အမှုဖွင့်အရေးယူ၍ မရနိုင်**

လူကုန်ကူးမှုဖြင့် အရေးယူမည်ဆိုပါက အထက်ပါ အင်္ဂါရပ် (၃) ရပ်နှင့် ပြည့်စုံရန် လိုအပ်သည်။ ယင်းအင်္ဂါ (၃) ရပ်နှင့် ပြည့်စုံပါက လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေအရ အရေးယူရမည် ဖြစ်သည်။ အထူးသဖြင့် **ခေါင်းပုံဖြတ်ခံရခြင်း** မရှိပါက လူကုန်ကူးမှုဖြင့် အရေးယူ၍ မရနိုင်ပါ။ လူကုန်ကူးမှုကျူးလွန်သူအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ ကလေးသူငယ်နှင့် အမျိုးသမီးများအပေါ် ကျူးလွန်ပါက အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက် **(သေသည်အထိ ထောင်ထဲတွင်နေရမည်)** ချမှတ်နိုင်ပြီး အခြားသူများအပေါ် ကျူးလွန်ပါက ထောင်ဒဏ် ၅ နှစ်မှ ထောင်ဒဏ် ၁၀ နှစ်အထိ ချမှတ်နိုင်မည်ဖြစ်သည်။

လူကုန်ကူးမှုကျူးလွန်စဉ် အခြားကြီးလေးသော ပြစ်မှု (တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ် လေးနှစ်နှင့်အထက် ပြစ်ဒဏ်ထိုက်သည့်ပြစ်မှု) တစ်ခုခုကို ကျူးလွန်လျှင် **သေဒဏ်**အထိ ချမှတ်နိုင်ကြောင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၉ တွင် ဖော်ပြထားသည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ၏ ထူးခြားချက်မှာ ပြစ်ဒဏ်၏ ရှေ့တွင် **အနည်းဆုံး** (Minimum) ဟု ဖော်ပြထား၍ အခြားပြစ်မှုများနှင့် ကွဲပြားမှုကို တွေ့ရှိသတိပြုရမည်ဖြစ်သည်။

လူကုန်ကူးမှုနှင့် လူမှောင်ခိုမှုတို့၏ အဓိပ္ပာယ်သတ်မှတ်ချက်များမှာ **ကုလသမဂ္ဂ နိုင်ငံဖြတ်ကျော်** မှုခင်းများတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း၏ နောက်ဆက်တွဲစာချုပ်များဖြစ်သော **အမျိုးသမီးများနှင့် ကလေးသူငယ်များအား အထူးပြုသည့် လူကုန်ကူးမှုနှိမ်နင်းခြင်းနှင့် ပြစ်ဒဏ်ပေးခြင်းဆိုင်ရာ စာချုပ်**နှင့် **ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းအသုံးပြုပြီး ရွှေ့ပြောင်းနေထိုင်သူများအား မှောင်ခို ပို့ဆောင်ခြင်း ကျူးလွန်သည့် နိုင်ငံဖြတ်ကျော် အုပ်စုဖွဲ့မှုခင်းအား တိုက်ဖျက်ရေးစာချုပ်**တို့ကို အခြေခံ၍ အဓိပ္ပာယ်ဖွင့်ဆိုထားခြင်း ဖြစ်သည်ကို တွေ့ရသည်။

သို့ဖြစ်၍ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပသို့ တရားဝင်သွားကြသူများ/ တရားမဝင်သွားကြသူများသည် **ခေါင်းပုံဖြတ်ခံရခြင်းမရှိပါက** လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူ၍ မရနိုင်ပါ။

ပြည်ပသို့ တရားမဝင်သွားရောက်၍ အလုပ်အကိုင်အဆင်မပြေခြင်း၊ ဒုက္ခရောက်နေခြင်းတို့ကြောင့် ပြန်လာခဲ့ရသည့်အတွက် ပို့ဆောင်ပေးသူကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ အမှုဖွင့်အရေးယူ၍ မရနိုင်သည်ကို သတိပြုကြစေလိုသည်။ (တည်ဆဲဥပဒေတစ်ခုခုအရ အရေးယူနိုင်ပါသည်။)

ပြည်ပသို့ တရားမဝင်သွားရောက်၍ အလုပ်လုပ်ကိုင်ကြသဖြင့် လူကုန်ကူးခြင်းခံနေကြရပြီး လုပ်ခလစာမရရှိမှု၊ လုပ်ခလစာအပြည့်အဝမရရှိဘဲ အနည်းငယ်သာရရှိမှု၊ မတရားချုပ်နှောင်ခံရမှု၊ ညှဉ်းပန်းနှိပ်စက်ခံရမှုများအပြင် အသက်အန္တရာယ်ပါ ရင်ဆိုင်ကြုံတွေ့နေရမှုများ ဖြစ်ပေါ်နေသည်ကို တွေ့ရှိနေကြရပေသည်။

ထိုသို့မဖြစ်ပေါ်စေရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ရေးဆွဲ၍ လူကုန်ကူးသူများအား အရေးယူခြင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော **လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့** ဖွဲ့စည်း၍ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ငါးနှစ် စီမံကိန်းများရေးဆွဲပြီး နှစ်အလိုက် လုပ်ငန်းစီမံချက်များ ချမှတ်ကာ မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ကြိုတင်ကာကွယ်ရေး၊ တရားစွဲဆိုရေး၊ လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးနှင့် စွမ်းရည်မြှင့်တင်ရေးစသည့် ကဏ္ဍကြီးငါးရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်မှာ ပထမငါးနှစ် (၂၀၀၇-၂၀၁၁) စီမံကိန်းပြီးဆုံး၍ ဒုတိယငါးနှစ်စီမံကိန်း (၂၀၁၂-၂၀၁၆) ၏ စတုတ္ထနှစ်သို့ ရောက်ရှိနေပြီဖြစ်သည်။

တရားမဝင်ရွှေ့ပြောင်းသွားလာမှုများကြောင့် လူမှောင်ခိုခြင်း၊ လူကုန်ကူးခြင်းများ ခံနေကြရသဖြင့် တရားဝင်သွားရောက် အလုပ်လုပ်ခွင့် ရရှိစေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးဆောင်သော **ပြည်ပတွင် အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီ** ဖွဲ့စည်း၍ ပြည်ပတွင် ရောက်ရှိနေသော မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ အထောက်အထားများရရှိရေး၊ လုပ်အားခများ အပြည့်အဝရရှိရေး၊ အကာအကွယ်ပေးရေးလုပ်ငန်းစဉ်များကို တစိုက်မတ်မတ် ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရပေမည်။ တရားမဝင်သွားလာမှု ပပျောက်စေရေးအတွက် **ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီများ**အား တရားဝင်အလုပ်သမား ပို့ဆောင်ခွင့်လိုင်စင်များ ထုတ်ပေးပြီး ကုမ္ပဏီများမှတစ်ဆင့် တရားဝင် အလုပ်လုပ်ခွင့်ရရှိရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရပေမည်။

**သို့ဖြစ်၍ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ကြလိုသူများအနေဖြင့် ငွေကြေးရရှိလိုမှု တစ်ခုတည်းကိုသာ မကြည့်ကြဘဲ တရားဝင်သွားရောက်ကြရန်၊ မသွားရောက်မီ မိမိလုပ်ရမည့်အလုပ်၊ လုပ်ရမည့်နေရာ၊ လုပ်ခလစာ၊ အလုပ်ချိန်၊ အချိန်ပိုလုပ်ခလစာ၊ သွားရောက်ရမည့်ခရီးလမ်း၊ သွားရောက်မည့်ဒေသ၏ ရိုးရာဓလေ့နှင့် ဘာသာစကား၊ အရေးကြုံပါက ဆက်သွယ်ရမည့်ဖုန်း၊ လိပ်စာတို့ကို မှတ်သားခြင်းစသည်တို့ကို ကြိုတင်လေ့လာ မှတ်သားသွားကြရန် လိုအပ်မည်ဖြစ်သည်။ ထိုသို့ မလေ့လာဘဲ ပြည်ပသို့ ထွက်ခွာသွားပါက လူပွဲစား၊ လူကုန်ကူးသူတို့၏ကျော့ကွင်းသို့ သက်ဆင်းသွားနိုင်သည်ကို သတိပြုကြစေလိုသည်။**

**“သတိတစ်ချက် ဘဝတစ်သက်”** ဆိုသကဲ့သို့ အသိရှိသော်လည်း သတိတစ်ချက်လွတ်လိုက်၍ လူကုန်ကူးခံလိုက်ရသည့် ဖြစ်စဉ်များလည်း ရှိနေသဖြင့် အသိနှင့်သတိကိုယှဉ်တွဲ၍ အလေးထား ဆောင်ရွက်သင့်ပေသည်။ အချုပ်ဆိုရလျှင် တရားမဝင်ရွှေ့ပြောင်းသွားလာခြင်း၊ လူမှောင်ခိုခြင်းနှင့် လူကုန်ကူးခြင်းတို့မှာ ဆက်စပ်ဖြစ်ပွားသည့် သဘောရှိသည်မှအပ အဓိပ္ပာယ်ကွာဟမှုရှိသည်ကို သတိပြုကြစေလိုသည်။

တရားမဝင် ရွှေ့ပြောင်းသွားလာသူထံမှ အကျိုးအမြတ် တစ်စုံတစ်ရာ ရယူ၍ ပြည်ပသို့ ပို့ဆောင်ပေးခြင်းသည် **လူမှောင်ခိုမှု**သာ မြောက်မည်ဖြစ်ပါသည်။ ပြည့်တန်ဆာအဖြစ် စေခိုင်းခြင်း၊ အခြားပုံစံဖြင့် လိင်မှုကိစ္စ ခေါင်းပုံဖြတ်ခြင်း၊ အဓမ္မစေခိုင်းခြင်း၊ ကျွန်ပြုခြင်း (သို့) ကျွန်သဖွယ်ပြုခြင်း၊ ကိုယ်အင်္ဂါ အစိတ်အပိုင်းများ ခွဲထုတ်စေခြင်း စသည့် **ခေါင်းပုံဖြတ်မှု** တစ်ခုခု ကျူးလွန်ခံရခြင်း မရှိပါက **လူကုန်ကူးမှုဖြင့် အရေးယူ၍**မရသည်ကို ပြည်တွင်း/ ပြည်ပနှင့် ကမ္ဘာ့ကုလသမဂ္ဂတို့၏ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ အကိုးအကားပြု တင်ပြလိုက်ရပါသည်။ ။

## ခရိုင်အခြေပြုမူလတန်းဆရာအတတ်ပညာ(အထူး)သင်တန်းအား ကြည့်ရှုအားပေး



**လယ်ဝေး မေ ၂၀**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၁၄-၂၀၁၅ ခုနှစ် ခရိုင်အခြေပြု မူလတန်းဆရာအတတ်ပညာ(အထူး) သင်တန်းကို ဧပြီ ၂၇ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ မေ ၁၈ ရက် ညနေ ၃ နာရီက နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေလာရောက်၍ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ပညာရေးဝန်ကြီးဌာန၏ရည်မှန်းချက်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ယခုဖွင့်လှစ်သည့်ခရိုင်အခြေပြုမူလတန်းဆရာအတတ်ပညာ(အထူး) သင်တန်းသို့ ဒက္ခိဏခရိုင်အတွင်းရှိ ဒက္ခိဏသီရိ၊ ဇမ္ဗူသီရိ၊ ပျဉ်းမနား၊ လယ်ဝေးစသည့် မြို့နယ်လေးမြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် နေ့စား၊ လပေး ၊ မူလတန်းပြဆရာ ဆရာမများအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ ဆရာမ ၂၇၉ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဇွန် ၂ ရက်အထိ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# နိုင်ငံတော် ဓာတ်အားလိုအပ်ချက် နှစ်စဉ် ၁၃ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းသို့ တိုးတက်နေ ကျေးလက်ဒေသများသို့ တိုးချဲ့ဓာတ်အားပေးနိုင်ရေးအတွက် လိုအပ်လျက်ရှိ

**နေပြည်တော် မေ ၂၀**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၉)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပရာ ကန့်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို၏ **“အလုပ်လက်မဲ့ မြန်မာသင်္ဘောသား အလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်းတိုးတက်စေရန် မြန်မာပင်လယ်ကူးသင်္ဘောသား အလုပ်သမားအဖွဲ့ချုပ် (MSF)အနေဖြင့် ထိုင်ဝမ် အလုပ်သမားအဖွဲ့ချုပ်နှင့် တရားဝင် ဆက်သွယ်စာချုပ်ချုပ်ဆို ဆောင်ရွက်ခွင့် ရှိ/ မရှိ ”** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထင်အောင်က အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိရေးအတွက် သွားလာရန်ခက်ခဲပြီး ရုံးဖွင့်လှစ်နိုင်ခြင်းမရှိသည့် ဒေသများသို့ Mobile Team ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးအတွက် အလုပ်အကိုင်အခွင့်အလမ်း ပြပွဲ Job Fair များ ပြုလုပ်ဆောင်ရွက်ပေးခြင်းနှင့် ပြည်တွင်းပြည်ပ အလုပ်အကိုင် ရှာဖွေရေးလုပ်ငန်း ဆောင်ရွက်လိုသည့် ကုမ္ပဏီများအား ပြည်တွင်း ပြည်ပ အလုပ်အကိုင် ရှာဖွေရေး အကျိုးဆောင်လိုင်စင်



ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြေကြားစဉ်။ (သတင်းစဉ်)

များ ထုတ်ပေးလျက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထိုင်ဝမ်ကုမ္ပဏီများ၏ သင်္ဘောများတွင် တာဝန်ထမ်းဆောင်မည့် မြန်မာပင်လယ်ကူး သင်္ဘောသားများကိစ္စကို ထိုင်ဝမ်အလုပ်သမားအဖွဲ့ချုပ်နှင့် ဆက်သွယ်ဆောင်ရွက်သွားရန် လိုအပ်ပြီး အခြားမြန်မာပင်လယ်ကူး သင်္ဘောသားအဖွဲ့အစည်းများသည်လည်း မြန်မာပင်လယ်ကူး သင်္ဘောသားများအဖွဲ့ချုပ် (MSF)ကဲ့သို့ပင် တရားဝင်ဆက်သွယ်စာချုပ်ချုပ်ဆို၍ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မည်သည့် မြန်မာပင်လယ်ကူး သင်္ဘောသားများမဆို ထိုင်ဝမ်ကုမ္ပဏီရှိ သင်္ဘောများတွင် တာဝန်ထမ်းဆောင်ခြင်း ကိစ္စများကို အဆင်ပြေစွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် ကျွန်းစုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်တင်တင်ရီ၏ **“တနင်္သာရီတိုင်းဒေသကြီးအတွင်း ပြည်သူအများစုက နိုင်ငံတော်သမ္မတကြီးထံ လက်မှတ်ရေးထိုး ကန့်ကွက်နေကြသည့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများကို ဖျက်သိမ်းပေးနိုင်ခြင်း ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်းအား ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက လက်ရှိနိုင်ငံတော် ဓာတ်အားစနစ်တွင် ဓာတ်အားပေးစက်ရုံ စုစုပေါင်း ၄၃ ရုံမှ တပ်ဆင်စက်အင်အား ၄၉၈၇ မဂ္ဂါဝပ်ရှိနေပြီး အရင်းအမြစ်ပါဝင်မှု အချိုးအစားအနေဖြင့် ရေအားလျှပ်စစ် ၆၉ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့ ၂၉ ရာခိုင်နှုန်း၊ ကျောက်မီးသွေး ၂ ရာခိုင်နှုန်းတို့ ပေါင်းစပ် ပါဝင်လျက်ရှိပါကြောင်း၊ လက်ရှိတစ်နိုင်ငံလုံး အိမ်ထောင်စုဦးရေ၏ ၃၀ ရာခိုင်နှုန်းသာ လျှပ်စစ်မီးရရှိနေပြီး ကျန် ၇၀ ရာခိုင်နှုန်းမှာ



ကျွန်းစုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီ မေးမြန်းစဉ်။ (သတင်းစဉ်)

လျှပ်စစ်မီးသုံးစွဲခွင့်ရရှိရန် စောင့်ဆိုင်းတောင်းခံလျက်ရှိနေပါသဖြင့် ဓာတ်အားတိုးချဲ့ထုတ်လုပ်ပေးရန် လိုအပ်နေပါကြောင်း၊ နိုင်ငံတော်ဓာတ်အားစနစ်တွင်လည်း ဓာတ်အားသုံးစွဲမှု ၂၄၀၀ မဂ္ဂါဝပ်ခန့် ရှိနေပြီဖြစ်ပြီး မကြာမီ ၂၅၀၀ မဂ္ဂါဝပ်ခန့် လိုအပ်လာမည်ဖြစ်ပါကြောင်း၊ ဓာတ်အားလိုအပ်ချက်သည် နှစ်စဉ် ၁၃ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းသို့တိုင် တိုးတက်နေပြီး ကျေးလက်ဒေသများသို့ တိုးချဲ့ဓာတ်အား ပေးနိုင်ရေးအတွက်လည်း ထပ်မံလိုအပ်လျက် ရှိနေပါကြောင်း။

ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံများမှရရှိလာမည့် နှစ်စဉ် အသားတင် အကျိုးအမြတ်မှ အနည်းဆုံး ၂ ရာခိုင်နှုန်းကို လူမှုစီးပွားဘဝရန်ပုံငွေအဖြစ် ထူထောင်စေကာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ဒေသခံများ၏ လူမှုစီးပွားဘဝ တိုးတက်စေရေးတို့အတွက် ထိုရန်ပုံငွေမှ ထုတ်နုတ်သုံးစွဲစေမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ၂၀၃၀-၃၁ ခုနှစ်တွင် တစ်နိုင်ငံလုံး ကျေးလက်ဒေသအထိပါ ဓာတ်အားရရှိနိုင်ရေးအတွက် လိုအပ်သည့် ၂၃၅၉၄ မဂ္ဂါဝပ်ရှိသော တပ်ဆင်စက်အားကို တည်ဆောက်၍ တည်ငြိမ်သော ဓာတ်အား၊ မှန်ကန်သောအရင်းအမြစ်အချိုးအစားဖြင့် ဓာတ်အားတိုးတက်ထုတ်လုပ်ရန် လိုအပ်လျက်ရှိရာ သဘာဝဓာတ်ငွေ့သုံး စီမံကိန်းများ၊ လေအား၊ နေအားစီမံကိန်းများ၊ ရေအားလျှပ်စစ် စီမံကိန်းများကို ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများကိုလည်း ဖျက်သိမ်းရန် မသင့်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ယင်းနောက် မာန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်၏ **“ရခိုင်ပြည်နယ် ၁၇ မြို့နယ်တွင် မာန်အောင်မြို့တစ်ခုသာ မဟာဓာတ်အားလိုင်းမှ ၂၄ နာရီ မီးမရဘဲ (KV 550) ဓာတ်အားဖြင့် မြို့တွင်းရပ်ကွက် ငါးခုကို တစ်နေ့လျှင် ခြောက်နာရီခန့်သာ ရရှိပါသဖြင့် ၂၄ နာရီ မီးရရှိရေး မည်သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာပေါင်း ၅၀ ခန့်ကို လျှပ်စစ်မီးရရှိနိုင်စေရန် ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်းအား ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက မာန်အောင်ကျွန်းသည် သီးသန့်တည်ရှိသောကျွန်းဖြစ်ပြီး အနီးဆုံးနေရာဖြစ်သည့် ရမ်းဗြဲမြို့နယ် အောင်လုပြင်မှ ရေမိုင်အကွာအဝေး ငါးမိုင်ခန့်ရှိသည့်အတွက် ဓာတ်အားလိုင်း တည်ဆောက်ရန် ခက်ခဲမှုရှိပါ၍ လက်ရှိအချိန်တွင် ဒီဇယ်ဓာတ်အားပေးစက်ဖြင့်သာ ဓာတ်အားပေးနေရပါကြောင်း ။

မာန်အောင်ကျွန်းပေါ်တွင် အသေးစားဓာတ်အားစနစ် အသုံးပြု၍ ၂၄ နာရီ မီးပေးနိုင်ရေး ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိပါကြောင်း၊ ကနဦးစစ်ဆေးချက်များအရ မာန်အောင်မြို့အနီးတွင် ဇီဝဒြပ်ထု/ ဇီဝဓာတ်ငွေ့ ဓာတ်အားပေးစက်နှင့် လေအားလျှပ်စစ်တို့ကို တစ်လှည့်စီ အသုံးပြုမည့်စနစ်ဖြင့် ဓာတ်အားထုတ်လုပ်ပြီး ကျွန်းပေါ်ရှိမြို့နှင့် ကျေးရွာများအားလုံးသို့ ၃၃ ကေဗွီ ဓာတ်အားစနစ်ဖြင့် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရန် ကနဦးလေ့လာမှုများကို ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဖြစ်မြောက်နိုင်စွမ်းပေါ်မူတည်၍ နိုင်ငံတော်မှ ရန်ပုံငွေ ခွဲဝေရရှိမှု၊ အတိုးနှုန်းသက်သာသော ပြည်တွင်း/ပြည်ပ ချေးငွေရရှိမှုအပေါ် မူတည်၍ ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး နှစ်အလိုက် အစီအစဉ်များချမှတ်၍ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားသည်။

(သတင်းစဉ်)

## လမ်းပြကြယ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**
**ကြေညာချက်အမှတ် (၁၂/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၃ ရက်**
**(၂၀၁၅ ခုနှစ်၊ မေလ ၂၀ ရက်)**

**လမ်းပြကြယ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ အလင်းရောင် (၁)ရပ်ကွက်၊ (၆)လမ်း၊ အမှတ် (၁၅၃၆)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **လမ်းပြကြယ်ပါတီ**အား ၂၀၁၅ ခုနှစ်၊ မေလ ၂၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**လမ်းပြကြယ်ပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၈၃)ဖြစ်ပါသည်။**

**အမိန့်အရ**
**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်း ရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**
**ကြေညာချက်အမှတ် (၁၃/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၃ ရက်**
**(၂၀၁၅ခုနှစ်၊ မေလ ၂၀ ရက်)**

**ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်း ရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ ၄၀×၄၁နှင့် ၆၇×၆၈ လမ်းကြား၊ ကံ့ကော်လမ်း၊ အမှတ်(ခ-၁/၇၀-ခ)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ရှမ်းနီ(တိုင်းလိုင်)နှင့်မြောက်ပိုင်း ရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီ**အား ၂၀၁၅ ခုနှစ်၊ မေလ ၂၀ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်း ရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၈၄) ဖြစ်ပါသည်။**

**အမိန့်အရ**
**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ဝမ်းပျက်ဝမ်းလျှောမဖြစ်ပွားရေးအတွက် စားသောက်ကုန်ထုတ်လုပ်သည့်အလုပ်ရုံများ ကွင်းဆင်းစစ်ဆေး

**သာစည် မေ ၂၀**

သာစည်မြို့နယ်အတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါများ ဆက်လက်မဖြစ်ပွားရေး ကာကွယ်တားဆီးရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအောင်ကျော်မိုး၊ မန္တလေးတိုင်းဒေသကြီး ပလိပ်အထူးရောဂါသီးသန့်အဖွဲ့ခေါင်းဆောင် ဒေါက်တာဉာဏ်လင်းကျော်၊ တိုင်းဒေသကြီး အထူးရောဂါနှိမ်နင်းရေးအဖွဲ့မှ ဦးကျော်သူဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဦးကျော်ဌေးနှင့် မြို့နယ်အစားအသောက်နှင့်ဆေးဝါးကြီးကြပ်မှုကော်မတီဝင်များသည် မေ ၁၉ ရက် နံနက်က မြို့ပေါ်ရှိ ရေခဲစက်များနှင့် မုန့်ဖုတ်ဖိုများသို့ သွားရောက်၍ စစ်ဆေးကြပြီး အသုံးပြုသည့်ရေများ သန့်ရှင်းမှုရှိစေရေးနှင့် ထုတ်လုပ်မှုမပြုမီ ဆပ်ပြာဖြင့် လက်ကိုစင်ကြယ်အောင် ဆေးကြော၍ ထုပ်ပိုးပြုလုပ်ကြရန် ပညာပေး ဆွေးနွေးခဲ့ကြသည်။

ထို့နောက် စစ်ဆေးရေးအဖွဲ့သည် အလုပ်ရုံများအတွင်း ထုတ်လုပ်လုပ်ကိုင်နေမှုများကို စစ်ဆေးခဲ့ကြကြောင်း သိရသည်။

**မောင်ကို(သာစည်)**

# အာရှယူ-၂၃ ဘော်လီဘောပြိုင်ပွဲ အီရန်ဗိုလ်စွဲ

**နေပြည်တော် မေ ၂၀**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ပထမအကြိမ် အာရှ ယူ-၂၃ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် အခြားအသင်းနေရာလုပွဲများကို ယနေ့နံနက်ပိုင်းက စတင်ကျင်းပရာ အီရန်အသင်းဗိုလ်စွဲပြီး မြန်မာအသင်းသည် အဆင့်ငါးနေရာ ရရှိခဲ့သည်။

မြန်မာက ဂျပန်ကို ၂၃-၂၅ မှတ်၊ ၂၅-၂၂ မှတ်၊ ၂၅-၁၇ မှတ်၊ ၁၉-၂၅ မှတ်၊ ၁၅-၁၃ မှတ်တို့ဖြင့် အနိုင်ရခဲ့သည်။ ဗိုလ်လုပွဲတွင်အီရန်က တောင်ကိုရီးယားကို ၂၅-၁၆ မှတ်၊ ၂၅-၂၁ မှတ်၊ ၂၅-၂၁ မှတ်တို့ဖြင့် အနိုင်ရရှိခဲ့သည်။

တတိယနေရာ လုပွဲတွင် တရုတ်(တိုင်ပေ)က တရုတ်ကို သုံးပွဲ-တစ်ပွဲ၊ အဆင့်(၇)နေရာလုပွဲတွင် ထိုင်းက အိန္ဒိယကို သုံးပွဲ-နှစ်ပွဲ၊ အဆင့်(၉)နေရာလုပွဲတွင် အင်ဒိုနီးရှားက သြစတြေးလျကို သုံးပွဲ-တစ်ပွဲ၊ အဆင့်(၁၁)နေရာလုပွဲတွင် ကာတာက ဆော်ဒီကို သုံးပွဲပြတ်၊ အဆင့်(၁၃)နေရာလုပွဲတွင် ကာဇက်စတန်က ဖိလစ်ပိုင်ကို သုံးပွဲ-တစ်ပွဲ၊ အဆင့်(၁၅)နေရာလုပွဲတွင် ဗီယက်နမ်က မော်လ်ဒိုက်ကို သုံးပွဲ-တစ်ပွဲတို့ဖြင့် အနိုင်ရရှိခဲ့သည်။

**ရဲရင့်ရှိုင်း**

# မြန်မာနိုင်ငံ ဆန်စပါးသီးနှံ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာအစီအမံအား စတင်ဖွင့်လှစ်

နေပြည်တော် မေ ၂၀

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန(IRRI)မှ ရွှေစပါးနှံဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားနှင့် မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာအစီအမံ စတင်ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ခင်းကျင်းပြသထားသည်များကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

အဆိုပါအခမ်းအနားသို့ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အေဂျင်စီများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှတာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ဆန်စပါး သုတေသနဌာန(IRRI)မှ ညွှန်ကြားရေးမှူးချုပ်နှင့် ပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်သမ္မတ၏ ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရောဘတ်ဇီဂလာက မြန်မာနိုင်ငံဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်သမ္မတ၏ ဦးဆောင်လမ်းညွှန်မှုအပေါ် ဂုဏ်ပြုစကားပြောကြားပြီး နိုင်ငံတော်သမ္မတအား ရွှေစပါးနှံဂုဏ်ပြုဆုအား ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန မြန်မာနိုင်ငံဌာနေကိုယ်စားလှယ်တို့အား အမှတ်တရ လက်ဆောင်များ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ ကမ္ဘာပေါ်တွင် ကမ္ဘာသူ၊ ကမ္ဘာသားအားလုံးတို့အတွက် နေ့စဉ်မရှိမဖြစ် အခြေခံလိုအပ်ချက်ဖြစ်သော စားရေရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေးတာဝန်သည် မိမိတို့အားလုံးအပေါ်တွင် ကျရောက်နေသည့် အဓိကတာဝန်ကြီးတစ်ရပ်ဖြစ်ပါကြောင်း၊ မိမိတို့ကမ္ဘာကြီးကို ထာဝရတည်တံ့ခိုင်မြဲပြီး ပိုမိုသာယာလှပစေရေးအတွက် အစားအစာနှင့် အာဟာရသည် မရှိမဖြစ်လိုအပ်ချက်ဖြစ်ပါကြောင်း။

နိုင်ငံတိုင်း၊ အစိုးရတိုင်းသည် ပြည်သူများ၏ စားရေရိက္ခာ ဖူလုံရေးနှင့် အာဟာရပြည့်ဝရေးကို အဓိကတာဝန်အနေဖြင့် ထမ်းဆောင်နေကြသည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း၊ ယနေ့ စားနပ်ရိက္ခာဖူလုံမှု၏ အဓိကအခြေခံလိုအပ်ချက်ဖြစ်သည့် ဆန်စပါးသီးနှံ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် စပ်မျိုးစပါးနည်းပညာ (Hybrid Technology) ပေါ်ထွန်းလာခြင်းနှင့် ပိုမိုကျယ်ပြန့်လာပြီး ဆန်အရည်အသွေး၊ အရောင်နှင့် အနံ့အရသာ ပြည့်စုံအောင်လိုအပ်သည့် ဗီတာမင်နှင့် အာဟာရဓာတ်များ သုတေသနပြု ထည့်သွင်းလာနိုင်ခြင်းသည် သုတေသနပညာရှင်များ၏ မယုံကြည်နိုင်အောင် ဖြစ်သည့် အလွန်မွန်မြတ်သော ကြိုးပမ်းအားထုတ်မှု ရလဒ်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဆက်လက် တိုးတက်ဖွံ့ဖြိုးစေရေး ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

လက်ရှိ ကမ္ဘာ့လူဦးရေ ၇ ဘီလီယံရှိသည့်အနက် ၅၀ ရာခိုင်နှုန်းသည် ဆန်ကိုအဓိကထား စားသုံးကြသူများဖြစ်ပါကြောင်း၊ အာရှနှင့် ပစိဖိတ်ဒေသတွင် ဆန်စပါးကို လူဦးရေ ၉၀ ရာခိုင်နှုန်း စားသုံးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနတို့၏ ပူးပေါင်းဆောင်ရွက်မှုအဖြစ် ယနေ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ ချမှတ်ဆောင်ရွက်ခြင်းသည် ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းပင်ဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်နိုင်ခြင်းသည် မြန်မာနိုင်ငံအတွက်သာမက၊ မျိုးဆက်တစ်ခုတည်းအတွက်သာမက ကမ္ဘာမြေကြီးပေါ်ရှိ လူသားအားလုံးအတွက် ဖြစ်ပါကြောင်း။

ထို့ကြောင့် ယနေ့ကျင်းပပြုလုပ်သည့် မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာအစီအမံ စတင်ဖွင့်လှစ်ခြင်း အခမ်းအနားသည် နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေး၊ ဒေသတွင်းနှင့် ကမ္ဘာ့ဆန်စပါး လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးနှင့် ဆက်စပ်နေသော မဟာဗျူဟာကျသည့် ခြေလှမ်းတစ်ရပ်ပင် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွက်သာမက ကမ္ဘာ့လူသားအားလုံးတို့အတွက် စားနပ်ရိက္ခာဖူလုံရေးလိုအပ်ချက်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း အကျိုးပြုနိုင်မည့် အလွန်လေးနက်သော အခမ်းအနားတစ်ရပ်ဖြစ်ကြောင်း။

အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနသည် မြန်မာနိုင်ငံနှင့် ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ၁၉၆၀ ခုနှစ်မှစတင်၍ စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနသည် မိမိတို့ မြန်မာနိုင်ငံအတွက် သာမက ကမ္ဘာ့နိုင်ငံအသီးသီး၏ ဆန်စပါးသီးနှံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ခုတည်းသောအားကိုးယုံကြည်ရသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်ဟု မှတ်တမ်းတင်ပြောကြားလိုပါကြောင်း။

ယနေ့အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာ သုတေသနဌာနကြီးမှ မိမိအား ရွှေစပါးနှံ ဂုဏ်ပြုဆုချီးမြှင့်ခြင်းအပေါ် မိမိတစ်ဦးတည်းအား အသိအမှတ်ပြုခြင်းမဟုတ်ဘဲ နိုင်ငံနှင့်အဝန်း တောင်သူလယ်သမားများနှင့် လယ်ယာကဏ္ဍဆိုင်ရာ ပညာရှင်များ၏ အတူတကွပူးပေါင်းကြိုးပမ်း ဆောင်ရွက်ချက်များအပေါ်တွင် ဂုဏ်ပြုခြင်းဖြစ်သည်ဟု ဂုဏ်ယူခံစားမိပါကြောင်း။

မိမိအနေဖြင့်လည်း အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရောဘတ်ဇီဂလာနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရှင်များ၏ စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်မှုများ အပေါ်တွင်လည်း ဂုဏ်ပြုလိုပါကြောင်း၊ သုတေသနလုပ်ငန်းများသည် ဆန်စပါးကဏ္ဍအတွက် အရေးကြီးလိုအပ်ချက် ဖြစ်သည်ကို လေးနက်စွာ ယုံကြည်ပါကြောင်း။

သုတေသနပညာရှင်များ၏ အားထုတ် ကြိုးပမ်းမှုများကြောင့် ဆန်စပါးသီးနှံ အထွက်နှုန်းသည် အဆပေါင်းများစွာ တိုးတက်ထွက်ရှိလာခဲ့သည့်ရလဒ်အပြင် ကွဲပြားခြားနားလျက်ရှိနေသော ဒေသအလိုက် ရာသီဥတု၊ ရေမြေသဘာဝနှင့် ကိုက်ညီသည့်မျိုးသစ်များကို ထုတ်လုပ်ပေးနိုင်ခြင်း၊ ပိုးမွှားရောဂါဒဏ် ကာကွယ်နိုင်သည့် မျိုးသစ်များကို ထုတ်လုပ်ပေးနိုင်ခြင်း၊ စိုက်ပျိုးရေလိုအပ်ချက် လျော့နည်းသက်သာသည့် အပူပိုင်းဒေသနှင့် ကိုက်ညီသော မျိုးသစ်များကို ထုတ်လုပ်ပေးနိုင်ခြင်း၊ ဆားငန်ဒဏ်ခံ စပါးမျိုးများ၊ ရေမြုပ်ခံ စပါးမျိုးများ ထုတ်လုပ်ပေးနိုင်ခြင်း၊ စပါးသီးနှံ၏ အနံ့အရသာ အရောင်အဆင်း ပိုမိုပြည့်စုံကောင်းမွန်သော စပါးမျိုးများ ထုတ်လုပ်နိုင်ခြင်း၊ ကျန်းမာရေးနှင့် အာဟာရအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် စပါးမျိုးများကို ထုတ်လုပ်ပေးနိုင်ခြင်းများသည် ကမ္ဘာ့လူသားအားလုံးအတွက် အလွန်ကြီးမားမွန်မြတ်လှသည့် ကြိုးပမ်းဆောင်ရွက်ချက်များ ဖြစ်ပါကြောင်း။

ထို့အပြင် သုတေသနပညာရှင်များအနေဖြင့် စပါးသီးနှံအခြေခံ စိုက်ပျိုးထုတ်လုပ်နေကြသော လုပ်ကွက်ငယ် တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်စေရေးနှင့် ၎င်းတို့၏ လူနေမှုအဆင့်အတန်းများ ပိုမိုတိုးတက်သာယာလှပရေးအတွက် ပို၍ ထိရောက်အကျိုးရှိသည့် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ၊ ရိတ်သိမ်းချိန်လွန် နည်းပညာများ၊ လယ်ယာလုပ်ငန်းခွင်တွင် ပိုမိုသက်သောင့်သက်သာဖြစ်စေမည့် ရေစီမံခန့်ခွဲမှုနည်းပညာ၊ မြေဆီမြေလွှာ အသုံးချမှု နည်းပညာအပါအဝင် ဈေးကွက် သတင်းအချက်အလက် စီမံခန့်ခွဲမှု နည်းပညာဆိုင်ရာများနှင့်ပတ်သက်၍ သုတေသနလုပ်ငန်းများ၏ ရလဒ်များသည် စပါးသီးနှံ တိုးတက်ဖွံ့ဖြိုးရေးအတွက် အလွန်အရေးပါသော ပညာရှင်များ၏ ကြိုးပမ်း ဆောင်ရွက်ချက်များဖြစ်ကြောင်းကို ဂုဏ်ပြုမှတ်တမ်းတင် ပြောကြားလိုပါကြောင်း။

အားလုံး သိရှိကြသည့်အတိုင်း ကမ္ဘာ့လူဦးရေသည် စဉ်ဆက်မပြတ် တိုးတက်နေပြီး ၂၀၂၅ ခုနှစ်တွင် ၁၀ဘီလီယံအထိ ရောက်ရှိလာနိုင်ကြောင်း ခန့်မှန်းထားရှိပြီး စားနပ်ရိက္ခာ လိုအပ်ချက်သည် တိုးတက်လျက်ရှိနေပါကြောင်း၊ အခြားတစ်ဖက်တွင်လည်း ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲမှုများကြောင့် ကမ္ဘာနှင့်အဝန်း ဖြစ်ပေါ်နေသည့် သဘာဝဘေးအန္တရာယ်ဆိုးကြီးများ ဖြစ်သည့် လွန်ကဲရေကြီးခြင်း၊ လွန်ကဲမိုးခေါင်ခြင်း၊ မုန်တိုင်းကြီးများ တိုက်ခတ်ခြင်း၊ မြေလျှင်ကြီးများလှုပ်ခြင်း၊ ဆူနာမီလှိုင်းများ ဖြစ်ပေါ်ခြင်းတို့ကို ရင်ဆိုင်ကြရလျက် ရှိသည့်အပြင် လူသားတို့၏ လောဘမီး၊ ဒေါသမီးများကြောင့် ဖြစ်ပေါ်နေကြရသည့် စစ်မက်ဖြစ်ပွားမှုများ၊ မတည်ငြိမ်မှုများ၊ လုံခြုံမှုကင်းမဲ့နေခြင်းများသည်လည်း ကမ္ဘာ့စားနပ်ရိက္ခာ စိုက်ပျိုးထုတ်လုပ်ရေးကို ကြီးမားစွာ ခြိမ်းခြောက်လျက် ရှိနေပါကြောင်း။

ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ကြီးအနေဖြင့် လက်ရှိ စားရေရိက္ခာထုတ်လုပ်မှုကို နှစ်ဆ တိုးတက်ထုတ်လုပ်နိုင်မှသာလျှင် ကမ္ဘာသူ၊ ကမ္ဘာသားများ၏ စားရေရိက္ခာ လုံခြုံရေးအတွက် ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း တွက်ချက် သုံးသပ်ထားရှိချက်အပေါ်တွင် စိုက်ပျိုးရေးသုတေသန ပညာရှင်များ၏ တီထွင်ကြံဆနိုင်မှု စွမ်းပကားများသည် အလွန်ပင်အရေးပါလျက်ရှိကြောင်း။

စိုက်ပျိုးရေး သုတေသနပညာရှင်များ၏ အလွန်မွန်မြတ်လှသော ကြိုးပမ်း ဆောင်ရွက်မှုများအပေါ်တွင် မိမိအနေဖြင့် ယခုကဲ့သို့ ဂုဏ်ပြုပြောကြားခွင့် ရရှိသည့်အပေါ်တွင်လည်း များစွာဝမ်းမြောက် ကျေနပ်မိပါကြောင်း ထပ်လောင်း၍ ပြောကြားလိုပါကြောင်း။

ဆန်စပါးသီးနှံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနပညာရှင်များ၏ အခန်းကဏ္ဍသည် အလွန်အရေးပါလျက်ရှိသည့်နည်းတူ သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ရေးအတွက် အခြေခံအဆောက်အအုံပိုင်း လိုအပ်ချက်များ၊ ဓာတ်ခွဲခန်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ပညာရှင်များ၏ နေ့စဉ်လိုအပ်ချက်များအပေါ်တွင် ဘဏ္ဍာငွေကြေးသုံးစွဲရန် လိုအပ်ချက်သည်လည်း အခြေခံအရေးပါသော အချက်များဖြစ်သည့်အတွက် မွန်မြတ်သော စိတ်ရင်းဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်ကြမည့် အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၊ အလှူရှင်မိတ်ဆွေနိုင်ငံများ၏ ဘဏ္ဍာငွေကြေးဆိုင်ရာ အထောက်အပံ့ အကူအညီများ ထိထိရောက်ရောက် ရရှိနိုင်ရေးအပေါ်တွင်လည်း ပါဝင်ပူးပေါင်း အကောင်အထည်ဖော်ကြမည့် ပညာရှင်များနှင့် အကျေအလည် ညှိနှိုင်းဆွေးနွေးကြပြီး အမှန်လိုအပ်ချက်များအပေါ် ကူညီလှူဒါန်းပါဝင်ပေးကြရန်လည်း တိုက်တွန်းမေတ္တာရပ်ခံလိုပါကြောင်း။

နိဂုံးချုပ်အားဖြင့် ယနေ့ပြုလုပ်သော မြန်မာနိုင်ငံ၏ ဆန်စပါးသီးနှံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာအစီအမံအား ဖွင့်လှစ်ခြင်း အခမ်းအနားတွင် ပါဝင်တက်ရောက်လာကြသည့် မိတ်ဆွေများအားလုံးတို့၏မွန်မြတ်သော၊ ထက်သန်သော လက်တွေ့ပူးပေါင်းဆောင်ရွက်မှုများအားဖြင့် မိမိတို့ ကမ္ဘာသူ၊ ကမ္ဘာသားအားလုံးတို့အတွက် ပိုမိုသာယာလှပသော လောကအလှကို ဖော်ဆောင်ပေးနိုင်ကြပါစေဟု ဆန္ဒပြုကြောင်း ပြောကြားပြီး မြန်မာနိုင်ငံ ဆန်စပါးသီးနှံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာအစီအမံအား စတင်ဖွင့်လှစ်လိုက်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီးများ၊ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနမှ တာဝန်ရှိသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာအစီအမံသည် မြန်မာနိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှုကို ၂၀၃၀ ခုနှစ်တွင် ဆန်စပါးဟက်တာ ၇ ဒသမ ၇ သန်း (ဧက ၁၉ သန်း) စိုက်ပျိုးပြီး အထွက်နှုန်း တစ်ဟက်တာလျှင် ၄ ဒသမ ၁ မက်ထရစ်တန် ထွက်ရှိနိုင်ရန်၊ ပြည်တွင်းစားသုံးမှုအတွက် မက်ထရစ်တန် ၉ ဒသမ ၉ သန်းနှင့် ပြည်ပတင်ပို့ရန် မက်ထရစ်တန် ၆ သန်း စုစုပေါင်း ဆန် မက်ထရစ်တန် ၁၇ ဒသမ ၇ သန်း ထွက်ရှိနိုင်ရန် မျှော်မှန်းရေးဆွဲထားခြင်းဖြစ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတေသနပြုထုတ်လုပ်ထားသော ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသည့် အထွက်ကောင်း စပါးမျိုးများ၊ စပ်မျိုးစပါးမျိုးများ၊ ဆန်နမူနာများ၊ ဆီထွက်သီးနှံများဖြစ်သည့် စပ်မျိုးနေကြာ၊ အထွက်ကောင်းမြေပဲ၊ ဒေသနှင့် ကိုက်ညီသော အထွက်ကောင်းနှမ်းမျိုးများ၊ ပဲတီစိမ်းနှင့် ပဲအမျိုးမျိုး၊ ပြည်တွင်း အစေ့ထုတ် စပ်မျိုးပြောင်းများကို ကြည့်ရှုကြပြီး ဆက်လက်၍ တောင်သူလယ်သမား ရုပ်သံလိုင်း စတူဒီယို အဆောက်အအုံအတွင်း ဆောင်ရွက်ထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

**(သတင်းစဉ်)**




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနမှ ရွှေစပါးနှံဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားနှင့် မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာအစီအမံစတင်ဖွင့်လှစ်ခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်း စာမျက်နှာ-၈) (သတင်းစဉ်)




နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတ ဦးညွန့်ထွန်း၊ ပြည်ထောင်စု ဝန်ကြီးများနှင့် အပြည်ပြည်ဆိုင်ရာ ဆန်စပါး သုတေသနဌာနမှ ညွှန်ကြားရေးမှူး ချုပ်တို့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

# မန္တလေး၌ လမ်းများပေါ် ကျန်ရှိသောရေများကို ဆက်လက်ရှင်းလင်းဆောင်ရွက်

**မန္တလေး မေ ၂၀**

မန္တလေးမြို့၌ မေ ၁၅ ရက်က စတင်ကာ မိုးအဆက်မပြတ်ရွာသွန်းခြင်းနှင့် မိုးရေများပြားခြင်းတို့ကြောင့် မေ ၁၉ ရက် နံနက်ပိုင်းက မြေအနိမ့်ပိုင်းလမ်းများနှင့် ရပ်ကွက်အချို့တွင် ရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီနှင့် တာဝန်ရှိသူများက ရေနုတ်မြောင်းများ ရေထွက်နှုန်းကောင်းမွန်အောင် ဆောင်ရွက်ခဲ့မှုကြောင့် နာရီပိုင်းအတွင်း ရေများကျဆင်းကာ သွားလာမှုလွယ်ကူခဲ့ပြီး လမ်းပေါ်ရှိ ကျန်ရှိသောရေများကို ဆက်လက်ရှင်းလင်းဆောင်ရွက်လျက်ရှိသည်။

"မန္တလေးက မိုးရွာရင် လမ်းတွေပေါ်ရေလျှံတာ ထုံးစံလိုဖြစ်နေပြီ၊ မန္တလေးမှာ သွားလာတာက ဆိုင်ကယ်များတော့ မိုးများလို့ လမ်းပေါ် ရေလျှံရင် သွားလာရေးခက်ခဲတယ်။ မိုးရပ်ပြီး နာရီပိုင်းအတွင်း ရေပြန်ကျသွားတယ်။ ရေနုတ်မြောင်းနဲ့ မိုးရွာတဲ့အချိန်နဲ့ မမျှတော့ ရေလျှံတာပါ။ အခုဆို လမ်းပေါ်မှာ ရေမရှိတော့ဘူး၊ တော်တော်နိမ့်တဲ့လမ်းပိုင်းအချို့နဲ့ လူနေအိမ်အချို့ပဲ ရေတွေရှိတော့တာပါ" ဟု မန္တလေးမြို့ခံ ဝန်ထမ်းတစ်ဦးက ပြောသည်။

မန္တလေးမြို့တွင်း၌ ရေများကို အဓိကစီးဆင်းစေသည့် ရွှေတချောင်းမြောင်း၊ ငွေတချောင်းမြောင်း၊ နဒီချောင်း၊ ကိုလံဘိုမြောင်း၊ တက်မျှော်ချောင်း၊ ပရံတော်ချောင်းတို့နှင့် ရေနုတ်မြောင်းများသည် မိုးရေချိန်များသည့်အတွက် ရေလျှံမှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် စက်ယန္တရားအင်အား၊ ဝန်ထမ်းအင်အားတို့ဖြင့် မိုးရွာနေစဉ်အတွင်း ဆောင်ရွက်ခဲ့ခြင်းကြောင့် နာရီပိုင်းအတွင်း လမ်းများပေါ်မှ ရေများကျသွားကြောင်း၊ ကျန်ရှိသော မြေနိမ့်ပိုင်းလမ်းများပေါ်မှ ရေများကိုလည်း မြို့နယ်အလိုက် စည်ပင်သာယာရေး ဝန်ထမ်းများက ဆက်လက်ရှင်းလင်းလျက်ရှိသည်။

ပုသိမ်ကြီးမြို့နယ်ရှိ ရပ်ကွက်အချို့နှင့် အစိုးရရုံးများတွင် မေ ၁၄ ရက်မှ ၁၉ ရက်အထိ ရွာသွန်းခဲ့သောမိုးနှင့်အတူ တောင်ကျရေများကြောင့် ရေများဝင်ရောက်ပြီး နစ်မြုပ်ခဲ့သည်။ ရေဝင်နစ်မြုပ်သော ရပ်ကွက်များမှာ အောင်မင်္ဂလာရပ်ကွက်၊ ရန်ကင်းအောင်ရပ်ကွက်၊ ရန်ကင်းသာယာရပ်ကွက်၊ စည်သာယာ ရပ်ကွက်များနှင့် အခြေခံပညာ အထက်တန်းကျောင်း၊ စည်ပင်သာယာရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံး၊ ရဲစခန်း၊ စာတိုက်ရုံး၊ ဆောက်လုပ်ရေးရုံး၊ လဝကရုံး၊ ပညာရေးမှူးရုံး၊ မြေစာရင်းဦးစီးဌာနမှူးရုံးများဖြစ်သည်။

**ထွန်းထွန်းနိုင်၊ အောင်ကျော်ထွန်း**

◆ *ကျောဖုံးမှ*

သွားမယ်ဆိုတာ မလွဲမသွေ ယုံကြည်ထားပါတယ်။ ဒီလုပ်ငန်းစဉ် တည်ထောင်လိုက်ခြင်းအားဖြင့် ယနေ့ကြုံတွေ့နေရတဲ့ Taxi စီးခရီးသည်တွေ၊ Taxi ယာဉ်မောင်းနဲ့ ယာဉ်ပိုင်ရှင်တွေ ဝန်ထုပ်ဝန်ပိုးဖြစ်နေတဲ့ ကိစ္စတွေကို TCC က လုံးဝတာဝန်ယူဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်" ဟု အဆိုပါ Taxi Call Centre (TCC)ကို စတင်ဦးဆောင် အကောင်အထည်ဖော်သူ ဦးဝင်းဆွေဦးက ပြောသည်။

ယင်း Taxi Call Centre (TCC)လုပ်ငန်းသည် တက္ကစီစီး ခရီးသည်များက Call Centre သို့ ဖုန်းခေါ်လိုက်ခြင်းဖြင့် အချိန်အနည်းငယ်အတွင်း မိမိသွားလိုသည့် ခရီးစဉ်သို့ ပို့ဆောင်ပေးမည့် အငှားကားက အိမ်ရှေ့/အိမ်နီးဝန်းကျင်သို့ ရောက်ရှိလာမည်ဖြစ်ပြီး ခရီးစဉ်အတွက် ဝန်ဆောင်ခ၊ ကားနံပါတ်၊ ယာဉ်မောင်းဘယ်သူကအစ ကျန်ရစ်သည့် မိသားစုက သိရှိနိုင်မည်ဖြစ်ပြီး မိသားစုစိတ်ပူပန်မှု လုံးဝကင်းဝေးသွားမည်ဖြစ်သည်။ ထို့အပြင် သတ်မှတ်ဈေးနှုန်းကိုလည်း အသွား/အပြန်တူညီနေရမည်ဖြစ်ပြီး အငှားကားပေါ်၌ အမှန်တကယ်ပစ္စည်းမေ့ကျန်လျှင် Call Centre က လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်ဖြစ်ကြောင်း သိရသည်။

ခရီးစဉ် တစ်လျှောက်တွင်လည်း လူကြုံမတင်စေရခြင်းအပြင် မလိုလားအပ်သော အန္တရာယ် ၉၀ ရာခိုင်နှုန်းကိုလည်း ကြိုတင်ကာကွယ်ပေးထားရာရောက်မည်ဖြစ်သည်။

ယခုပြုလုပ်မည့် Taxi Call Centre(TCC)သည် ခရီးသည်များအတွက် အဆင်ပြေရုံတင်မဟုတ်ဘဲ ယနေ့ကြုံတွေ့နေရသည့် အငှားယာဉ်ပိုင်ရှင်များအတွက်လည်း ပိုမို အဆင်ပြေစေမည်ဖြစ်သည်။ အငှားယာဉ်ပိုင်ရှင်အနေဖြင့် ယနေ့ ယာဉ်မောင်းကိစ္စ၊ ယာဉ်အသေးစား၊ အကြီးစားပြင်ဆင်မှုကိစ္စများကို လုံးဝစိတ်ထဲမှာမထားဘဲ တစ်လငွေ သုံးသိန်း အသားတင်ရယူရုံဖြင့် Taxi Call Centre (TCC) ကို ယုံယုံကြည်ကြည် အပ်နှံနိုင်မည်ဖြစ်သည်။

ဇင်းအသေးစား၊ အကြီးစား ပြုပြင်ပေးမှုများအပြင် အာမခံကိစ္စကိုပါ အလုံးစုံတာဝန်ယူ လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် အလုပ်လက်မဲ့ ဖြစ်နေသော ယာဉ်မောင်းများ/ အခက်အခဲများ ကြုံတွေ့နေရသော ယာဉ်မောင်းများကိုလည်း တစ်ရက် ငွေကျပ်တစ်သောင်းနှုန်းဖြင့် ခန့်အပ်သွားမည်ဖြစ်သည်။

"ဒီနေ့ ပြုလုပ်တဲ့ပွဲက အကြမ်းဖျင်းအားဖြင့်တော့ သဘောကျပါတယ်။ ဒီလုပ်ငန်းက တကယ်လည်း လုပ်သင့်လုပ်ထိုက်သလို ခရီးသည်၊ ပိုင်ရှင်နဲ့ ယာဉ်မောင်းတွေအတွက်လည်း အဆင်ပြေပါတယ်။ ကျွန်တော်ဆို ခုလက်ရှိ ကိုယ်ပိုင် အငှားကားမောင်းနေတာပါ။ ကျွန်တော်တို့ဆို ဒီ Taxi Call Centre (TCC) ကို လက်တွဲမယ်ဆိုရင် ယာဉ်မောင်းခကိုယ်ပိုင်ဖြစ်တဲ့အတွက် တစ်နေ့ရှစ်ထောင်၊ ကိုးထောင်ရမယ့်အပြင် ဆီဖိုးနုတ်ပြီး တစ်သောင်းပေးမယ်ဆိုတော့ ဟိုဘက်ဒီဘက် အဆင်ပြေပါတယ်။ အခုလို အသဲအသန်ရှာစရာလည်း မလိုတော့ဘူးပေါ့။ အချိန်တန်ရင် TCC ကပေးမှာပဲ။ အဲဒီလိုသဘောမျိုး။ တစ်ခုကောင်းတာက ကျွန်တော်တို့က ကိုယ့်အိမ်ကိုယ်နေပြီး သူတို့လွှတ်တဲ့နေရာကို သွားဝန်ဆောင်မှုပေးရမှာ။ လူမပါဘဲ မြို့ကို ပတ်နေစရာမလိုတော့တာပေါ့" ဟု အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်လာသည့် တောင်ဥက္ကလာပမြို့နယ်မှ ကိုယ်ပိုင်အငှားယာဉ်မောင်း ကိုသက်ဇော်က ပြောကြားသည်။

ရန်ကုန်မြို့တွင်း Taxi Call Centre(TCC)လုပ်ငန်းကို လာမည့် ဩဂုတ်လကုန်ပိုင်းနှင့် စက်တင်ဘာလဆန်းပိုင်းတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး ကနဦးအနေဖြင့် အစီးရေ ၁၅၀၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Taxi Call Centre (TCC)လုပ်ငန်းကို ယခုအခါ ကမ္ဘာ့နိုင်ငံအများစုဖြစ်သည့် တရုတ်၊ ကိုရီးယား၊ ဂျပန်နှင့် ထိုင်ဝမ်စသည့် ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးပြီးနိုင်ငံအများစု၌ တွင်ကျယ်စွာ အသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ABU Radio Song Festival 2015 ကျင်းပမည်

**နေပြည်တော် မေ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် Asia-Pacific Broadcasting Union (ABU) တို့ ပူးပေါင်းစီစဉ်သည့် ABU Radio Song Festival 2015 ကို မေ ၂၉ ရက် ညနေ ၆ နာရီမှ ၉ နာရီအထိ ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ ကျင်းပမည်ဖြစ်ရာ အာရှပစိဖိတ်ဒေသတွင်းနိုင်ငံများမှ တေးသံရှင်များနှင့် မြန်မာနိုင်ငံမှ အနုပညာရှင်များ ပါဝင်သီဆိုကပြဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ယခုကဲ့သို့ မြန်မာနိုင်ငံတွင် ထူးထူးခြားခြားကျင်းပသည့် ABU Radio Song Festival 2015 သို့ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

အသေးစိတ်သိရှိလိုပါက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဖုန်း ၀၉-၅၁၈၈၅၀၄၊ ၀၉-၄၄၈၅၄၂၅၉၅ နှင့် ၀၆၇-၇၉၃၇၄၊ ဖက်စ် ၀၆၇-၇၉၂၀၅၊ email; radiooffice 2014@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

**ရမည်းသင်း မေ ၂၀**

ရမည်းသင်းမြို့နယ် တဘက္ကာအုပ်စု လျှော်ဖြူကိုင်းကျေးရွာ သာသနဇောတိကာရုံကျောင်းတိုက်(မွှေရုံ)၌ မိုးပွင့်(အထူး)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ ကျင်းပရာ တိုင်းဒေသကြီး နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်ကျော်မိုး တက်ရောက်အမှာစကားပြောကြားသည်၊

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဒုတိယတိုင်းဦးစီးမှူး ဦးအောင်မင်းက အသက် ၁၈ နှစ်ပြည့်သူ ၂၂၇ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လက်ရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ဘေးအန္တရာယ်ကျရောက်လာရင် ဒေသခံပြည်သူများ ကြံ့ကြံ့ခံနိုင်အောင် သရုပ်ပြလေ့ကျင့်ခန်းများပြုလုပ်ပေးနေ

သူဇာနွယ်

သဘာဝဘေးအန္တရာယ် အလွယ်တကူကျရောက်နိုင်သော ဒေသတစ်ခုဖြစ်သည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ယခုလိုရာသီဥတုပြောင်းလဲလာချိန် မိုးကြိုကာလတွင်ဖြစ်တတ်သည့် ရေကြီးရေလျှံမှု၊ မုန်တိုင်းအန္တရာယ်စသည်တို့နှင့်ပတ်သက်၍ ဒေသခံများ သဘာဝဘေးအန္တရာယ်လျော့ပါးသက်သာစေရေး ကြိုတင်ပြင်ဆင်ထားမှုများနှင့်ပတ်သက်၍ ပြည်သူများသိရှိနိုင်ရန် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်မှ တာဝန် ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ-

**မေး။ ဆရာ့ရဲ့နာမည်နဲ့ ဖျာပုံခရိုင်မှာ တာဝန်ယူထားရတဲ့အပိုင်းကို အရင်ဆုံးမိတ်ဆက်ပေးပါရှင့်။**

ဖြေ။ မင်္ဂလာပါ။ ကျွန်တော်က ဖျာပုံခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးလှိုင်ဖြစ်ပါတယ်။

**မေး။ သဘာဝဘေး အလွယ်တကူကျရောက်နိုင်တဲ့ ဖျာပုံခရိုင်မှာ ဆရာတို့ဌာနအနေနဲ့ သဘာဝဘေးအန္တရာယ်လျော့ပါးသက်သာစေဖို့ ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေကို ပြောပြပေးစေချင်ပါတယ်။**



ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးမှူး လက်ထောက် ညွှန်ကြားရေးမှူး ဦးစိုးလှိုင်

ဖြေ။ ဒီဒေသက ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ဒေသဖြစ်တာမို့ အခုလိုမိုးကြိုကာလတွေမှာ ဖြစ်တတ်တဲ့ မုန်တိုင်းနဲ့ ရေကြီးရေလျှံမှုစတဲ့ သဘာဝဘေးအန္တရာယ်တွေ ထိခိုက်နိုင်ခြေအများဆုံးဒေသ တစ်ခုထဲမှာ ပါဝင်နေပါတယ်။ ကျွန်တော်တို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ သဘာဝဘေးအန္တရာယ်လျော့ပါးရေးနဲ့ ပတ်သက်ပြီး လုပ်ဆောင်နေတဲ့ မူဝါဒသုံးပိုင်းရှိပါတယ်၊ ဘေးမဖြစ်မီ ကြိုတင်ပြင်ဆင်ရမယ့်အပိုင်း၊ ဘေးအန္တရာယ်ကျရောက်နေတဲ့ကာလ ပြင်ဆင်လုပ်ဆောင်မှုအပိုင်း၊ ပြီးတော့ ဘေးအန္တရာယ်ကျရောက်ပြီး နောက်ပိုင်းမှာ ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးဆိုတဲ့ အပိုင်းသုံးပိုင်းခွဲဆောင်ရွက်ပါတယ်။ လက်ရှိအနေအထားမှာတော့ ဘေးမဖြစ်မီကြိုတင်ပြင်ဆင်ရေးအပိုင်း လုပ်နေပါတယ်။

**မေး။ ပထမဆုံးဘေးမဖြစ်မီကာလမှာ ခရိုင်အတွင်း သဘာဝဘေးလျော့ပါးရေးနဲ့ ပတ်သက်ပြီး ကြိုတင်ပြင်ဆင်မှုအပိုင်းကို ရှင်းပြပေးပါရှင့်။**

ဖြေ။ ဘေးမဖြစ်မီ ကြိုတင်ပြင်ဆင်ရေးအပိုင်းမှာ အဓိကကတော့ ကျွန်တော်တို့က လူထုကို သဘာဝဘေး အန္တရာယ်တွေနဲ့ ပတ်သက်ပြီး အသိပညာပေးတဲ့အပိုင်းကို အရေးကြီးဆုံးလို့ ယူဆပါတယ်။အခြေခံအဆောက်အအုံတွေ ဘယ်လောက်ပဲကောင်းကောင်း၊ ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံတွေ အထူးသဖြင့် ဂျပန်နိုင်ငံလို နိုင်ငံမျိုးမှာတောင် အဆောက်အအုံတွေ ခိုင်ခိုင်မာမာတည်ဆောက်ထားသော်လည်း တကယ့်ဘေးအန္တရာယ်နဲ့ ကြုံလာတော့ ထိခိုက်ပျက်ဆီးမှုတွေ ရှိခဲ့ကြပါတယ်။ အဲ့ဒီတော့ သူတို့နိုင်ငံတွေရဲ့အတွေ့အကြုံအရ လူတွေဟာ ကိုယ့်ပတ်ဝန်းကျင် ကိုယ်နေထိုင်တဲ့နေရာဟာ ဘေးအန္တရာယ်ရှိတယ်ဆိုတဲ့ အသိတွေရှိနေဖို့လိုပါတယ်၊ နောက်ကိုယ်ဘယ်မှာနေတာလဲ၊ မြို့ထဲမှာလား၊ ကမ်းရိုးတန်းမှာလား စသဖြင့် ကိုယ်နေထိုင်တဲ့ဒေသက ဘေးအန္တရာယ်ကျရောက်နိုင်တဲ့ဒေသဖြစ်နေရင်၊ ကျရောက်လာခဲ့ရင် ဘာတွေလုပ်သင့်လဲဆိုတဲ့ အသိရှိဖို့အရေးကြီးဆုံးပါ၊ အဲ့ဒီတော့ ကျွန်တော့်ခရိုင်အတွင်းမှာ သဘာဝဘေးနဲ့ပတ်သက်တဲ့အသိပညာတွေ ပြည်သူတွေသိရှိအောင် သင်တန်းတွေ ဆွေးနွေးပွဲတွေ ဟောပြောပွဲတွေ ဖွင့်လှစ်လုပ်ဆောင်ပေးပါတယ်၊ အခုလည်း ဆက်လက်ပြီး လုပ်ဆောင်ပေးလျက်ရှိပါတယ်။

**မေး။ ဆရာတို့အနေနဲ့ သဘာဝဘေးနဲ့ မလွဲမရှောင်သာလို့ ပြည်သူတွေ ရင်ဆိုင်တွေ့ကြုံရတဲ့အခါကျရင် ပြည်သူတွေ ကြံ့ကြံ့ခိုင်ခိုင် လက်တွေ့ရင်ဆိုင်နိုင်အောင် လေ့ကျင့်ပေးထားတာတွေရှိရင်လည်း ပြောပြပေးပါရှင့်။**

ဖြေ။ ရှိပါတယ်။ ဘေးအန္တရာယ်ကျရောက်လာရင် ဒေသခံတွေ ကြံ့ကြံ့ခံရင်ဆိုင်နိုင်ဖို့အတွက် ပညာရှင်တွေနဲ့ လေ့ကျင့်ပေးထားပါတယ်။ ဘာလို့လဲဆိုတော့ ဖျာပုံခရိုင်က ကမ်းရိုးတန်းဒေသဖြစ်နေတယ်။ မကြာသေးမီကာလကပဲ အိန္ဒိယသမုဒ္ဒရာ ဘာရန်ကျွန်းမှာ မီးတောင်ပေါက်ကွဲမယ်ဆိုတဲ့သတင်းက ပျံ့နှံ့နေတယ်။ မီးတောင်ပေါက်ကွဲရင် ငလျင်လှုပ်နိုင်တယ်။ ငလျင်လှုပ်ရင် ဆူနာမီရေလှိုင်းတွေလို ရေလှိုင်းကြီးတွေ တက်လာနိုင်တယ်ဆိုပြီး ပင်လယ်နဲ့နီးတဲ့ ဖျာပုံခရိုင်က တချို့ဒေသခံတွေကလည်း ကြောက်လန့်ကြတယ်။ အဲ့ဒါကြောင့် ဆူနာမီသဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်ခန်းတွေ ပြုလုပ်ပေးခဲ့ပါတယ်။

**မေး။ ဟုတ်ကဲ့ပါဆရာ။ သဘာဝဘေးဆိုတာ သေချာပေါက်ကျရောက်မယ်လို့ ကြိုတင်တွက်ဆထားလို့ရကောင်းတဲ့အရာတော့ မဟုတ်ပါဘူး။ အကယ်၍များ ဖျာပုံခရိုင်အတွင်း အခုမိုးကြိုကာလမှာ သဘာဝဘေးတစ်ခုခုများ ရုတ်တရက်ကျရောက်ခဲ့ရင် ဆရာတို့ဌာနအနေနဲ့ ပြည်သူနဲ့အတူ ဘယ်လိုတုံ့ပြန်ဖို့ အစီအစဉ်တွေရှိပါသလဲ။**

ဖြေ။ ကျွန်တော်တို့ဌာနအနေနဲ့ ဘေးအန္တရာယ်တစ်ခုခု ကျရောက်ခဲ့ရင် အဆင့်ဆင့်ဆောင်ရွက်သွားမယ်။ အဓိကကတော့ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စတဲ့အဆင့်ဆင့်ဖွဲ့စည်းထားတဲ့ သဘာဝဘေးစီမံခန့်ခွဲရေးကော်မတီတွေရှိပါတယ်။ အားလုံးပူးပေါင်းပြီး ဆောင်ရွက်သွားမှာပါ။

**မေး။ ဖျာပုံခရိုင်မှာ သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီနဲ့ ပြည်သူတွေ အလွယ်တကူဆက်သွယ်နိုင်မှု အခြေအနေကိုလည်း ပြောပြပေးပါရှင့်။**

ဖြေ။ ခရိုင်အုပ်ချုပ်ရေးမှူးဟာ ဒီကော်မတီရဲ့ ဥက္ကဋ္ဌဖြစ်ပြီး ကျွန်တော်ကတော့ အတွင်းရေးမှူးတာဝန်ထမ်းဆောင်ပါတယ်။ မြို့နယ်များမှာတော့ မြို့နယ်အုပ်ချုပ်ရေးမှူးတွေက ကော်မတီဥက္ကဋ္ဌဖြစ်တဲ့အတွက် အဆင့်ဆင့်ချိတ်ဆက်လို့ရပါတယ်၊ ဖုန်းနံပါတ်တွေလည်း သိရှိနိုင်အောင် ပေးထားပါတယ်။

**မေး။ သဘာဝဘေးကျရောက်ပြီးရင် မဖြစ်မနေ လုပ်ရမယ့်အလုပ်ကတော့ ဒေသပြန်လည်ထူထောင်ရေး လုပ်ငန်းပါ။ ဆရာတို့ ဌာနအနေနဲ့ ဘယ်လိုစီမံခန့်ခွဲထားပါသလဲ ပြောပြပေးစေချင်ပါတယ်။**

ဖြေ။ အရေးပေါ်ပြန်လည်ထူထောင်ရေးအပိုင်းမှာ ကျွန်တော်တို့ တစ်ဦးတစ်ယောက်တည်းနဲ့တော့ လုပ်လို့မရပါဘူး။ တကယ့်ကို ဘေးအန္တရာယ်နဲ့ကြုံလာပြီဆိုရင်တော့ ကျွန်တော်တို့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဥပဒေနဲ့အညီ ကြိုတင်ဖွဲ့စည်းထားပြီးဖြစ်တဲ့ ကော်မတီအဆင့်ဆင့် ပူးပေါင်းဆောင်ရွက်သွားရမှာပါ၊ ကော်မတီအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုအားကောင်းလေလေ ပိုပြီးမြန်ဆန်လာနိုင်လေပါပဲ။ အချိန်တိုအတွင်းမှာ မြန်မြန်ဆန်ဆန်နဲ့ သဘာဝဘေးဒဏ်သင့်သူတွေ မူလဘဝမှန်ပြန်ရောက်ဖို့ အကောင်းဆုံးကြိုးစားဆောင်ရွက်သွားမှာပါ။



သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် ဒေသခံပြည်သူများ သရုပ်ပြလေ့ကျင့်နေစဉ်။

**မေး။ ဖျာပုံခရိုင်အတွင်းမှာရှိတဲ့ ပြည်သူတွေရော၊ ပင်လယ်ကမ်းရိုးတန်းဒေသတွေမှာ နေထိုင်ကြတဲ့ပြည်သူတွေကို သဘာဝဘေးနဲ့ပတ်သက်ပြီး အသိပေးလိုတာများရှိရင် ပြောပြပေးပါ။**

ဖြေ။ ကျွန်တော်တို့အမြင်ကတော့ ကျွန်တော်တို့ရဲ့ ပြည်သူတွေ ဘေးအန္တရာယ်ကိုမကြုံဖူးရင် မယုံတတ်ကြဘူး၊ သို့သော် ဖျာပုံခရိုင်အတွင်းမှာတော့ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းက အတွေ့အကြုံတွေ ရရှိထားကြတဲ့အတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေမှာ ဒေသခံတွေ ပူးပေါင်းပါဝင်လာတာရှိပါတယ်။ နာဂစ်က သင်ခန်းစာတွေရထားတဲ့အတွက် နောင်ဘေးအန္တရာယ်နဲ့ကြုံရင် ဘယ်လိုရင်ဆိုင်မလဲဆိုတဲ့ အသိပညာတွေကို လိုလိုလားလား လက်ခံကြတာတွေ့ရပါတယ်။ အဲ့ဒီတော့ အဆင့်ဆင့် ပူးပေါင်းပါဝင်ခြင်းဖြင့် သဘာဝဘေးအန္တရာယ်တွေ လျှော့ချနိုင်မယ်လို့ မျှော်လင့်ပါတယ်၊ ဘာပဲလုပ်လုပ် သဘာဝဘေးအန္တရာယ်ကိုတော့ မမေ့ကြဖို့နဲ့ သဘာဝဘေးအန္တရာယ်နဲ့ပတ်သက်တဲ့ ပညာပေးအစီအစဉ်တွေမှာ ပူးပေါင်းပါဝင်ခြင်းဖြင့် ဘေးအန္တရာယ်တွေကို လျော့နည်းသက်သာစေနိုင်ပါတယ်လို့ ပြောချင်ပါတယ်။

**မေး။ အခုအချိန်မှာဆို ဒီဖျာပုံခရိုင်က ပြည်သူတွေ ကုန်ကုန်ပြောရရင် မြို့ပေါ်မှာနေတဲ့ ပြည်သူတွေတောင် နာဂစ်မုန်တိုင်းဒဏ်သင့်ထားကြတဲ့အတွက် လေနည်းနည်းကြမ်းလာတဲ့အခါ သာမန်မိုးကြိုကာလ မုတ်သုံဝင်ရောက်လာတာကိုပင် ထိတ်ထိတ်လန့်လန့်ဖြစ်နေကြတယ်၊ အဲဒီအတွက် ဆရာ့အမြင်ကို ပြောပေးပါရှင့်။**

ဖြေ။ အမြင်လို့ဆိုခြင်းထက် လုပ်သင့်လုပ်ထိုက်တာတွေ၊ ကျွန်တော်တို့ဟာ ကိုယ်တိုင်နာဖူးတတ်မှ နာကျင်ခံစားရတဲ့ ဝေဒနာတွေကို ပိုပြီးနားလည်ပေးတတ်တယ်ဆိုသလိုပါပဲ။ ကျွန်တော်တို့လည်း သင်တန်းတွေသွားပေးရင်းနဲ့ ဒေသခံလူထုတွေ ခံစားခဲ့ရတာတွေပြောပြတဲ့အခါ ဝေဒနာတွေ ထပ်တူထပ်မျှခံစားခဲ့ရပါတယ်။ စိတ်မကောင်းဖြစ်ရတယ်။ နောက်ဆက်တွဲ ပိုပြီးသတိထားမိတာကတော့ လူတွေဟာ တကယ့်ကို ဘေးအန္တရာယ်ဆိုတာကြီးကို ထဲထဲဝင်ဝင်ကြောက်ရွံ့နေကြတယ်။ အဲ့ဒီလို ကြောက်ရွံ့လာတဲ့အပေါ်မှာ မမျှော်လင့်တဲ့ သာမန်လေတိုက် မိုးရွာတာလေးကိုတောင် လန့်နေကြတာဟာ တကယ့်ကိုဘေးဆိုးနဲ့ ကြုံခဲ့ကြတဲ့အခါမှာ ဝေဒနာတွေက အစကပြန်ပြန်ဖော်သလိုဖြစ်တယ်။ ဒါတွေဟာလည်း ဘေးအန္တရာယ်ဆိုတာတော့ အမြဲတမ်းရှိနေမှာပါ။ ဘာလို့လဲဆိုတော့ ဒီနေ့ခေတ်ကာလ ပိုဆိုးတာပေါ့။ လူကြောင့်ဖြစ်တဲ့ ဘေးပယောဂတွေလည်းရှိတယ်။ အခြားခြားသော သဘာဝဘေးတွေကလည်း များလာတယ်။ ဒီလို ဘေးအန္တရာယ်တွေများလာလေလေ လူတွေကလည်း အသိပညာဗဟုသုတရှိအောင်လေ့လာပြီး တစ်ယောက်နဲ့တစ်ယောက် အချိတ်အဆက်ရှိရှိ ဘေးအန္တရာယ်လျှော့ချရေးလုပ်ငန်းတွေမှာ လေးလေးနက်နက် ပူးပေါင်းလုပ်ဆောင်ကြမယ်ဆိုရင် အခုနပြောတဲ့ သာမန်လောက်ကိုတော့ တအားစိုးရိမ်နေစရာမလိုဘဲနဲ့ တကယ့်အခြေအနေအားလုံးကို သုံးသပ်နေထိုင်သွားမယ်ဆိုရင် ထိခိုက်ခံစားလွယ်တဲ့ ဝေဒနာတွေလျော့ပါးသွားမှာပါလို့ ပြောပါရစေ။



ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး (ခရိုင်သဘာဝဘေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ)ဦးစိုးတင့်

**ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်**
**(ခရိုင်သဘာဝဘေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ)**

ကျွန်တော်တို့ ခရိုင်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီအနေနဲ့ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ဒေသခံတွေ သဘာဝဘေးကြုံလာပါက ခိုလှုံနိုင်ဖို့ဆောက်လုပ်ထားတဲ့ Cyclone Shelter တွေ ပျက်စီးမှုရှိတာတွေ ကွင်းဆင်းစစ်ဆေးပြီး၊ သက်ဆိုင်ရာအဆင့်ဆင့်သို့တင်ပြပြီး၊ ပင်လယ်နှင့် အနီးဆုံးဒေသများဖြစ်တဲ့ ခမင်းဆိပ်၊ ဒေါ်ငြိမ်း၊ ဆိပ်မ၊ အမာ၊ ချောင်းဝကျေးရွာများရှိတဲ့ Cyclone Shelter ငါးလုံးကို ပြုပြင်ပေးထားပါတယ်။

အခုတလောမှာတော့ အိန္ဒိယသမုဒ္ဒရာ ဘင်္ဂလားပင်လယ်အော်အတွင်း ဘာရန်ကျွန်းမှာရှိတဲ့ မီးတောင်ပေါက်ကွဲခဲ့ရင် ဆူနာမီရေလှိုင်းများဖြစ်ပေါ်လာနိုင်ပြီး မြန်မာနိုင်ငံ ပင်လယ်နဲ့ထိစပ်တဲ့ဒေသတွေ ရေဘေးအန္တရာယ်ကြုံလာနိုင်တယ်ဆိုတဲ့ သတင်းများရရှိထားတဲ့အတွက် ကျွန်တော်တို့ ဖျာပုံခရိုင်က ပင်လယ်ကမ်းရိုးတန်းဒေသတစ်ခုဖြစ်နေတော့ အကယ်၍ ဘေးအန္တရာယ်ကျရောက်လာရင် ဒေသခံပြည်သူများ ကြံ့ကြံ့ခံတွန်းလှန်နိုင်တဲ့ အတွေ့အကြုံတွေရှိနေဖို့အတွက် ဆူနာမီသဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်ခန်းတွေလုပ်ပေးနေသလို သဘာဝဘေးလျော့ပါးရေး အသိပညာပေးသင်တန်းတွေ ဒေသခံပြည်သူတွေကို ပို့ချသင်ကြားပေးလျက်ရှိပါတယ်။ ဒါ့အပြင် ပင်လယ်နဲ့အနီးဆုံး မြို့နယ်တစ်ခုဖြစ်တဲ့ အမာမြို့နယ်မှာလည်း ဒေသခံတွေကို ကြက်ခြေနီသင်တန်းပေးဖို့ စီစဉ်နေပါတယ်။

ကျွန်တော်တို့ ခရိုင်ကော်မတီဝင်တွေ နှစ်ပတ်တစ်ကြိမ် ပုံမှန်အစည်းအဝေးလုပ်ပါတယ်၊ လိုအပ်ရင်လည်း အရေးပေါ်အစည်းအဝေးခေါ်တာတွေရှိပါတယ်။ အခုလို မိုးဦးလေဦးကာလတွေမှာ ဖြစ်လာတတ်တဲ့ သဘာဝဘေးအန္တရာယ် လေပြင်းတိုက်မယ်၊ ရေကြီးမယ်ဆိုတဲ့ မိုးလေဝသ ထူးခြားသတင်းတွေ ရရှိလာခဲ့ရင်လည်း မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီမှတစ်ဆင့် ရပ်ကွက်၊ ကျေးရွာတွေအထိ ချက်ချင်းအကြောင်းကြားပေးပါတယ်။ မြို့ပေါ်က ပြည်သူတွေကိုတော့ မီးသတ်ဦးစီးဌာနအကူအညီနဲ့ အသံချဲ့စက်နဲ့ အသိပေးကြေညာပေးပါတယ်။ အထူးသဖြင့်တော့ ကျွန်တော်တို့ ဖျာပုံခရိုင်က ရေလုပ်ငန်းကလည်း အဓိကလုပ်ငန်းတစ်ခုဖြစ်နေတော့ ငါးလုပ်ငန်းဦးဌာန၊ ကမ်းနီးကမ်းဝေးငါးဖမ်းအသင်း၊ ပင်လယ်ကျားပိုက်လုပ်ငန်းရှင်များအသင်းတွေ ချိတ်ဆက်ပြီး ရေလုပ်သားတွေ ဘေးလွတ်ရာကမ်းပြန်ကပ်ဖို့ နှိုးဆော်အသိပေးတာတွေလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ။

**အဆင့်ဆင့် ပူးပေါင်းပါဝင်ခြင်းဖြင့် သဘာဝဘေးအန္တရာယ်တွေ လျှော့ချနိုင်မယ်လို့ မျှော်လင့်ပါတယ်၊ ဘာပဲလုပ်လုပ် သဘာဝဘေးအန္တရာယ်ကိုတော့ မမေ့ကြဖို့နဲ့ သဘာဝဘေးအန္တရာယ်နဲ့ပတ်သက်တဲ့ ပညာပေးအစီအစဉ်တွေမှာ ပူးပေါင်းပါဝင်ခြင်းဖြင့် ဘေးအန္တရာယ်တွေကို လျော့နည်းသက်သာစေနိုင်**

# ပြည်ထောင်စုရှေ့နေချုပ် ပဲခူးမြို့၌ လုပ်ငန်းညှိနှိုင်းဆွေးနွေး



**ပဲခူး မေ ၂၀**

ပြည်ထောင်စုရှေ့နေချုပ်နှင့် ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး ခရိုင်နှင့်မြို့နယ်ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်းတွေ့ဆုံပွဲကို မေ ၁၉ ရက်က တိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသစ်လက်ထက် လေးနှစ်ကျော်ကာလ တာဝန်ယူခဲ့စဉ် တိုးတက်အောင်မြင်မှု၊ ဥပဒေရေးရာ လုပ်ဆောင်မှုအခြေအနေများ၊ ကျန်ရှိသည့် ၁၀ လတာကာလတွင် အရှိန်အဟုန်မပျက် တိုးတက်လုပ်ဆောင်ကြရေး၊ အမှုလိုက်လုပ်ငန်းဆိုင်ရာများ၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ဥပဒေအရာရှိများ ဆောင်ရွက်ရမည့် ကော်မရှင်တာဝန်များ၊ ဥပဒေအရာရှိများ၏ ကျင့်ဝတ်သိက္ခာ ပိုမိုတိုးတက်စေရေးကိစ္စများ၊ လာဘ်ပေးလာဘ်ယူမှု ကင်းရှင်းစွာ ဆောင်ရွက်ရေးစသည်တို့ကို မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဥပဒေချုပ် ဦးမြင့်အောင်က တိုင်းဒေသကြီးအတွင်း ဆောင်ရွက်ခဲ့ပုံများ၊ တိုင်းဒေသကြီးဥပဒေအရာရှိ ဦးဇော်လင်းမောင်က လုပ်ငန်းဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများနှင့် ခရိုင်ဥပဒေအရာရှိများက ခရိုင်အလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြခဲ့ကြသည်။ ထို့နောက် ပြည်ထောင်စုရှေ့နေချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

# ခရီးသွားလုပ်ငန်းမြှင့်တင်ရေး FAM TRIP အဖွဲ့ ပုဂံဒေသသို့ လေ့လာရေးခရီးရောက်ရှိ

**ညောင်ဦး မေ ၂၀**

မြန်မာ-ထိုင်းနိုင်ငံတို့ နှစ်နိုင်ငံ ပူးပေါင်း၍ခရီးသွားလုပ်ငန်း မြှင့်တင်ရေးကိစ္စရပ်များကို နေ့စဉ်အစဉ်တစိုက်ဆောင်ရွက်လျက်ရှိရာ ထိုင်းနိုင်ငံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့နှင့် မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် ဥရောပနှင့် အမေရိကရှိခရီးသွားလုပ်ငန်း လုပ်ကိုင်သူများ၊ မီဒီယာများပါဝင်သော FAM TRIP ခရီးစဉ်အဖွဲ့သည် မြန်မာနိုင်ငံသို့ မေ ၁၇ ရက်မှစတင်ရောက်ရှိကာ လေ့လာရေးခရီး လည်ပတ်လျက်ရှိကြောင်း သိရသည်။



အဆိုပါအဖွဲ့တွင် ဥရောပနှင့် အမေရိကရှိ ခရီးသွားလုပ်ငန်းကုမ္ပဏီများနှင့်မီဒီယာများမှ ကိုယ်စားလှယ် ၄၉ ဦး၊ ထိုင်းနိုင်ငံခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့၏ ပြည်ပရုံးခွဲကိုးခုမှ ဝန်ထမ်း ၁၀ ဦး စုစုပေါင်း ၅၉ ဦးပါဝင်ပြီး မေ ၁၄ ရက်မှ ၁၇ ရက်အထိ ထိုင်းနိုင်ငံတွင် လည်ပတ်ခဲ့ကြောင်း၊ မေ ၁၇ ရက်တွင် Bangkok Airways PG 725 လေကြောင်းလိုင်းဖြင့် မန္တလေးမြို့သို့ ရောက်ရှိခဲ့ကြောင်း သိရှိရသည်။

မန္တလေးမြို့မှတစ်ဆင့် မြန်မာနိုင်ငံရှိ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေဒေသသို့ မေ ၁၈ ရက်နေ့လယ်ပိုင်းတွင် ရောက်ရှိကာ နေဝင်ဆည်းဆာ အလှကြည့်ရှုခြင်း၊ စုပေါင်းညစာစားပွဲ ကျင်းပခြင်း၊ ညောင်ဦးမြို့ရှိ မဏိစည်သူဈေး၊ ရွှေစည်းခုံ၊ အာနန္ဒာ၊ မြင်းကပါဂူပြောက်ကြီးစသည့် ပုဂံဒေသရှိ အထင်ကရနေရာများ သွားရောက်လည်ပတ်ကြပြီးမေ ၁၉ ရက် ညနေ ၃ နာရီခွဲတွင် ပုဂံ-ညောင်ဦး ဒေသမှ နေပြည်တော်သို့ လေကြောင်း ခရီးဖြင့် လေ့လာရေးခရီးဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# အမျိုးသားအဆင့် လျှပ်စစ်ဓာတ်အားရရှိရေး စီမံချက်ညှိနှိုင်းဆွေးနွေး

**မန္တလေး မေ ၂၀**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကမ္ဘာ့ဘဏ် (World Bank) ပူးပေါင်းလျက် အမျိုးသားအဆင့် လျှပ်စစ်မီးရရှိရေးစီမံချက် (NEP) အတွက် သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးရာ ဘေးကင်းလုံခြုံမှုစီမံချက်မူဘောင်နှင့် ဆင်းရဲနွမ်းပါးမှုနှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုပမာဏ လေ့လာသုံးသပ်ချက်မူကြမ်းအတွက် အကြံဉာဏ်ရယူခြင်းအစည်းအဝေးကို မေ ၁၅ ရက်က မန္တလေးမဟာအောင်မြေမြို့နယ်ဟိုတယ်မန္တလေး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန စီမံကိန်း မန်နေဂျာ ဦးအောင်မြင့်က အမှာစကားပြောကြားပြီး စီမံကိန်းနှင့်ပတ်သက်သည် များကို World Bank Group မှ Senior Enviroment Engineer Mr. Frank Woer Dan မှ World Bank နှင့် ပတ်သက်သည်များကို မိတ်ဆက် ပြောကြားခဲ့သည်။ အမျိုးသားအဆင့်လျှပ်စစ်မီးရရှိရေးစီမံချက် (NEP) နှင့် ပတ်သက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အင်ဂျင်နီယာမှူး ဒေါ်နှင်းသီရိက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ World Bank Group မှ National Environment Consultant ဒေါ်ဖြူဖြူအေးက သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးရာ ဘေးကင်းလုံခြုံမှုစီမံချက်မူဘောင်မူကြမ်းနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြပြီး World Bank Group မှ Consultant Miss Charlotte Alice Cantor က ဆင်းရဲနွမ်းပါးမှုနှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှု ပမာဏလေ့လာသုံးသပ်ချက်မူကြမ်းနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းကြသည်။ မြန်မာနိုင်ငံအမျိုးသားအဆင့် လျှပ်စစ်ဓာတ်အား ရရှိရေးစီမံကိန်းအတွက် ကမ္ဘာ့ဘဏ်၏ပထမအကြိမ်ချေးငွေ အမေရိကန် ဒေါ်လာသန်း ၄၀၀ နှင့်အတူ နည်းပညာအကူအညီများပါ ရယူသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ပဋ္ဌပဏ္ဏာစာအုပ်ငါးမျိုးမိတ်ဆက်ပွဲ ကျင်းပ

**ပုသိမ်ကြီး မေ ၂၀**

ရဟန်းစာဆို တက္ကသိုလ်တေဇာလင်း၏ ၂၀၁၅ ခုနှစ်ထုတ် ပဋ္ဌပဏ္ဏာစာအုပ်ငါးမျိုး မိတ်ဆက်ပွဲအခမ်းအနားကို မေ ၁၇ ရက်က ပုသိမ်ကြီးမြို့နယ် နန်းဦးလွင်ရပ်ကွက် မိသားစုကဖေး၌ကျင်းပသည်။

ရဟန်းစာဆိုတက္ကသိုလ်တေဇာလင်း၏ ပဋ္ဌပဏ္ဏာစာအုပ်ငါးမျိုးမှာ (၁)ကန့်လန့်ကာ အဖွင့်ပွဲတင်သံ၊ (၂) အမျိုးသမီးဘဝဖြင့် ဘုရားဆုပန်ကောင်းပါသလား၊ (၃) တို့ဘုရား အသားဘုန်းပေးသလား၊ (၄) ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းရှင်းတမ်း (၅) ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂ ပါး ရှုကွက်စာအုပ်များဖြစ်သည်ဟု သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်


## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့နယ်မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် တာလေ-ပါလျှိုး-ကျိုင်းလပ်လမ်း (ပြည်ထောင်စုလမ်း)၏ ပြည်ထောင်စုရန်ပုံငွေနှင့် ပြည်နယ်ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် လမ်းလုပ်ငန်းများအတွက် လိုအပ်သော အောက်ပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က) ဘိလပ်မြေ (ခ) သံချောင်းရွယ်စုံ (ဂ) သစ်ခွဲသား
(ဃ) ကျောက်ရွယ်စုံ (င) ချောင်းသဲကျောက် (စ) သဲကြမ်း

၂။ **တင်ဒါတင်သွင်းရမည့်ရက်** - ၂၀-၅-၂၀၁၅ ရက်မှ ၂-၆-၂၀၁၅ ရက်ထိ (ရုံးချိန်အတွင်း)
၃။ **တင်ဒါရွေးချယ်မည့်ရက်၊အချိန်** - ၃-၆-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) ၁၄း၀၀ နာရီ
၄။ **တင်ဒါရွေးချယ်မည့်နေရာ** - ခရိုင်အင်ဂျင်နီယာမှူးရုံး တာချီလိတ်မြို့

တင်ဒါလျှောက်လွှာပုံစံများကို တာချီလိတ်မြို့နယ် အင်ဂျင်နီယာရုံးတွင် ဝယ်ယူတင်သွင်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ဖုန်း-၀၈၄-၅၁၀၁၇၊ ၀၈၄-၅၁၀၀၈၊ ၀၉-၄၅၈၀၃၃၉၅၂**

## ပိုင်ရှင်မှ တိုက်ရိုက်ရောင်းမည်။

ကိုယ်ပိုင်နေရန်အထူးအဆင့်မြင့်သည်၊ အငှားထားလျှင်ဈေးကောင်းရမည်၊

ကျောက်မြောင်း၊ လမ်းကောင်း၊ အဆင့်မြင့်အသင့်နေတိုက်ခန်းများ အိမ်ရှေ့ ဗာဂျာဆွဲတံခါးမကြီး၊ အဆင့်မြင့် ကနုတ်သံပန်းအလှများနှင့် ဆန်းရိုတ်တစ်အိမ်လုံးပြည့်တပ်ဆင်၍၊ ပန်းကနုတ်ကျွန်းတံခါးများနှင့် PVC ပြတင်းပေါက်ကျယ်များ တစ်အိမ်လုံးပြည့် တပ်ဆင်ထားသည်။ (အိပ်ခန်း(၂)ခန်းပါ) A/C (1) လုံး၊ မျက်နှာကျက်ကောနစ်၊ မီးအလှနှင့် အဆင့်မြင့် မီးဆိုင်းများ တပ်ဆင်ထားသည်။ အဆင့်မြင့်ပါကေးခင်းပြီး၊ ကြွေပြားများ တစ်အိမ်လုံးပြည့် ခင်းကပ်၍ မီးဖိုခုံနှင့် ဗီဒိုများ တပ်ဆင်ထားသည်။ ရေချိုးခန်း Pressur Pump၊ ရေပူ/ရေအေး တပ်ဆင်ပြီး ဘိုထိုင်၊ ရေမီးကိုယ်ပိုင် (အသင့်နေနိုင်)(ပွဲစား၊ အကျိုးဆောင်၊ ကြော်ငြာများမလိုပါ။)

အင်းဝလမ်း၊ပထမထပ်(15'×50')ကျပ်သိန်း(560) Ph:09-5053076
ကျားကွက်သစ်လမ်းမကြီး၊တတိယထပ်၊(17'×60')ကျပ်သိန်း(710)

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံး၊ ပဲခူးမြို့တွင် ခြောက်ခန်းတွဲလေးထပ်(RC)(၁၃၂×၃၀×၃၇)ပေရှိ ဝန်ထမ်းအိမ်ရာအဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၂-၅-၂၀၁၅ရက်
၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၅-၆-၂၀၁၅ရက် ၁၆း၀၀နာရီ

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံး**
**ဖုန်း-၀၅၂-၂၂၃၀၈၀၁၊ ၂၂၃၀၁၇၀၊ ၂၂၃၀၈၀၇**

## ပျောက်ဆုံးကြောင်း

အကောက်ခွန်ဦးစီးဌာန၏ သွင်းကုန်ကြေညာလွှာ မှတ်ပုံတင်အမှတ်- 705279 [20-5-14, ILV/13-14/ 2849, Consigner-AL HUSAININT'L TRADING (JAPAN), Consingance- GREEN ARROW CO.,LTD. (Myanmar). TOYOTA PASSO, 2009, 1300 cc, KGC-10-0224842]သည် ကညန လုပ်ငန်းဆောင်ရွက်စဉ် ပျောက်ဆုံးကြောင်းနှင့် တွေ့ရှိသူများအောက်ပါလိပ်စာသို့ ဆက်သွယ်ပေးပို့ရန် ကြေညာအပ်ပါသည်။ **ဦးဝင်းနိုင် အမှတ် (၁၅)၊ ငါးလွှာ၊ စလင်းလမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်၊ ဖုန်း-၀၉-၄၉၃၃၁၅၄၂**

## ကန့်ကွက်နိုင်ပါကြောင်း

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ သီရိမင်္ဂလာလမ်းမ၊ အနော်ရထာလမ်းသွယ် ၁၇၊ မြေကွက်အမှတ် ၇၃၊ (ပေ၈၀×ပေ၆၀)ဦးလှစိန် အမည်ပေါက် နှစ်၃၀ဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါ၍ မူလကာယကံရှင်ကိုယ်တိုင် ဂရန်မိတ္တူကူးယူခွင့် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးလှစိန်**
**၉/မထလ(နိုင်)၁၇၆၄၇၄**
**ဖုန်း-၀၇၁-၂၄၆၆၃**

## ကြယ်ပဲစိုက်ပျိုးထုတ်လုပ်သူများအသင်းပွဲ့စည်းခြင်း

မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများ အသင်း မှ ကြယ်ပဲ စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများ အစုအဖွဲ့ ဖွဲ့စည်းမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူများ ၂၀၁၅ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့ နောက်ဆုံးထားဆက်သွယ်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**ဆက်သွယ်ရန် ။ ။ MFFVPEA အသင်းရုံး UMFCCI (၅)လွှာ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ ။ ဖုန်း 01 218367**
**ဦးသက်လှိုင် 09 49002249 - ဦးဉာဏ်ဝင်းမြိုး 09 250288004**

## ရောင်းမည်

မှော်ဘီမြို့နယ်၊ (ရှမ်းကုန်းရွာ)နှင့် လှည်းကူးမြို့နယ် (ကျောက်အိုင်ရွာ)တွင် ပေ(၄၀×၆၀)မြေကွက်များနှင့် ပေ(၂၀×၆၀)မြေကွက်များရောင်းရန်ရှိသည်။
(လယ်မြေမဟုတ်ပါ။)
Ph: 09-5505618, 09-255972638

## ယဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉၃/၃၆၈၁၄ mandalar F/T(GBM.VII F/J (4×2)L.H.D Dump Body ယာဉ်လက်ဝယ်ရှိသူ ဥတ်(စ်)ဘုရားသား(စ်)ကုမ္ပဏီလီမိတက်က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ချမ်းငြိမ်းအောင် ၅/ကနန(နိုင်)၁၁၁၃၆၇ ၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၆၁၂၅၂၀၁၂**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်တော်ဦးတင်(ခ) ဦးမောင်တင် ၉/မတလ(နိုင်)၀၆၆၉၁၃ ကိုင်ဆောင်သူသည် နာမည်နှစ်မျိုးစလုံးမှာ လူတစ်ဦးတည်းဖြစ်ပါသည်။
**ဦးတင်(ခ)ဦးမောင်တင်**

## အမည်ပြောင်း

ဦးဇာနည်အောင်၏သား ဗဟန်းမြို့နယ် အ.မ.က(၁)ဗဟန်း စတုတ္ထတန်း(B)မှ မောင်ထူးမြတ်နောင်အား မောင်ထူးထက်နိုင်ဟု ယနေ့မှစ၍ ပြောင်းလဲခေါ်ပါရန်။
**မောင်ထူးထက်နိုင်**

# လောက်ကိုင်ဒေသ တည်ငြိမ်အေးချမ်းသည့်အခြေအနေသို့ရောက်ရှိ ပညာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို ပြန်လည်ပို့ဆောင်

**လားရှိုး မေ ၂၀**

ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့တွင် တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိလာသဖြင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းဖွင့်အမီ ကျောင်းသားကျောင်းသူများ ပညာသင်ကြားပေးနိုင်ရန် ပညာရေးဝန်ထမ်း ၂၁၀ ကို မေ ၂၀ ရက် နံနက် ၁၁ နာရီက လားရှိုးမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း စုရပ်မှ မော်တော်ယာဉ်နှစ်စီးဖြင့်လည်းကောင်း၊ ဌာနဆိုင်ရာ ဝန်ထမ်းများသည် စွမ်းရည် မော်တော်ယာဉ်ငယ်အသင်းနှင့် နယ်စပ်မန်း မော်တော်ယာဉ်အသင်းတို့မှ မော်တော်ယာဉ်များဖြင့်လည်းကောင်း လားရှိုးမြို့မှ လောက်ကိုင်မြို့သို့ ပို့ဆောင်စီစဉ်ပေးခဲ့သည်။



ထိုသို့ စီစဉ်ပေးရာတွင် ပြည်နယ်ဒုတိယ အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်၏ ဦးဆောင်မှုဖြင့် ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန တွဲဖက်ပြည်နယ် (လားရှိုး)မှ ခေတ္တပြည်နယ်ဦးစီးမှူး ဦးကြည်နိုင်က ကြီးကြပ်၍ ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီက ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝေလင်း**

# နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်း ထမ်းရွက်နေကြသော တပ်မတော်သားများအတွက် အလှူငွေပေးအပ်လှူဒါန်း

**နေပြည်တော် မေ ၂၀**

နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက သတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းတို့မှ လောက်ကိုင်ဒေသတွင် နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို သက်စွန့်ကြိုးပမ်း ထမ်းရွက်နေကြသော တပ်မတော်သားများ အတွက် ငွေကျပ်သိန်း ၅၀၀ အား ပေးအပ်လှူဒါန်းရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်နေလင်းက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပျဉ်းမနားမြို့၌ မိုးသည်းထန်စွာရွာသွန်း

**နေပြည်တော် မေ ၂၀**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်၌ ယနေ့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်မှစတင်၍ နာရီဝက်ခန့် မိုးသည်းထန်စွာရွာသွန်းသဖြင့် ပျဉ်းမနားမြို့နယ် ရန်အောင်(၁)ရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်းမြင်းရတနာ မီးပွိုင့်နှင့် ရွှေညောင်ပင်မှတ်တိုင်အနီးကားလမ်းပေါ်၌ မိုးရေများ ပြည့်လျှံသွားခဲ့ပြီး ယာဉ်သွားလာမှုများ ခေတ္တနှောင့်နှေးခဲ့ရသော်လည်း အခက်အခဲမရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ပြည်သူ့အကျိုးပြု ရေပေးဝေရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေး

**ရန်ကုန် မေ ၂၀**

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနသည် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ရေရှားပါးသည့်ဒေသများ၌ ပြည်သူ့အကျိုးပြု ရေပေးဝေရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိရာ မေ ၁၉ ရက်က မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာများ၌ ရေဂါလန် ၈၀၀၀ ကို ပေးဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

**သိန်းထွန်းအောင်**

# မြစ်ငယ်ဝန်ထမ်းအိမ်ရာ သစ်ပင်ပိ

**မြစ်ငယ် မေ ၂၀**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်မြို့၌ မေ ၁၉ ရက်က အောင်မင်္ဂလာရပ်ကွက်ရှိ မီးရထားဝန်ထမ်းအိမ်ရာပေါ်သို့ သက်တမ်းရင့် ကုက္ကိုပင်ကြီးတစ်ပင် လဲကျသွားခဲ့ကြောင်း သိရသည်။

အဆိုပါ လဲကျသွားခဲ့သော သစ်ပင်သည် သက်တမ်းရင့် ကုက္ကိုပင်ကြီးဖြစ်ပြီး ယခုရက်ပိုင်းအတွင်း နေ့စဉ်မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် သက်တမ်းရင့် အပင်ကြီး အမြစ်မှကျွတ်၍ ဝန်ထမ်းအိမ်ရာပေါ် ပိသွားခဲ့ခြင်းဖြစ်ကာ ဝန်ထမ်းအိမ်ရာ နေထိုင်သူ တစ်ဦးတစ်ယောက်မျှ ထိခိုက်မှုမရှိကြောင်း သိရသည်။

"ညက လေမတိုက်ဘဲနဲ့ မိုးပဲရွာနေတာ။ ဝုန်းဆိုတဲ့အသံကြားလို့ ထကြည့်တော့ လိုင်းခန်းပေါ်ကို ကုက္ကိုပင်ကြီးပိနေပြီ။ တော်သေးတယ် လူတွေ ထိခိုက်ဒဏ်ရာမရကြလို့" ဟု မြစ်ငယ် ရထားစက်ရုံဝင်းနေ ဒေါ်ရီရီဝင်းက ပြောသည်။

အဆိုပါ သစ်ပင်လဲကျမှုကြောင့် မီးရထားဝန်ထမ်းအိမ်ရာ၌ နေထိုင်သူများကို လောလောဆယ် အောင်မင်္ဂလာ ဓမ္မာရုံ၌ ယာယီနေရာချထားပေးပြီး မြန်မာ့မီးရထား လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)မှ အထွေထွေမန်နေဂျာ ဦးတင်မောင်သန်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုကြသည်။ လက်ထောက်မန်နေဂျာ ဦးကျော်ကျော်ဦးနှင့် မြစ်ငယ် ရထားမီးသတ်တပ်ဖွဲ့ဝင်များက ပိနေသော သစ်ပင်ကို ရှင်းလင်းခဲ့ကြောင်း သိရသည်။



အလားတူပင် တပင်ရွှေထီး ရပ်ကွက်တွင်လည်း သစ်ပင်ကြီး တစ်ပင် ပြိုလဲသွားကြောင်း သိရသည်။ **မောင်မောင်စိုး(မြစ်ငယ်)**


Mingalar Cinemas
www.facebook.com/mingalarcinemas
Mingalar Cinemas facebook

| | | | | | |
|---|---|---|---|---|---|
| သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃ | သွင် ၀၁-၃၇၂၉၉၄ ၀၉၇၃၂၃၅၅၆၀ | မင်္ဂလာ(၁) သိမ်ကြီးဈေး ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၈ | မင်္ဂလာ(၂) အုတ်စင်တာ(၂) ၀၉၇၃၂၅၄၀၉၁ ၀၉၇၃၂၅၄၀၉၂ | ရွှေဆောင် ၀၁-၂၅၂၁၁၃ ၀၁-၃၈၈၀၃၄ ၀၁-၃၇၀၇၈၇ | နေပြည်တော် ၀၁-၂၅၁၂၇၇ ၀၁-၂၅၁၂၈၈ |
| မင်္ဂလာစံပြ ၀၉၂၆၀၈၈၇၀၃၅ ၀၁ ၂၃၀၃၁၆၅ ၀၉၇၃၁၇၆၀၀၀ | Top Royal (စိန်ဂေဟာ-ဗိုလ်ချုပ်) ၀၉၄၂၀၁၈၆၂၉၁ ၀၉၄၂၀၁၈၆၂၉၂ | ဝင်းလိုက်(မန္တလေး) ၀၂-၃၉၁၂၈ ၀၂-၆၀၂၉၁ | မြို့မ(မန္တလေး) ၀၂-၃၉၁၃၆ ၀၂-၃၉၁၃၇ | မင်္ဂလာဒိုင်းမွန်း (မန္တလေး) ၀၉၄၀၂၈၆၅၆၄၁ ၀၉၄၀၂၈၆၅၆၄၂ | မင်္ဂလာထွန်းသီရိ (ပြည်) ၀၉၇၉၁၁၀၈၃၇၅၁ ၀၉၇၉၁၁၀၈၃၇၅၂ |

ချစ်စံအိမ် ၂၀၂၈
ရန်ကုန်
သမ္မတ၊ သွင်၊ မင်္ဂလာ(၁)
မင်္ဂလာစံပြ၊ Top Royal
မန္တလေး
ဝင်းလိုက်၊ မြို့မ
ပြည် - မင်္ဂလာထွန်းသီရိ

AVENGERS: AGE OF ULTRON(3D)
ရန်ကုန်
နေပြည်တော်(၁၊၂)
မင်္ဂလာ(၂)၊ မင်္ဂလာစံပြ
မန္တလေး
မင်္ဂလာဒိုင်းမွန်း
ပြည် - မင်္ဂလာထွန်းသီရိ

RUN ALL NIGHT
ရန်ကုန် - ရွှေဆောင်(၁)
မင်္ဂလာစံပြ
မန္တလေး
မင်္ဂလာဒိုင်းမွန်း

ခိုးခိုးခစ်ခစ်
ပြည် - မင်္ဂလာထွန်းသီရိ

FAST & FURIOUS7-3D
ရန်ကုန် - ရွှေဆောင်(၂)
မန္တလေး - မင်္ဂလာဒိုင်းမွန်း

MAKE ME SHUDDER 3
ရန်ကုန်
နေပြည်တော်(၃)
မန္တလေး
မြို့မ နံနက်(၁၀:၀၀)နာရီ

၂၂ . ၅ . ၂၀၁၅ ရက်မှ စတင်ပြသမည့်ဇာတ်ကားသစ်များ
ပွဲချိန်သတ်မှတ် - ၁၀:၀၀ နာရီ၊ ၁၂:၃၀ နာရီ၊ ၃:၃၀ နာရီ၊ ၆:၃၀ နာရီ၊ ၉:၃၀ နာရီ















## ထန်းပင်ပေါ်ရှိ ပျားအုံကိုတက်ဖွပ်သူ မီးလောင်သေဆုံး

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ပွဲသာကျေးရွာအုပ်စု ကုန်းကလေးကျေးရွာတွင်မေ ၁၅ ရက်မွန်းလွဲ ၁ နာရီခွဲက ဦးအောင်မင်း၏လယ်ထဲရှိ ဖုန်းဆိုးထန်းပင်(အခက်အလက်များမရှင်းသောပင်)ပေါ်သို့တက်၍ ပျားအုံတက်ဖွပ်ရာ ထန်းလက်များမီးလောင်ပြီးပျားတက်ဖွပ်သောအာလူး (၁၄ နှစ်)သည် တစ်ကိုယ်လုံးမီးလောင်ပြီး ထန်းပင်ပေါ်မှ ပြုတ်ကျခဲ့သည်။ သို့ဖြစ်၍ ထန်းပင်အောက်ရှိ ကလေးများက အော်ဟစ်အကူအညီတောင်းရာ အနီးပတ်ဝန်းကျင်ရွာသားများထွက်လာပြီး အင်းမဆေးရုံသို့ပို့ဆောင်သော်လည်း မီးလောင်ဒဏ်ရာနှင့်အတောင် ၂၀ ခန့်မြင့်သောထန်းပင်ပေါ်မှ ပြုတ်ကျသောဒဏ်ရာတို့ဖြင့် သေဆုံးသွားကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

## အစွပ်စွဲခံ မြန်မာအလုပ်သမားနှစ်ဦး၏အမှု သက်သေခိုင်လုံမှုမရှိသောကြောင့် လွတ်မြောက်နိုင်

**စူရတ်ဌာနီ မေ ၂၀**

ထိုင်းနိုင်ငံတောင်ပိုင်း စူရတ်ဌာနီခရိုင်အတွင်းရှိ လိပ်ကျွန်း (Koh Tao) တွင် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်က ဗြိတိန်နိုင်ငံသားနှစ်ဦး အသတ်ခံရမှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ ကော့စမွေအကျဉ်းထောင်အတွင်း၌ လူသတ်မှုဖြင့် အစွပ်စွဲခံထားကြရသည့် မြန်မာအလုပ်သမားနှစ်ဦး၏ အမှုဖြစ်စဉ်မှာ သက်သေအထောက်အထားခိုင်လုံမှုမရှိသောကြောင့် လွတ်မြောက်နိုင်ရန်သာရှိကြောင်း လိပ်ကျွန်းအထူးစုံစမ်းစစ်ဆေးရေးကော်မတီမှ ရွှေနေဦးအောင်မျိုးသန့်က မေ ၁၉ ရက်တွင် ဆက်သွယ်ပြောကြားသည်။

လိပ်ကျွန်း အထူးစုံစမ်းစစ်ဆေးရေးကော်မတီမှ ရွှေနေဦးအောင်မျိုးသန့်က "ထိုင်းနိုင်ငံတောင်ပိုင်း စူရတ်ဌာနီခရိုင် ခိုတောင်ကျွန်းမှာ ဖြစ်ပွားခဲ့တဲ့ ခရီးသွားဗြိတိန်လူမျိုးနှစ်ဦး အသတ်ခံရမှုအတွက် ကော့စမွေတရားရုံးတော်က DNA စစ်ဆေးချက်များကို ထိုင်းနိုင်ငံမှုခင်းစစ်ဆေးရေး ပါရဂူဒေါက်တာ ပွန်သစ်ထံပေးပို့ပြီး လွတ်လပ်စွာ ပြန်လည်စစ်ဆေးရန် ဧပြီ ၃၀ ရက်မှာ အမိန့်ချမှတ်ခဲ့ပါတယ်။ အမှုဖြစ်စဉ်တွေမှာ မျက်မြင်သက်သေလည်းမရှိ၊ ထူးခြားသော အခြားခိုင်လုံတဲ့ သက်သေအထောက်အထားတွေ မရှိခဲ့ပါလျှင် DNA စစ်ဆေးချက်များကို အားကိုးအားထားပြုကြရပါတယ်။ အဲဒါကြောင့် ကမ္ဘာပေါ်က မှုခင်းအတော်များများမှာ တရားခံရှေ့နေတွေဟာ DNAစစ်ဆေးမှုရဲ့ ရလဒ်ကို စောဒကမတက်ကြပါဘူး" ဟု ရှင်းပြသည်။

ဆက်လက်၍ ရှေ့နေဦးအောင်မျိုးသန့်က "အနှစ်ချုပ်ပြောရရင် DNA စစ်ဆေးချက်ဟာ အလွန်ခိုင်မာတဲ့ အဖြေဖြစ်ပါတယ်။ ဒါပေမယ့် DNA Sample ရယူပုံနည်းလမ်း မကျခဲ့ရင်၊ ရယူတဲ့နေရာမှာ မသမာမှုတွေကို ပြုလုပ်ဖို့ အခွင့်အလမ်းတွေ ရှိနေမယ်ဆိုရင် အဲဒီစစ်ဆေးချက်အဖြေရဲ့ သက်သေခံချက် တန်ဖိုးဟာ သုည(သုည)ပါပဲ။ ဒီတော့ အခုလိပ်ကျွန်းအမှုဖြစ်စဉ်မှာ DNA ရယူရာမှာလည်း ရေတက်/ရေကျ အမြဲရှိနေပြီး ရာသီဥတုအပြောင်းအလဲ၊ လေတိုက်ခတ်မှု အပြောင်းအလဲတွေကြားက ရယူခဲ့ရသော DNA ဖြစ်ပါတယ်။ အခုအချိန်မှာ ပြန်လည်ပြီး DNA ကို လွတ်လပ်စွာ ပြန်စစ်ဖို့ဆိုရင် အစားထိုးမရနိုင်သော သက်သေခံချက်များရှိစဉ်က မှန်ကန်သေချာအောင် နည်းလမ်းတကျ မဆောင်ရွက်တဲ့အမှုက ထင်ရှားပေါ်လွင်နေပါတယ်။ ဒီအမှုအတွက် သက်သေခံဥပဒေပုဒ်မ ၁၀၁၊ ၁၀၂၊ ၁၀၃ တွေဟာ တရားစွဲဆိုတဲ့သူဟာ တရားခံအပြစ်ပေးနိုင် လောက်အောင် ခိုင်လုံတဲ့အထောက် အထားတွေနဲ့ အစကတည်းက ပြည့်စုံအောင်တင်ရမှာပါ၊ အဲ့ဒီအချက် က ပျက်ကွက်ခဲ့ပြီး လွတ်လပ်သော သက်သေအထောက်အထားတွေ မရှိခဲ့ရင်တော့ တရားခံတွေကို အမှုကလွှတ်ပေးရန်သာရှိတယ်လို့ သုံးသပ်ရပါတယ်" ဟု ဆိုသည်။

ပြီးခဲ့သည့် ၂၀၁၄ခုနှစ် စက်တင်ဘာ ၁၅ ရက်က ဗြိတိန်နိုင်ငံသားနှစ်ဦး အသတ်ခံရမှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ မြန်မာအလုပ်သမား ကိုဝင်းဇော်ထွန်းနှင့် ကိုဇော်လင်းတို့အား ပြစ်မှုကျူးလွန်သည်ဟု ထိုင်းရဲများက တရားလိုပြုလုပ်တိုင်တန်းစွဲဆိုခဲ့ကာ လူသတ်မှု၊ မုဒိမ်းမှုအပါအဝင် အမှုငါးခုဖြင့် တရားစွဲဆိုခဲ့ပြီး ကော့စမွေအကျဉ်းထောင်အတွင်း၌ ချုပ်နှောင်ထားကာ လာမည့်ဇူလိုင် ၈ ရက်၊ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ရုံးချိန်းပြန်လည်စတင်မည်ဖြစ်ကြောင်း၊ ရုံးချိန်းစတင်ရက်၌ တစ်ခေါက် ချိန်းဆိုလျှင် ၃ ရက်၊ ၄ ရက် ဆက်တိုက် စစ်ဆေးမေးမြန်းသည့် သဘောရှိနေကြောင်း လိပ်ကျွန်းအထူးစုံစမ်းစစ်ဆေးရေး ကော်မတီမှ သိရသည်။

**စိုးဝင်း(SP)**

## ကော့သောင်းမြို့တွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

**ကော့သောင်း မေ ၂၀**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့ ကော့သောင်း-ဘုတ်ပြင်းအဝေးပြေးလမ်း ရွှေပြည်စိုးကျေးရွာအုပ်စု (၄)မိုင်ကုန်းတွင် မေ ၂၀ ရက်က ချောင်းဖျားကြီးကျေးရွာမှ ကော့သောင်းမြို့သို့ ပြေးဆွဲသည့် ခရီးသည်တင်ယာဉ် (APLAS) အမျိုးအစားထရပ်ခြောက်ဘီးတပ်ယာဉ်တစ်စီး လမ်းချော်တိမ်းမှောက်မှု ဖြစ်ပွားသည်။

ဖြစ်စဉ်မှာ ချောင်းဖျားကြီးကျေးရွာမှကော့သောင်းမြို့သို့ ပြေးဆွဲသည့် ခရီးသည်တင်ယာဉ် ယာဉ်မောင်း ဦးနွယ် (ခ)ဦးကျင် (၆၀) နှစ်၊ ချောင်းဖျားကြီးကျေးရွာနေသူ မောင်းနှင်သည့် ယာဉ်အမှတ် 5G/----- မော်တော်ယာဉ်သည် ချောင်းဖျားကြီးကျေးရွာမှ ကော့သောင်းမြို့သို့ အလာ ကော့သောင်း-ဘုတ်ပြင်း အဝေးပြေးလမ်း မိုင်တိုင်မှတ် (၂၇/၇) တွင် မျက်နှာချင်းဆိုင်မှ အရှိန်ပြင်းစွာ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်နှစ်စီးကို ယာဘက်လမ်းဘေးသို့ ရှောင်တိမ်းရာ မိုးရွာသွန်းထားသဖြင့် လမ်းဘေးမြက်ခင်း အစပ်မှတစ်ဆင့် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ခြင်းဖြစ်သည်။

ကားပေါ်လိုက်ပါလာသူများ ထိခိုက်ဒဏ်ရာရရှိခြင်း မရှိဘဲ သံယာတော်တစ်ပါးတွင် အနည်းငယ်ထိခိုက်ဒဏ်ရာရကြောင်းသိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မော်တော်ဆိုင်ကယ်မောင်းနှင်သူနှစ်ဦးနှင့် မော်တော်ယာဉ်မောင်းတို့အား ကော့သောင်းမြို့ ရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကျော်စိုး (iprd)**



## ရောဝတီဘဏ်နှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့မှ ပူးပေါင်းဆောင်ရွက်ရန် သဘောတူလက်မှတ်ရေးထိုးခြင်း




ရောဝတီဘဏ်နှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့မှ ပူးပေါင်းပြီး ပထမဆုံးခြေလှမ်းအနေဖြင့် tele banking စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ၁၄-၅-၂၀၁၅ရက်တွင် သဘောတူလက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ရောဝတီဘဏ်(ရုံးချုပ်)၌ ကျင်းပခဲ့သည်။ ရောဝတီဘဏ်၏ mBanking ဝန်ဆောင်မှုကို အသုံးပြုပြီး MPT ၏ (Top-up) ငွေဖြည့်ခြင်းကို ၂၄ နာရီ (ခုနစ်ရက်) ရုံးပိတ်ရက် ကန့်သတ်ချက်မရှိဘဲ အချိန်နှင့်တစ်ပြေးညီ ပြုလုပ်နိုင်ခြင်းကို ရရှိစေမည်ဖြစ်သည်။ ရောဝတီဘဏ်မှ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက် မူဝါဒများနှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေးနှင့် စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့ကို တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ယခုကဲ့သို့ လွယ်ကူအဆင်ပြေစေသော ဝန်ဆောင်မှုတစ်ရပ်ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် အောင်မြင်စွာ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီဖြစ်ပါသည်။

ရောဝတီဘဏ်သည် ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းဆိုင်ရာများကို လုပ်ကိုင်ဆောင်ရွက်နေသည့် ဘဏ်ဖြစ်ပြီး ဘဏ်ခွဲပေါင်း ၁၁၁ ဘဏ်နှင့် ATM စက်ပေါင်း ၂၂၂ခု ဖွင့်လှစ်ထားရှိပါသည်။ ထို့အတူ မြန်မာနိုင်ငံတွင် Centralised Core Banking System ကို ပထမဆုံး အကောင်အထည်ဖော်ခဲ့သော ဘဏ်တစ်ခုဖြစ်ပြီး အကောင်းဆုံးသော ဘဏ္ဍာရေးဝန်ဆောင်မှုများနှင့် ထုတ်ကုန်အသစ်များကို ပြုလုပ်ပေးနိုင်ရန် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ ရောဝတီဘဏ်သည် VISA နှင့်လက်တွဲပြီး VISA Prepaid Card, World Travel VISA Card အစရှိသည့် ဝန်ဆောင်မှုများကို သုံးစွဲသူများအား မိတ်ဆက်ပေးခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် ရောဝတီဘဏ်၏ နည်းပညာစနစ်သစ်များဖြင့် သုံးစွဲသူများ လွယ်ကူအဆင်ပြေစွာ ၂၄ နာရီ (ခုနစ်ရက်) ရုံးပိတ်ရက် ကန့်သတ်ချက်မရှိဘဲ အချိန်နှင့်တစ်ပြေးညီ အသုံးပြုနိုင်သော mBanking ဝန်ဆောင်မှုစနစ်သစ်ကိုလည်း ၂၀၁၅ ခုနှစ် ဇန်နဝါရီလက မိတ်ဆက်ပေးခဲ့ပြီး ဖြစ်ပါသည်။

"စိတ်ချယုံကြည် ရောဝတီ" ဆိုသည့်အတိုင်း ရောဝတီဘဏ်၏ မိတ်ဟောင်း မိတ်သစ်သုံးစွဲသူများအနေဖြင့် မိမိတို့၏ ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများကို နည်းပညာသစ်များဖြင့် ရိုးရှင်းလွယ်ကူ အဆင်ပြေစိတ်ချလုံခြုံစွာ အသုံးပြုနိုင်ပြီ ဖြစ်ပါသည်။


### ဖခင်အမည်မှန်

ကြံခင်းမြို့၊ အထက(ခွဲ) ရေနံတောင်မှ မမြတ်သဇင်ဝင်း(အဋ္ဌမတန်း)နှင့် မအိရွှေဇင်မိုး (ပဉ္စမတန်း)တို့၏ ဖခင်အမည်မှန်မှာ ဦးအုန်းကျော်မြင့် ဖြစ်ပါသည်။

### ဖခင်အမည်မှန်

ပြည်မြို့၊ အထက(၁)၊ သတ္တမတန်း(C) မှ မောင်ကောင်းမြတ်ဇော်၏ ဖခင်အမည်မှန်မှာ ဦးအောင်သူရ ၇/ပမန(နိုင်)၁၂၁၀၆၃ ဖြစ်ပါသည်။

ဦးအောင်သူရ

### ဖခင်အမည်မှန်

မိုးကောင်းမြို့ အ·ထ·က(၁)၊ ဆဋ္ဌမတန်း(A)မှ မကော့ဂျာနှင့် တတိယတန်းမှ မလုဆန်တို့၏ ဖခင်အမည်မှန်မှာ ဦးလရိန် ၁/ဝမန(နိုင်)၀၅၅၁၇၉ ဖြစ်ပါသည်။

### တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၊ တင်ငုတ်ကြီးကျေးရွာ အမက (မူလွန်)တွင် တာဝန်ထမ်းဆောင်နေသော ဆရာမ ဒေါ်ခင်မာအေး(ခ) ဒေါ်ခင်မအေးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### အမြန်ဆက်သွယ်ပါ



မောင်အောင်ကျော် လူလေး

အဖေ့ဆီ ဖုန်းဆက်ပါကွာ။

ဖုန်း-၀၉-၇၉၉၄၁၉၆၆၅


### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ပညာရေးဝန်ကြီးဌာန
### ဆရာအတတ်ပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
### ပညာရေးကောလိပ်နည်းပြ(သင်ပြနည်း)
### (လစာနှုန်း-၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)
### ရာထူးအတွက်လျှောက်လွှာခေါ်ယူခြင်း

(၁) ဆရာအတတ်ပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ပညာရေးကောလိပ်များတွင် နည်းပြ(သင်ပြနည်း)ရာထူးများ လစ်လပ်လျက်ရှိပါသဖြင့် ပညာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ အောက်ဖော်ပြပါအရည်အချင်းသတ်မှတ်ချက်များနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

- (က) သက်ဆိုင်ရာအထူးပြု ပညာရေးဘာသာရပ်၊ သင်ပြနည်းဘာသာရပ်များတွင် အနည်းဆုံးပညာရေးဘွဲ့(B.Ed) ရရှိပြီး အထက်တန်းပြဖြစ်ရမည်။
- (ခ) မဟာပညာရေးဘွဲ့(M.Ed) (သို့မဟုတ်)ပါရဂူဘွဲ့(ပညာရေး) (Ph.D) ရရှိထားသူဖြစ်ပါက အလယ်တန်းပြလုပ်သက် တစ်နှစ်ပြည့်ပြီးသူဖြစ်ရမည်။
- (ဂ) ၃၁-၅-၂၀၁၅ ရက်တွင် အထက်တန်းပြဖြစ်ပါက အသက်(၅၀)အထက် မကျော်လွန်သူ၊ အလယ်တန်းပြဖြစ်ပါက အသက်(၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- (ဃ) ကျန်းမာရေး ကောင်းမွန်သူဖြစ်ရမည်။
- (င) ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (စ) ပြစ်ဒဏ်ကျခံနေရသူများ၊ ရာထူးတိုးရပ်ဆိုင်းခံထားရသူများ လျှောက်ထားခွင့်မပြုပါ။

(၂) လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများပါရှိရမည်။

- (က) အခြေခံပညာကျောင်းအုပ်ကြီးများ၏ခွင့်ပြုစာ၊
- (ခ) ခြောက်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ သုံးပုံ၊
- (ဂ) တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်လက်မှတ်မိတ္တူနှင့်ဘွဲ့လက်မှတ်မိတ္တူ၊

(၃) လျှောက်လွှာပုံစံများကို ပညာရေးကောလိပ်များတွင် ရယူပြီး မိမိတို့တာဝန်ထမ်းဆောင်နေသည့် အခြေခံပညာကျောင်းအုပ်ကြီးမှတစ်ဆင့် နီးစပ်ရာပညာရေးကောလိပ်ကျောင်းအုပ်ကြီးထံသို့လည်းကောင်း ပညာရေးကောလိပ်ကျောင်းအုပ်ကြီးများမှ စုစည်းပြီး ဆရာအတတ်ပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ၂၉-၅-၂၀၁၅ ရက်နောက်ဆုံးထား၍ လူကိုယ်တိုင်(သို့မဟုတ်) စာတိုက်မှတစ်ဆင့် ပေးပို့လျှောက်ထားရမည်။ နေပြည်တော်(ရုံးချုပ်)တွင် လူတွေ့စစ်ဆေးပြီး အောင်မြင်သူများအား ပညာရေးကောလိပ်များ၏ ဘာသာရပ်လစ်လပ်ရာထူးများအရ စစ်ဆေးပြီး အောင်မြင်သူများအား ပညာရေးကောလိပ်များ၏ ဘာသာရပ်လစ်လပ်ရာထူးများအရ ခန့်ထားမည်။ သတ်မှတ်ရက်အမီ ရောက်ရှိလာခြင်းမရှိသောလျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

(၄) အသေးစိတ်သိရှိလိုပါက ဆရာအတတ်ပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော် ဖုန်းနံပါတ်-၀၆၇-၄၀၇၂၆၄ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဆရာအတတ်ပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**


**ပျောက်ဆုံးကြောင်း**

ကျွန်မ မသီတာနွယ် ၁၂/မဂတ(နိုင်)၀၆၃၁၅၄၏ Passport လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၃၀၁၆၉၀၀၀

# အနီအောက်ရောင်ခြည်ကုထုံးဖြင့် ကုသမှု ကျယ်ပြန့်လာနိုင်

**ရန်ကုန် မေ ၂၀**

တောင်ကိုရီးယားနိုင်ငံအခြေစိုက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတစ်ခုဖြစ်သည့် ဗီဂန်မြန်မာသည် မြန်မာပြည်သူများအတွက် အခမဲ့ကျန်းမာရေးစင်တာများ ဖွင့်လှစ်၍ အနီအောက်ရောင်ခြည်သုံးစက်များအသုံးပြုကာ နေ့စဉ်လူပေါင်း ၃၀၀၀ ခန့်အား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့ အခမဲ့ကျန်းမာရေးစင်တာတွေမှာ လာရောက်ကုသတဲ့ မိဘတွေအနေနဲ့ ဘာတစ်ခုမှ ကုန်ကျစရာမလိုပါဘူး။ အနီအောက်ရောင်ခြည်သုံးစက်ကို အသုံးပြုပြီး အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုပေးနေတာပါ"ဟု ဗီဂန်မြန်မာ ပုဇွန်တောင်စင်တာမှ ဒေါ်ဖြိုးဖြိုးဝေက ပြောသည်။ ဗီဂန်မြန်မာသည် အခမဲ့ကျန်းမာရေးစင်တာခွဲပေါင်း ၁၆ ခုကို မြို့ကြီးများတွင် ဖွင့်လှစ်ထားပြီး စင်တာခွဲတစ်ခုလျှင် တစ်ရက်လျှင် လူ ၃၀၀ ခန့်နှုန်းဖြင့် စုစုပေါင်း လူသုံးထောင်ကျော်ကို အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနှံ့တွင် စင်တာခွဲပေါင်း ၅၀ ကျော် အထိ ဖွင့်လှစ်သွားမည်ဖြစ်ရာ အနီအောက်ရောင်ခြည် ကုထုံးဖြင့် ကုသမှုလည်း ပိုမိုကျယ်ပြန့်လာမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

Top & Top VG ၈၀၀၀ ဟု အမည်ပေးထားသည့် အဆိုပါ အနီအောက်ရောင်ခြည်သုံးစက်သည် တွင်းထွက်ပစ္စည်း ၁၉ မျိုးကို Nano နည်းပညာဖြင့် ပေါင်းစပ်ထားကာ လူ့ခန္ဓာကိုယ်တွင်လိုအပ်သော အနီအောက်ရောင်ခြည်ကို ၉၈ ရာခိုင်နှုန်းထုတ်လွှတ်ပေးခြင်းဖြင့် ကြွက်သားများကို ပြေလျော့စေပြီး သွေးလည်ပတ်မှုအားကောင်းစေသောကြောင့် နိုင်ငံတကာမှ အသိအမှတ်ပြု FDA လက်မှတ်ရရှိထားကြောင်း သိရသည်။ စက်အသုံးပြုကုသခြင်းဖြင့် ဘေးထွက်ဆိုးကျိုးလုံးဝမရှိဘဲ ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးနိုင်ကာ နေ့စဉ်ပုံမှန် အသုံးပြုခြင်းဖြင့် ၁၅ ရက်အတွင်း ရောဂါအများအပြားကို သက်သာစေကြောင်း ဒေါ်ဖြိုးဖြိုးဝေက ပြောသည်။

ဗီဂန်မြန်မာ အခမဲ့ကျန်းမာရေးစင်တာများဖွင့်လှစ်ထားသည့် ဗီဂန်ကုမ္ပဏီသည် တောင်ကိုရီးယားနိုင်ငံအခြေစိုက်ဖြစ်ကာ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံ ၆၀ ကျော်၌ ဆေးပစ္စည်းများ တင်ပို့ရောင်းချရာမှ ရရှိသောအကျိုးအမြတ်များဖြင့် ပြည်သူများအတွက် အခမဲ့ကျန်းမာရေးစင်တာများ ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး အနီအောက်ရောင်ခြည်သုံးစက်များ အပါအဝင် စက်ကိရိယာများဖြင့် ရောဂါများကုသပေးလျက်ရှိသည်။

**သတင်း-မြင့်မောင်စိုး ဓာတ်ပုံ-သဏ္ဍ**



# ရန်ကုန်-မန္တလေးကားလမ်း ဂဝံမြေစေးခင်းနေရာများ၌ ယာဉ်မောင်းသူများ သတိပြုရန်လို

**ရေတာရှည် မေ ၂၀**

ရန်ကုန်-မန္တလေးကားလမ်းမကြီး၏ လမ်းပိုင်းများတွင် ကုမ္ပဏီများက လမ်းတိုးချဲ့ဖောက်လုပ်မှုများ ဆောင်ရွက်လျက်ရှိရာ လမ်းဘေးဝဲယာများ၌ ဂဝံမြေစေးနှင့် ဂဝံကျောက်များ ခင်းကျင်းထားပြီး ယခုရက်ပိုင်းတွင် မိုးအဆက်မပြတ်ရွာသွန်းနေခြင်းကြောင့် ဂဝံမြေစေးများက လမ်းချော်မှုများဖြစ်နိုင်သည့်အတွက် ယာဉ်မောင်းများအနေဖြင့် ဂရုပြုမောင်းနှင်ကြရန်လိုအပ်ကြောင်း ယာဉ်မောင်းသူအချို့၏ ပြောကြားချက်အရ သိရသည်။

"ကားတွေရော ဆိုင်ကယ်တွေပါ သတိထား မောင်းနေရတယ်။ မြေကြီးက အသစ်ဆိုတော့ တော်တော်ကို ချော်နေတာ။ ဘေးကို နည်းနည်းချမိတာနဲ့ လမ်းဘေးကို ဆွဲချသွားမှာ"ဟု ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ တိုးချဲ့နေသောလမ်းပိုင်းတွင် မောင်းနှင်ခဲ့သော ယာဉ်မောင်းတစ်ဦးက ပြောသည်။



ရေတာရှည်မြို့နယ်အတွင်း တိုးချဲ့နေသောလမ်းပိုင်းမှာ ဆွာမြို့နှင့် ရေတာရှည်မြို့တောင်ဘက် နန်ချွန်ကျေးရွာကြားအထိဖြစ်ကြောင်း သိရသည်။ လမ်းတိုးချဲ့မှုဆောင်ရွက်ရာ၌ အချို့နေရာများတွင် ကားလမ်းတစ်ဘက် တစ်ချက်၌ ကျောက်ကြီးများ ထည့်သွင်း၍ အမာခံဆောင်ရွက်ထားသဖြင့် အန္တရာယ်မရှိကြောင်း၊ သို့သော် နေရာအတော်များများ၌မူ အမာခံ ကျောက်ကြီးများမပါဘဲ ဂဝံမြေစေးများ ခင်းထားခြင်းကြောင့် လမ်းချော်မှုဖြစ်နိုင်ချေရှိနေသဖြင့် မိုးရာသီကာလတစ်လျှောက် သတိပြုမောင်းနှင်ကြရန်လိုအပ်ကြောင်း အဆိုပါလမ်းပိုင်းကို မောင်းနှင်သော ယာဉ်မောင်းအချို့က ပြောကြားသည်။

**ကိုလွင်(ဆွာ)**

# သက်ကြီး စာပေနှင့်အနုပညာရှင်များအတွက် အနုပညာဆည်းဆာရိပ် ဘိုးဘွားရိပ်သာ မင်္ဂလာဒုံမြို့နယ်၌ တည်ဆောက်မည်

**ရန်ကုန် မေ ၂၀**

စာပေ ဂီတ အနုပညာရှင်များ အသက်အရွယ်ကြီးရင့်လာသည့်အခါ အထောက်အကူဖြစ်စေရန်အတွက် အနုပညာဆည်းဆာရိပ်အမည်ရှိ ဘိုးဘွားရိပ်သာကို ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာစံပြကျေးရွာ ဘုန်းကြီးကျောင်း၌ တည်ဆောက်မည်ဖြစ်ပြီး မေ ၁၉ ရက်က ပန္နက်တင်ခြင်း ပြုလုပ်ခဲ့သည်။

ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ မြေအကျယ် ၂ ဧကပေါ်တွင် တည်ဆောက်မည့် အနုပညာဆည်းဆာရိပ် ဘိုးဘွားရိပ်သာကို လေးထပ်အဆောက်အအုံ သုံးလုံး၊ နှစ်ခန်းတွဲလုံးချင်းအိမ်ငယ် ၁၈ လုံးဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ နှစ်ခန်းတွဲလုံးချင်းအိမ်များသည် လူသုံးဦးမှ ငါးဦးအထိ နေထိုင်နိုင်မည့် အိမ်ငယ်များဖြစ်ကြောင်း သိရသည်။

အဆောက်အအုံများတည်ဆောက်ရန် မတည်ငွေ ကျပ်သိန်းတစ်ရာနှင့်အထက် အလှူရှင် ၄၅ စု နှင့် သိန်းတစ်ရာအောက်အလှူရှင်များ၏ ငွေကြေးများဖြင့် စတင်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

သက်ကြီးရွယ်အို အနုပညာရှင်များသည် အသက်အရွယ်ရလာသည့်အခါ နေထိုင်စားသောက်မှု အခက်အခဲရှိလာသဖြင့် ယခုကဲ့သို့ ဘိုးဘွားရိပ်သာ တည်ဆောက်ခြင်းဖြစ်ကာ စာပေနှင့် အနုပညာအလုပ်များကိုလည်း ဝါသနာအရ ဆက်လက်လုပ်ကိုင်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

အနုပညာဆည်းဆာရိပ် ဘိုးဘွားရိပ်သာသည် စာပေနှင့်အနုပညာရှင်များအတွက် ပထမဆုံး အကောင်အထည်ဖော်ဆောင်ရွက်သည့် ဘိုးဘွားရိပ်သာလည်းဖြစ်ကြောင်း သိရသည်။

**အေးနိုင်(ဓနုအောင်)**


## မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
## မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
## ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီနယ်မြေ ရေဆင်း၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အသုံးပြုမည့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ ၂၀၁၅ ခုနှစ် မေ ၂၈ ရက် နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရန် ကြေညာအပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | ဓာတ်ခွဲခန်းသုံးပစ္စည်းများ | ၅၂ မျိုး |
| ၂။ | ရုံးသုံးစက်ပစ္စည်းများ | ၁၁ မျိုး |
| ၃။ | မီးဖိုချောင်သုံးပစ္စည်းများ (စတီးထမင်းပေါင်းအိုးနှင့်အိုးခွက်များ) | ၆၀၀ ဦး အတွက်ချက်ပြုတ်ရန် |
| ၄။ | ပရိဘောဂများ | ၇ မျိုး |

၂။ တင်ဒါပုံစံ၊ စံချိန်စံညွှန်းများ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို အောက်ပါလိပ်စာများနှင့် ဖုန်း-၀၆၇-၄၁၆၅၂၆၊ ၀၆၇-၄၁၆၅၂၅၊ ၀၆၇-၄၁၆၅၃၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါကြောင်းနှင့် မွေးရေ/ကျေးလက် facebook နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ website ဖြစ်သော www.uvsyezin.edu.mm တွင် ကြည့်ရှုနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**
**ရေဆင်း၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်**



## အမည်ပြောင်း

မိုးကောင်းမြို့ အထက(၁) သတ္တမတန်း (F)မှ ဦးရွှေစိမ်း၏သမီး မခင်မေဆုအား မခင်မေစန်းဟု ပြောင်းလဲခေါ်ပါရန်။

**မခင်မေစန်း**



## အမည်ပြောင်း

မိုးကောင်းမြို့ အထက(၁) အဋ္ဌမတန်း (B)မှ ဦးထွန်းကျော်သူ၏သား မောင်ထက်ဝေယံကျော်အား မောင်ထက်ဝေယံဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ထက်ဝေယံ**



## မြေငှားများအဖြစ်မှရပ်စဲလိုက်ကြောင်းနှင့် ယာယီနေအိမ်ကိုဖျက်ယူ၍ မြေကွက်လွတ်ကို မြေပိုင်ရှင်ထံအပ်နှံပေးရန် အသိပေးနို့တစ်စာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရှမ်းချောင်း၊ မြေကွက်အမှတ်၇၉၃၊ ၇၉၈ နှင့် ၇၉၉ တို့၏ပိုင်ရှင် ဦးသာမြင့် ၁၂/မဂတ(နိုင်)၀၂၃၈၉၇၊ အမှတ် ၁၅၊ ဘုရင့်နောင်လမ်းမကြီး၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူ၏ တာဝန်ပေးချက်အရ-

၁။ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရှမ်းချောင်း၊ မြေကွက်အမှတ် ၇၉၃၊ မြေအကျယ်(ပေ၄၀×ပေ၆၀)၊ ပါမစ်မြေမျိုး၊ လိပ်စာအမှတ် ၇၉၃၊ အောင်သုခ(၂)လမ်း၊ ရှမ်းချောင်းရပ်ကွက်၊ လှိုင်သာယာမြို့နယ်ဟုခေါ်တွင်သည့် ဦးသာမြင့်ပိုင်မြေကွက်ပေါ်တွင် (၁) ဦးစန်းအုန်း၊ (၂) ဦးဝင်းလှိုင်၊ (၃) ဦးဇော်မင်းအောင်၊ (၄) ဦးသိန်းထွန်း၊ (၅) ဦးမိုးချစ်၊ (၆) ဦးမျိုးမြင့်အောင်၊ (၇) မောင်ကိုကိုလေး၊ (၈) ဦးအောင်ရွှေတို့မိသားစု (၈)စုသည် ယာယီတဲအိမ် (၈)အိမ်ဆောက်လုပ်၍ ၂၀၀၇ခုနှစ်၊ ၆လပိုင်းမှစတင်ကာ လစဉ်ငှားရမ်းခ (၇၀၀၀ိ/-)နှုန်းစီဖြင့် ငှားရမ်းနေထိုင်လာခဲ့ကြသည်ဟုလည်းကောင်း၊

၂။ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရှမ်းချောင်း၊ မြေကွက်အမှတ်(၇၉၈)၊ မြေအကျယ်(ပေ၄၀×ပေ၆၀)၊ ပါမစ်မြေမျိုး၊ လိပ်စာအမှတ် ၇၉၈၊ အောင်သုခ(၂)လမ်း၊ ရှမ်းချောင်းရပ်ကွက်၊ လှိုင်သာယာမြို့နယ်ဟုခေါ်တွင်သည့် ဦးသာမြင့်ပိုင်မြေကွက်ပေါ်တွင် (၁) ဦးအောင်နိုင်၊ (၂) ဦးချစ်စန်း၊ (၃) ဒေါ်အေးနွယ်၊ (၄) ဦးမြင့်ဌေး၊ (၅) ဒေါ်သန်းနွဲ့၊ (၆) ဦးသန်းထိုက်၊ (၇) ဦးမြင့်သန်းတို့မိသားစု (၇)စုသည် ယာယီတဲအိမ်(၇)လုံး ဆောက်လုပ်၍ ၂၀၀၇ခုနှစ်၊ ၆လပိုင်းမှစတင်ကာ လစဉ်ငှားရမ်းခ(၇၀၀၀ိ/-)နှုန်းစီဖြင့် ငှားရမ်းနေထိုင်လာခဲ့ကြသည်ဟုလည်းကောင်း၊

၃။ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရှမ်းချောင်း၊ မြေကွက်အမှတ်(၇၉၉)၊ မြေအကျယ်(ပေ၄၀×ပေ၆၀)၊ ပါမစ်မြေမျိုး၊ လိပ်စာအမှတ် ၇၉၉၊ အောင်သုခ(၂)လမ်း၊ ရှမ်းချောင်းရပ်ကွက်၊ လှိုင်သာယာမြို့နယ်ဟုခေါ်တွင်သည့် ဦးသာမြင့်ပိုင်မြေကွက်ပေါ်တွင် (၁) ဦးမြင့်အုန်း၊ (၂) ဦးထွန်းအောင်၊ (၃) ဦးကျော်မျိုးသန့်၊ (၄) ဦးနိုင်ဝင်း၊ (၅) ဦးမျိုးကျော်၊ (၆) ဦးမျိုးကြည်၊ (၇) ဦးထွန်းထွန်းကျော်၊ (၈) ဒေါ်ဝင်းမြင့်၊ (၉) ကိုသားပေါက်၊ (၁၀) ဦးထွန်းခိုင်၊ (၁၁) ဦးကြည်ဦးတို့မိသားစု (၁၁)စုသည် ယာယီတဲအိမ်(၁၁)လုံးဆောက်လုပ်၍ ၂၀၀၇ခုနှစ် (၆)လပိုင်းမှစတင်ကာ လစဉ်ငှားရမ်းခ(၇၀၀၀ိ/-)နှုန်းစီဖြင့် ငှားရမ်းနေထိုင်လာခဲ့ကြသည်ဟုလည်းကောင်း သိရှိရပါသည်။

၄။ လူကြီးမင်း ဦးစန်းအုန်းပါ(၈)ဦး၊ ဦးအောင်နိုင်ပါ(၇)ဦးနှင့် ဦးမြင့်အုန်းပါ(၁၁)ဦးတို့သည် ၅-၈-၂၀၁၂ရက်မှစ၍ မြေငှားလခများမပေးသည့်အပြင် မြေပိုင်ဆိုင်မှုကို ငြင်းဆိုခြင်း၊ စိတ်အနှောင့်အယှက်ပေးခြင်းပြုသည့်အတွက် ၃၁-၅-၂၀၁၅ရက်မှစ၍ မြေငှားများအဖြစ်မှ ရပ်စဲလိုက်ကြောင်းနှင့် ၇-၆-၂၀၁၅ရက်နောက်ဆုံးထားကာ တဲအိမ်များဖျက်သိမ်းယူဆောင်၍ မြေကွက်များကို ပိုင်ရှင် ဦးသာမြင့်ထံအပ်နှံပေးရန် ကျွန်ုပ်တို့မှတစ်ဆင့် အသိပေးအကြောင်းကြားအပ်ပါသည်။ လိုက်နာဆောင်ရွက်ပေးခြင်းမရှိပါက တည်ဆဲတရားဥပဒေအရ တရားစွဲဆိုရလိမ့်မည်ဖြစ်ရာ ကုန်ကျသော တရားစရိတ်အဝဝသည် လူကြီးမင်းတို့၏တာဝန်ဖြစ်ကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

**၁။ ဦးလှမြင့်(ဒဂုံ)စဉ်-၉၀၁၂**
**H.G.P,W.I.P.O(SWITZERLAND)**

**၂။ ဦးတင်အောင်ကြည်(တောင်သုံးလုံး)**
**LL.B (စဉ်-၃၀၇၂၂)**

**အထက်တန်းရှေ့နေများအဖွဲ့**
**အမှတ်၇၊ မြေညီထပ်၊ ၃၃လမ်း(အောက်ဘလောက်)၊ ၁ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၅၃၄၃၆၉၊ ၀၉-၅၀၃၁၈၁၀**



## စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်
## တိုင်းဒေသကြီးတရားရေးဦးစီးမှူးရုံး
## မုံရွာမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ နန်းယွန်းမြို့နယ်တရားရုံး အဆောက်အအုံသစ်အား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၁-၅-၂၀၁၅ ရက်
(ခ) **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၂၂-၆-၂၀၁၅ ရက်
(ဂ) **တင်ဒါပုံစံတင်ရမည့်နေရာ** - စီမံ/ထောက်ပံ့ဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်၊ မုံရွာမြို့
(ဃ) **တင်ဒါပိတ်မည့်ရက်** - ၂၂-၆-၂၀၁၅ရက် မွန်းတည့် ၁၂:၀၀နာရီ

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)ဖြင့် ၂၁-၅-၂၀၁၅ရက်မှစတင်၍ ရုံးချိန်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်၊ စီမံ/ထောက်ပံ့ဌာနတွင် စတင်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက (ဒုတိယညွှန်ကြားရေးမှူး၊ စီမံ/ထောက်ပံ့ဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်)သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၇၁-၂၄၉၈၈ သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်**

# သောက်သုံးရေရရှိရေးအတွက် စမ်းရေတွင်းနှင့် ရေလှောင်ကန်များ တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်



**နတ်မောက် မေ ၂၀**

ရေရှားပါးသော ရပ်ဝန်းဖြစ်သည့် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ဥယျာဉ်မြောက်ကျေးရွာနေ ပြည်သူများ ရာသီမရွေး သောက်သုံးရေရရှိရေးအတွက် အလှူရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် စမ်းရေတွင်း၊ ရေစုပ်ပန့်မော်တာနှင့် ရေလှောင်ကန်များတူးဖော်ခြင်း လုပ်ငန်းများကိုမေ ၁၀ ရက်က စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါကျေးရွာသည် ၁၀ စုနှစ် တစ်စုကြာ သောက်သုံးရေရရှိရန်အတွက် သဲလက်ယက်တွင်းများကိုအသုံးပြုပြီး သုံးစွဲနေရသော်လည်း ရေလုံလောက်မှုမရှိခဲ့ဘဲ မိုးရာသီမှသာလျှင် ရေကို ဖူလုံစွာသုံးစွဲရသည့် အနေအထားသို့ ရောက်ရှိလျက်ရှိသည့်အတွက် ယခုလိုရေရရှိရေးလုပ်ငန်းများကို အလှူရှင်များက ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

“ ဒီဘက်နယ်က ပေ ၅၀၀ ကျော် တူးရင်တောင် ရေကမရဘူး ဖြစ်နေတယ်။ ဒီရွာမှာ တွင်းခြောက်တွင်းလောက်ရှိတယ်။ တစ်ခုမှသုံးလို့မရဘူး။ သောက်ရေသုံးရေအတွက် လုံးဝအခက်အခဲဖြစ်ပေါ်ခဲ့ရတယ်။ ဒါကြောင့် မန္တလေးမြို့ အမရပူရက မဂ္ဂင်ကျောင်းတိုက်ဆရာတော်ရဲ့ ကျေးဇူးကြောင့် အလှူ့ဒါယကာတွေ ပေါ်ပေါက်ခဲ့ပြီး အခုလိုရေရရှိဖို့ ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ လုပ်ငန်းဆောင်ရွက်တာတွေ ပြီးသွားရင်တော့ ကျေးရွာအတွက် ရေကဖူလုံသွားပြီပေါ့” ဟု ဥယျာဉ်ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တဇောတိက က မိန့်ကြားသည်။

“ ကျွန်တော်တို့ရွာမှာက သောက်ရေမပြောနဲ့ သုံးရေကိုက အတော်လေး ရှားပါးတယ်။ သဲလက်ယက်တွင်းကိုပဲ အမှီပြုနေရတယ်။ ရေရရှိဖို့အတွက် သဲလက်ယက်တွင်းမှာ အချိန်ကုန် ပင်ပန်းကြီးစွာနဲ့စောင့်ပြီး ခပ်နေကြရတယ်။ အခုတော့ အလှူရှင်တွေရဲ့ ကောင်းမှုကြောင့် ကျွန်တော်တို့ရွာ သောက်သုံးရေ ဖူလုံစွာရရှိတော့မယ်ဆိုတော့ အတိုင်းမသိ ဝမ်းသာပီတိဖြစ်မိပါတယ်။ အလှူရှင် မိသားစုတွေကိုလည်း ကျေးဇူးတင်ပါတယ်”ဟု ဥယျာဉ်မြောက်ကျေးရွာနေ ဦးနေလက ပြောကြားသည်။

ကျေးရွာနေပြည်သူများ သောက်သုံးရေရရှိရန်အတွက် ရန်ကုန်မြို့ One More ပရဟိတအသင်းမှ ဦးမောင်မောင်စိုးက ငွေကျပ်သိန်း ၃၀၊ ဦးမောင်စိန်- ဒေါ်ဆွေဆွေသင်း မိသားစုက ငွေကျပ် သုံးသိန်း၊ ဦးမျိုးလွင်-ဒေါ်အေးမိစံ၊ ဦးသန်းလွင်-ဒေါ်တင်ဥမ္မာတို့က ငွေကျပ် နှစ်သိန်းစီ ထည့်ဝင်လှူဒါန်းခဲ့ကြခြင်းဖြစ်သည်။

ဥယျာဉ်မြောက်ကျေးရွာတွင် အိမ်ခြေပေါင်း ၇၀၀ ကျော်ရှိပြီး လူဦးရေ ၃၀၀၀ ကျော် နေထိုင်လျက်ရှိရာ ကျေးရွာနေပြည်သူများ သောက်သုံးရေ ရရှိရန်အတွက် ဥယျာဉ်ရွာ ချောင်းနံဘေးတွင် ယခင်တူးဖော်ထားသော အုတ်ရေတွင်းကန်ဟောင်းကို အကျယ် ၁၀ ပေ ပတ်လည်၊ အနက် ၁၂ ပေကျော် တိုးချဲ့တူးဖော်ပြီး မြင်းကောင်ရေ ၁၈ ကောင်အားရှိ ရေစုပ်ပန့်မော်တာဖြင့် စုပ်ယူကာ အကျယ် ၁၉ ပေပတ်လည်၊ အမြင့် ၁၀ပေရှိ ဂါလန် ၄၀၀၀ ဆံ့ ရေကန်အတွင်းသို့ သိုလှောင်၍ ကျေးရွာနေပြည်သူများအား ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# မန္တာရေလှောင်ဆည် တည်ဆောက်ပြီးစီး

**ကလေး မေ ၂၀**

ကလေးမြို့နယ် မြစ်သာမြစ်အရှေ့ဘက် ကျောက်ပြုတ်ကျေးရွာအုပ်စု မန္တာကျေးရွာအနီးတွင် ကျေးလက်ဒေသတောင်သူများ အကျိုးပြုမည့် မန္တာရေလှောင်ဆည် တည်ဆောက်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၄ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မန္တာရေလှောင်ဆည် တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၈ သိန်း အကုန်အကျခံလျက် ဘိလပ်မြေနှင့် ကျောက်စီ ရေလှောင်ဆည်အမျိုးအစားဖြင့် ကလေးခရိုင် ဆည်မြောင်းဦးစီးဌာနက တာဝန်ယူဆောက်လုပ်ခြင်းဖြစ်သည်။

အဆိုပါ ရေလှောင်ဆည်ဆောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့်အတူ မေဒုတိယပတ်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ကျေးလက်ဒေသတောင်သူများ၏ လယ်ယာမြေ ဧက ၃၅၀ ကိုဆည်ရေသောက်ရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဂျူနိုင်း**




ရွှေပြည်ဟိန်းဆရာတော်ဦးဆောင်စီမံလျက်ရှိသော ကန့်ဘလူမြို့နယ်၊
ရွှေပြည်ဟိန်းမိုးကောင်းလမ်း (၂)မိုင်ခရီး ကွန်ကရစ်ခင်းခြင်း အလှူတော်

ဗဟန်းမြို့နယ်၊ရွှေဂုံတိုင်လမ်း၊ Delta Plaza,အေဝမ်း လျှပ်စစ်ပစ္စည်းဖြန့်ဖြူး အရောင်းဌာန ဦးတင်အောင်+ဒေါ်တင်တင်ဝင်း နှင့် သားသမီးမြေးတစ်စု အေဝမ်းမိသားစုတို့က ကျပ်ငွေ (၂၅)သိန်း လှူဒါန်းခြင်း နှင့်

ရှမ်းပြည်နယ်၊ သီပေါမြို့နယ်၊ နမ့်လန်မြို့ ဒက္ခိဏာရာမကျောင်းတိုက် ဓမ္မသဘင်၌ စုပေါင်းအလှူတော် ကျပ်ငွေ (၂၂)သိန်းလှူဒါန်းခြင်းကိုလည်းကောင်း၊ ရွှေပြည်ဟိန်းသောလမ်းအလှူရှင် အဖြစ် ဂုဏ်ပြုမှတ်တမ်း တင်အပ်ပါသည်။

ဆက်သွယ်လှူဒါန်းနိုင်သောဌာန - ရွှေပြည်ဟိန်းကျောင်း
သီတဂူ-ရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ - ၁၆ ရပ်ကွက်၊ ပြည်သာယာ၊ ရန်ကင်း၊
[ကျိုက္ကဆံစူပါဝမ်း၊ တာမွေလေးသံလမ်းအနီး] ဖုန်း ၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉
ရွှေဂုံတိုင်ကမ္ဘောဇဘဏ် အရှင်ခေမာသီရိလင်္ကာရ (AccountNo.00730200701690301)







# ကလေးဝမြို့နယ် မစိန်ချောင်းကူးဘေလီတံတား မကြာမီ ပြီးစီးတော့မည်

ကလေးဝ မေ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ် မစိန်ကျေးရွာနှင့် ဆည်ကြီးကျေးရွာချင်းဆက် မစိန်ချောင်းကူးဘေလီတံတားအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ပြည်ထောင်စုရန်ပုံငွေမှ ကျပ် ၂၅၀၀ သိန်း အကုန်အကျခံကာ အရှည်ပေ ၂၆၀၊ အကျယ် ၁၁ ပေရှိ ဘေလီတံတားအမျိုးအစားဖြင့် တော်ဝင်လင်းကုမ္ပဏီကတာဝန်ယူတည်ဆောက်လျက်ရှိရာ မကြာမီပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ယင်းတံတားဆောက်လုပ်ပြီးစီးမှုကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးသာအေး၏ စီစဉ်လမ်းညွှန်မှုဖြင့် ကလေးခရိုင်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးဝင်း၊ ခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ခရိုင်အင်ဂျင်နီယာမှူး၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့်အတူ မေ ၁၈ ရက်က သွားရောက်စစ်ဆေးပေးခဲ့သည်။

မစိန်ဘေလီတံတား ဆောက်လုပ်ပြီးစီးပါက မစိန်ကျေးရွာကိုအဓိကထား၍ စီးပွားရေး၊ ကျန်းမာရေးနှင့် လူမှုရေးတို့တွင် ဆက်သွယ်သွားလာနေကြသော ကျေးရွာအုပ်စု ၁၂ အုပ်စုမှ ကျေးရွာပေါင်း ၅၆ ရွာရှိ ကျေးလက်နေပြည်သူများအတွက် ဆက်သွယ်သွားလာရေးနှင့် ဒေသထွက်ကုန်စည်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် များစွာလွယ်ကူချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

# ရေရှားပါးသည့် ပေါက်အင်းတောင်ဒေသရှိ ပြည်သူများအား ရေလှူဒါန်း

ကနီ မေ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ပေါက်အင်းတောင်ဒေသတွင် ဒေသခံများနှင့် ၎င်းတို့၏ စိုက်ပျိုးရေးခွင်တွင် အသုံးပြုကြသည့် ကျွဲ၊ နွားများအတွက်ပါ သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသောကြောင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထိန်စိုး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မင်းတို့ စီစဉ်မှုဖြင့် ကနီမြို့နယ်မီးသတ်ဦးစီးဌာနမှ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ သယ်ယူဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ပေါက်အင်းတောင်ဒေသသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသရှိ မိုးနည်းပြီးရေရှားပါးသော ရပ်ဝန်းဒေသဖြစ်၍ ရေတွင်းများတူးဖော်ရန်ခက်ခဲပြီး နှစ်စဉ် နွေရာသီရောက်ရှိလာချိန်တွင် သောက်သုံးရေအခက်အခဲများ ကြုံတွေ့နေရသဖြင့် ယခုကဲ့သို့ ရေသယ်ယာဉ်များနှင့် သောက်သုံးရေများ ဖြန့်ဝေပေးကြောင်း သိရသည်။

ပေါက်အင်းတောင်ဒေသ ရွှေပြည်သာတွင် အဝီစိတွင်း စတင်တူးဖော်နေပြီး တော်ဝင်စေတနာရေလှူအသင်းနှင့် အခြားစေတနာရှင်များကလည်း လှူဒါန်းလျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

"လှိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်ခြင်း"

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် တန်ဖိုးမြင့်ထုတ်ကုန်ထူးချွန်ထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆု (ပုဂ္ဂလိကရေးဆိုင်ရာဆု) ရရှိသော ချိုချိုအသင့်စားကြာဆံလုပ်ငန်းမှ မန်နေးဂျင်းဒါရိုက်တာဦးဝေဖြိုးအား လှိုက်လှဲဝမ်းသာဂုဏ်ပြုအပ်ပါသည်။

ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ

ချိုချိုစက်မှုလုပ်ငန်းလီမိတက်

ရသာချိုစက်မှုလုပ်ငန်းလီမိတက်
ရသာချိုကုမ္ပဏီလီမိတက်

ချိုချိုကုမ္ပဏီလီမိတက်

Mercury Distribution
Company Limited

## ကန့်ဘလူမြို့ပြင်လမ်းမကြီး ကတ္တရာလမ်းခင်းကျင်း

**ကန့်ဘလူ မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်နေသောမလယ်ကျေးရွာမှ ယမနေကျေးရွာ၊ ဇီးကုန်းကျေးရွာနှင့် ကာဘိုးကျေးရွာအထိ လမ်းမကြီးသည် ၁၅ မိုင် ၁ ဖာလုံ ရှည်လျားပြီး ကန့်ဘလူမြို့နယ်နှင့် တန့်ဆည်မြို့နယ်တို့ကို ဆက်သွယ်ပေးသော မြို့နယ်ချင်းဆက်လမ်းမကြီးတစ်ခုဖြစ်ကြောင်း သိရသည်။

၂၀၁၄-၁၅ ဘဏ္ဍာနှစ်မှ စတင်ကာ ဇီးကုန်းကျေးရွာနှင့် ကာဘိုးကျေးရွာအတွင်းတို့၌ အကျယ် ၁၈ ပေ ထပ်ပိုးလွှာကတ္တရာလမ်းတိုးချဲ့ခြင်း၊ လမ်းဘေးရေမြောင်းများတူးဖော်ခြင်း၊ ဇီးကုန်းကျေးရွာနှင့် ကာဘိုးကျေးရွာကြားဆက်သွယ်သော ကတ္တရာအားချိုင့်ခွက်များပြုပြင်ခြင်း၊ လမ်းအနိမ့်အမြင့် ညှိခြင်းလုပ်ငန်းများကို မြို့နယ်အင်ဂျင်နီယာ ဦးရဲထွဋ်အောင် ဦးဆောင်၍ တည်ဆောက်လျက်ရှိရာ ရွှေဘိုမြို့မှ ယာဉ်ကြီးယာဉ်ငယ်များမှာ ကာဘိုးကျေးရွာသို့ ကတ္တရာလမ်းတစ်လျှောက် ချောမွေ့စွာ သွားလာနိုင်ပြီ ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ရန်ကုန်မြို့၌ နှစ်ထပ်ဈေး ၁၂ ခု တည်ဆောက်သွားမည်

**ရန်ကုန် မေ ၂၀**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဈေးပေါင်း ၁၂ ဈေးကို နှစ်ထပ်ဈေးများအဖြစ် တည်ဆောက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ စည်ပင်သာယာရေး ကော်မတီဈေးများဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ယခု ဘဏ္ဍာနှစ်အတွင်းမှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းမှာရှိတဲ့ ဈေးတွေကို အဆင့်မြှင့်တင်မှုတွေ ပြုလုပ်ဖို့ ငွေကျပ် ၁၀ ဘီလီယံကျော် လျာထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလိုဈေးတွေ အဆင့်မြှင့်တင်ဆောင်ရွက်ရာမှာ ဈေး ၁၂ ခုကိုတော့ နှစ်ထပ်ဈေးကြီးတွေအဖြစ် တည်ဆောက်ပေးသွားမှာ ဖြစ်ပါတယ်။ စတင်တည်ဆောက်မှုတွေကိုတော့ မေလနှောင်းပိုင်းမှာ စတင်ဖြစ်မယ်"ဟု အဆိုပါ တာဝန်ရှိသူက ပြောကြားသည်။

နှစ်ထပ်ဈေးကြီးများအဖြစ် တည်ဆောက်မည့် ဈေးကြီးများမှာ သာကေတမြို့နယ်ရှိ အမှတ်(၁) နှင့် အမှတ်(၂)ဈေး၊ အလုံမြို့နယ်ရှိ အလုံဈေး၊ ကြည့်မြင်တိုင်မြို့နယ်ရှိလေဟာပြင်ဈေး၊ လှိုင်မြို့နယ်ရှိ လှိုင်ဈေး၊ မရမ်းကုန်းမြို့နယ်ရှိ မြဂန္ဓမာဈေး၊ မင်္ဂလာဒုံမြို့နယ်ရှိ ရတနာဈေး၊ အင်းစိန်မြို့နယ်ရှိ ဖော့ကန်ဈေး၊ မြောက်ဥက္ကလာပမြို့နယ်ရှိ အမှတ်(၂) ဈေး၊ ရွှေပြည်သာမြို့နယ်ရှိ ရွှေပြည်သာဈေးနှင့် လှိုင်သာယာမြို့နယ်ရှိ လှိုင်သာယာဈေးတို့ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနအောက်တွင် အခွန်လွတ်ဈေးများအပါအဝင် ဈေးပေါင်း ၁၇၃ ဈေးရှိရာ ယခုဘဏ္ဍာနှစ်အတွင်း ဈေးများကို ငွေကျပ် ၁၀ ဘီလီယံကျော်အကုန်အကျခံကာ တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်းများပြုလုပ်ကာ အဆင့်မြှင့်တင်ပေးနေခြင်းဖြစ်သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ဆင်ခြေဖုံးမြို့နယ်နှင့် လူစည်ကားရာနေရာများတွင် သန့်ရှင်းသပ်ရပ်သည့် နှစ်ထပ်ဈေးကြီးများအဖြစ် တည်ဆောက်သွားမည့်အပြင် မြို့တွင်းများတွင် အဆင့်မြင့်ဈေးကြီးများကို တည်ဆောက်ပေးလျက်ရှိရာ ပုဇွန်တောင်မြို့နယ် ရေကျော်ဈေးကို ရှစ်ထပ်ခွဲဈေးကြီးအဖြစ် တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းကဲ့သို့ နှစ်ထပ်ဈေးကြီးများ တည်ဆောက်ခြင်းနှင့် အဆင့်မြှင့်ဈေးကြီးများ တည်ဆောက်ပြီးပါက လမ်းဘေးဈေးသည်များကို စနစ်တကျ နေရာချထားပေးသွားနိုင်ရန်ကိုလည်း စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။



အထပ်ပေါင်း ရှစ်ထပ်ခွဲပါဝင်မည့် ရေကျော်ဈေးကြီးတည်ဆောက်နေစဉ်။

**သတင်း-ကြဲတိုင်းအောင်**
**ဓာတ်ပုံ-သဏ္ဍ**




Myanmar Book Centre
(Supplying The World's Knowledge)
နှစ် (၆၀) မြန်မာ-ဂျပန်နှင့် သံတမန်ဘဝခရီး
၂၀၁၁ ခုနှစ်နောက်ပိုင်း မြန်မာ-ဂျပန်ဆက်ဆံရေးတွင် အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့သော ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၏ အတွေ့အကြုံများ၊ ဂျပန်နိုင်ငံ၏ စီးပွားရေး၊ နိုင်ငံရေးများကို ဓါတ်ပုံများဖြင့် ဝေဝေဆာဆာ ဖော်ပြထားသောစာအုပ်ထွက်ရှိပါပြီ၊
Shop I : No. 55, Baho Road, Ahlone Township. Tel: 221 271, 09-730 15993
Shop II : No. 561-567, Room (3), MAC Tower I, Merchant Road.
Tel: 370 532, 384 508
Mandalay : Room No. 110, Level-3, Yadanapon Diamond Plaza.
Tel: 09 7300 2698



အထူးဂုဏ်ယူဝမ်းမြောက်ခြင်း
မိတ်စိုတ်ကောတ်ဂုဏ်စရဲပွဲတော့င်

၁၅-၅-၂၀၁၅ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်သည့်
နိုင်ငံစွမ်းဆောင်ရည်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင်
ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏
**မွေးမြူထုတ်လုပ်မှုထူးချွန်လုပ်ငန်းရှင်ဆု** ရရှိသော
ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ နွယ်ခွေကျေးရွာမှ မွန်တိုင်းရင်းသား လုပ်ငန်းရှင်
**ဦးသန်းမြင့် (TM နို့စားနွားမွေးမြူရေး)** အား
ဂုဏ်ပြုဆု ချီးမြှင့်ခံရသည့်အတွက် အထူးပင် ဝမ်းမြောက်ပါကြောင်းနှင့် နောင်တွင်လည်း
ယခုကဲ့သို့ နိုင်ငံတော်အတွက် နိုင်ငံ၊ ဘာသာ၊ သာသနာ၊ လူမျိုးအကျိုးပြုဆိုင်ရာ
ကဏ္ဍအသီးသီး၌ ဆထက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

- မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်)
- မွန်အမျိုးသားနေ့ကျင်းပရေးကော်မတီ (ရန်ကုန်)
- မွန်ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (ရန်ကုန်)
- မွန်နာရေးကူညီမှုအဖွဲ့ (ရန်ကုန်)
- ရန်ကုန်တိုင်းဒေသကြီး မွန်လူဦးရေစာရင်းကောက်ယူရေးအဖွဲ့
- မွန်သာသနာထောက်ပံ့ရေးအဖွဲ့ (ရန်ကုန်)
- မင်းပညာစန်း၊ ဥက္ကဋ္ဌ၊ "တလမွန်" ကုမ္ပဏီလီမိတက်
- မိကျင်သန်း၊ "စိန်ဟသာ" တိုင်းရင်းသားရိုးရာစားသောက်ကုန်ထုတ်လုပ်ဖြန့်ဖြူးရေး
- နိုင်စိုးအောင်၊ မန်နေးဂျင်းဒါရိုက်တာ၊ "ကျုံမငေး" ပုံနှိပ်တိုက်၊ "ကောင်းမွန်" ကွန်ပျူတာ
- "ဟံသာမွန်" ခရီးသွားလုပ်ငန်း
- "နွန်ထော" ပိုးထည်တိုက်
- မင်းချမ်းလွင်၊ ဒါရိုက်တာ၊ 4E Engineering Group Co., Ltd



MIF PROFESSIONAL DEVELOPMENT
ICPM INSTITUTE OF CERTIFIED PROFESSIONAL MANAGERS
MYANMAR INSITUTE OF FINANCE



Foundation of Management Program

ယနေ့လို ယှဉ်ပြိုင်မှုများသော ပညာခေတ်ကြီးထဲတွင် Diploma ၊ Certificate တို့လို Certificate Program များအပြင် မိမိတတ်မြောက်မှု၊ ကျွမ်းကျင်မှုတို့ကို တရားဝင်အသိအမှတ်ပြုနိုင်မည့် CM (Certified Manager) တို့လို Certifiaction များ လိုအပ်လာပါသည်။
ယခု FoM (Foundation of Management) Program သည် အမေရိကန်နိုင်ငံ ICPM (Institute of Certified - Professional Managers) အဖွဲ့ကြီးမှ MIF နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံတွင် ပထမဦးဆုံးပေးအပ်သော Certification Program ဖြစ်ပြီး သင်တန်းပြီးဆုံးပါက ကမ္ဘာအနံ့တွင် ဖြေဆိုမှုပေါင်း သောင်းချီရှိသည့် CM Certification Program သို့လည်း ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ကျွန်တော်တို့၏ MIF တွင် FoM Program ကို စာတွေ့၊ လက်တွေ့ အတွေ့အကြုံရှိသော ဆရာ၊ ဆရာမများမှ HR ၊ Finance ၊ Communication ၊ Decision Making တို့ ပါဝင်သည့် Module (3) ခုကို Discussion များ၊ Presentation များ ၊ Classroom training များဖြင့် သင်ကြားပေးသွားမည်ဖြစ်သည့် အတွက် Management ကို စိတ်ပါဝင်စားသော ကျောင်းသားကျောင်းသူများနှင့် လုပ်ငန်းခွင်တွင် Management စာတွေ့မရှိဘဲ ဝင်ရောက်လုပ်ကိုင်နေကြသော ဝန်ထမ်းများ ပါဝင်တက်ရောက်နိုင်သော သင်တန်းတစ်ခုဖြစ်ပါသည်။ သင်တန်းကာလသည် (၃) လ ကြာမြင့်မှာဖြစ်ပြီး ICPM မှ စစ်ဆေးသော Exam ကို မှ(၁၂) လအတွင်း ဖြေဆိုနိုင်မည်ဖြစ်ပါသည်။

June Intake
Call Now : +95 - 9976528783
Facebook : www.facebook.com/mifmyanmar



iStock® ကုန်ပစ္စည်းထိန်းကွန်ပျူတာစနစ်

- ကုန်ရောင်း/ကုန်ဝယ်စာရင်း
- ငွေစာရင်း
- ကုန်လက်ကျန်စာရင်း
- ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
- အကြွေးစာရင်း
- လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း

Contact Us ...
YGN 09-43029798, 09-43064181, 09-252424002
MDY 09-43200283, 09-257333214
NPT 09-974432762, 09-974432763
Galaxy Software Co.,Ltd.
www.galaxy.com.mm

# ကျန်စစ်မင်းဇာတိမြေ၌ ဘုရားဖူးများဖြင့် စည်ကား

မြောင် မေ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ပရိမ္မစံပြကျေးရွာသည် မြန်မာ့သမိုင်းဝင် ကျန်စစ်သားမင်းကြီး၏ မွေးဖွားရာဇာတိမြေဖြစ်ပြီး ကျန်စစ်သားမင်းကြီး တည်ထားခဲ့သည့် စေတီတော်များတည်ရှိသောကြောင့် လူအများစိတ်ဝင်စားကာ ပြည်တွင်းပြည်ပ ဘုရားဖူးများဖြင့် နေ့စဉ်စည်ကားနေကြောင်း သိရသည်။

ပရိမ္မစံပြကျေးရွာကို သွားရောက်မည်ဆိုပါက မန္တလေး-မြောင်-ပရိမ္မခရီးစဉ်အနေဖြင့် မိုင် ၈၀၊ ခြောက်ဖာလုံရှိပြီး ပခုက္ကူ -မကျီးဘုတ်-ပရိမ္မလမ်းမှာ ၄၈ မိုင် ခြောက်ဖာလုံနှင့် မုံရွာ-ချောင်းဦး- ပရိမ္မခရီးစဉ်မှာ မိုင် ၃၀ နှင့် ငါးဖာလုံခန့်ရှိသည်။

"ပရိမ္မကျေးရွာဆိုတာ ကျန်စစ်သားမင်းကြီးရဲ့ ဇာတိဖြစ်တာကြောင့် မြန်မာ့သမိုင်းမှာ ထင်ရှားခဲ့တဲ့ ကျေးရွာဖြစ်ပါတယ်။ ဒီကျေးရွာကို လာတဲ့သူတိုင်းနဲ့ ဖြတ်သွားတဲ့သူတိုင်း စိတ်ဝင်စားကြတာကိုတွေ့ရတယ်။ အရိန္ဒာစေတီ၊ မယ်တော် ပဥ္စကလျာဏီနဲ့ ကျန်စစ် သားတို့နေထိုင်ခဲ့တဲ့ အိမ်နေရာမှာ တည် ထားတဲ့ အိမ်တော်ရာစေတီတော်၊ မယ်တော် ဟင်းခါးချက်သောက်ခဲ့သော နေရာတွင် တည်ထားသည့် ဟင်းခါးဂူစေတီတော်နဲ့ ပရိမ္မထီးလှိုင်ရှင်ဘုရားကြီးတွေမှာ နေ့စဉ် ဘုရားဖူးတွေနဲ့ စည်ကားနေပါတယ်"ဟု ပရိမ္မကျေးရွာမှ ဒေသခံတစ်ဦးက ပြော သည်။

ပရိမ္မထီးလှိုင်ရှင် ဘုရားကြီးသည် ကျန်စစ်သားမင်းကြီးနှင့် မဟာဂီရိနတ်မင်းကြီးတို့ စကားပြောခဲ့သောနေရာ၌ တည်ထားခဲ့သော ဘုရား တစ်ဆူဖြစ်ပြီး သက္ကရာဇ် ၄၆၉ ခုနှစ် (အေဒီ-၁၁၀၇) ကဆုန်လဆန်း ၁၀ ရက် ကြာသပတေးနေ့တွင် တည်ထားခဲ့ခြင်း ဖြစ်ကြောင်း၊ စည်းခံစေတီအမျိုးအစားဖြစ်ကာ စေတီလုံးပတ်အကျယ် ၁၁၂ ပေ၊ စေတီဖိနပ်တော်အကျယ် ၂၆၀ ပေ၊ စေတီတော်ကြီးဉာဏ်တော်အမြင့် ၁၂၃ ပေ၊ စေတီရံစုစုပေါင်း ၄၉ ဆူ ရှိကာ ရန်သူအပေါင်းကို အောင်မြင်တော်မူပြီး၍မြေအပြင်၌ရှိသော သတ္တဝါအပေါင်းတို့အားရည်စူးကာ "အောင်မြေ"ဟု သစ္စာပြု၍ ချင်းတွင်းမြစ်ကမ်းနဖူးနေရာတွင် တည်ထား ကိုးကွယ်တော်မူခဲ့သော စေတီဖြစ်ကြောင်း သိရသည် ။

ပရိမ္မထီးလှိုင်ရှင် ဘုရားကြီးတွင် ဉာဏ်တော်အမြင့် ၃၁ ပေ ၆ လက်မရှိသည့် ဟင်းခါးဂူစေတီတော်၊ ရုပ်ပွားတော်လေးဆူ၊ ထီးလှိုင်ရှင် လာဘမုနိရုပ်ပွားတော်မြတ်၊ ချင်းတွင်းမြစ်ကမ်းနဖူးတွင် တစ်ကောင်တည်းသော ခြသေ့ရုပ်ကြီးနှင့် လိုရာဆုကိုတောင်းနိုင်သော ကျန်စစ်သားမင်းကြီး၏ အောင်မြေတို့ကြောင့် ဘုရားဖူးများဖြင့် စည်ကားနေကြောင်း သိရသည်။

သျှင်နေမင်း




# ဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာ-ဂျပန်အသင်း၏နာယက၊ "ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း" အား ၂၀၁၃-၂၀၁၄ အခွန်စည်းကြပ်နှစ်တွင် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သော အခွန်ထမ်းလုပ်ငန်းရှင်ဖြစ်ခြင်း၊ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အားကစားစသည့် ကဏ္ဍအသီးသီးတွင် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးအတွက် လူအား၊ ငွေအား ထည့်ဝင်၍ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏ "အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းဆောင်ရည်ဆု" (နိုင်ငံတော် အခွန်ဘဏ္ဍာတာဝန်အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့်လုပ်ငန်းရှင်-ပထမဆု)ကို (၃)နှစ်ဆက် ဂုဏ်ပြုချီးမြှင့်ခြင်း ခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုးပြုဆိုင်ရာကဏ္ဍအသီးသီး၌ ဆထက်ထမ်းပိုးတိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

MJA
MYANMAR JAPAN ASSOCIATION

ဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာ-ဂျပန်အသင်း
(Myanmar-Japan Association)

# ဘိုင်ယန်မြူးနစ်တို့ ခြေကုန်ထုတ်ရမယ့် ပွဲစဉ်(၃၄)

❒ မိုးမြင့်လင်းလက်

ဂျာမနီမြေက ဘွန်ဒက်လီဂါပွဲစဉ်တွေရဲ့ ရာသီကုန်ပွဲတွေကို ဆင်နွှဲနေကြပြီဖြစ်ပါတယ်။ မေ ၂၃ ရက်မှာ တော့ ဘွန်ဒက်လီဂါပွဲစဉ်(၃၄)ကို ယှဉ်ပြိုင်ကစားကြမှာဖြစ်လို့ ခြေကုန်ထုတ်ကြရဦးမယ့် ပွဲတွေအဖြစ် မြင်တွေ့အားပေးရပါဦးမယ်။

**ဘိုင်ယန်မြူးနစ်နှင့် မိန့်ဇ်**

ပြီးခဲ့တဲ့ပွဲစဉ်မှာ ဖရိုင်းဘတ်ကို အဝေးကွင်းမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့တဲ့ ဘိုင်ယန်မြူးနစ်တို့အတွက် အခုပွဲမှာ မိန့်ဇ်ကိုတော့ အနိုင်ရအောင် ကစားပါလိမ့်မယ်။ အမှတ်လိုအပ်မှုမရှိတော့တဲ့ ဒီနှစ်သင်းရဲ့ အားပြိုင်ပွဲမှာတော့ ဘိုင်ယန်မြူးနစ်တို့က ဝေဖန်ပြစ်တင်မှုတွေကို ဖယ်ရှားဖို့အတွက် အားသွန်ရပါဦးမယ်။ ရာသီကုန်ချိန်မှာ ခြေစွမ်းကျဆင်းလာတဲ့ မိန့်ဇ်တို့အတွက် အမှတ်ရဖို့ မလွယ်တဲ့ပွဲပါပဲ။ ဘိုင်ယန်မြူးနစ်တို့က ရာသီကုန်ချိန်မှာ ကစားအားချလိုက်သလိုဖြစ်ခဲ့တာမို့ ရလဒ်ပိုင်း ဆိုးရွားမှုတွေနဲ့ ကြုံတွေ့ခဲ့ရတာကြောင့် နည်းပြဂွါဒီယိုလာအတွက် အနိုင်ရလဒ်တွေရရှိအောင် ဖော်ဆောင်ရေး ပြင်ဆင်လာပါလိမ့်မယ်။ ဒီပွဲမှာ အနိုင်ဆိုတာ ဘိုင်ယန်မြူးနစ်ကလွဲပြီး အခြားမဖြစ်နိုင်ပါဘူး။

**ဟန်နိုဗာနှင့် ဖရိုင်းဘတ်**

တန်းမဆင်းရရေးကြိုးစားရမယ့် ဟန်နိုဗာနဲ့ ဖရိုင်းဘတ်တို့ပွဲကတော့ အကြိတ်အနယ်အရှိဆုံးပွဲစဉ်ဖြစ်လာပါလိမ့်မယ်။ နှစ်သင်းစလုံးအမှတ်လိုအပ်နေတာမို့ ဒီပွဲဟာ အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်မှုတွေနဲ့ အကြိတ်အနယ်ရှိမယ့်ပွဲဖြစ်ပါတယ်။ ဖရိုင်းဘတ်တို့က ပြီးခဲ့တဲ့ပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ကစားထားတာမို့ အခုပွဲမှာတော့ ဟန်နိုဗာကို ဖိအားပေးမှာသေချာနေပါတယ်။ သရေပွဲ၊ ရှုံးပွဲတွေ ဆက်တိုက်ဖြစ်ပေါ်နေတဲ့ ဟန်နိုဗာတို့ အမှတ်ရဖို့ ခက်ခဲပါလိမ့်မယ်။

**ဒေါ့မွန်နှင့် ဝါဒါဘရီမင်**

ဒီပွဲလည်း အကြိတ်အနယ်ရှိမယ့်ပွဲဖြစ်လာပါလိမ့်မယ်။ ဒေါ့မွန်တို့က နိုင်ပွဲတွေဆက်နေသလို ဝါဒါဘရီမင်တို့ကလည်း နိုင်ပွဲရအောင် ပြန်လည်ရုန်းထနိုင်ခဲ့တာမို့ အခုပွဲဟာ ပြိုင်ဆိုင်မှုပြင်းထန်မယ့်ပွဲပါ။ ပြီးခဲ့တဲ့ပွဲမှာ မွန်ချန်ဂလာဘတ်ကို အိမ်ကွင်းမှာ နှစ်ဂိုးပြတ်ရှုံးခဲ့တဲ့ ဝါဒါဘရီမင်တို့ အဝေးကွင်းမှာ နိုင်ပွဲရှာဖွေဖို့ ပြင်ဆင်ပါလိမ့်မယ်။ ဝုဖ်ဘတ်ကို ရှုံးထားတဲ့ ဒေါ့မွန်တို့ကလည်း အနိုင်ရရေးကြိုးစားမှာမို့ ဒီပွဲဟာ အမှတ်ခွဲဝေယူရမယ့် အနေအထားဆိုက်သွားနိုင်ပါတယ်။

**မွန်ချန်နှင့် အော့စ်ဘတ်**

ချန်ပီယံလိဂ်ဝင်ခွင့်တွက် ခိုင်မာအောင်ကြိုးစားနေတဲ့ မွန်ချန်တို့ အင်အားအပြည့်သုံးရမယ့်ပွဲဖြစ်သလို အော့စ်ဘတ်တို့ကလည်း အမှတ်ပြည့်ရရေးအတွက် အားကုန်ထုတ်မယ့်ပွဲဖြစ်နေပါတယ်။ တိုက်စစ်ပိုင်းမှာ မွန်ချန်တို့က အားသာချက်ရှိသလို ခံစစ်ပိုင်းလည်း ကျစ်လျစ်သိပ်သည်းတဲ့ စွမ်းရည်ရှိတာမို့ အော့စ်ဘတ်တို့ မလွယ်ပါဘူး။ အိမ်ရှင် နိုင်ပွဲရနိုင်တဲ့ပွဲဖြစ်ပါတယ်။

**ဟော့ဖန်ဟိန်းနှင့် ဟာသာဘာလင်**

ဟော့ဖန်ဟိန်းတို့က ပြီးခဲ့တဲ့ပွဲစဉ်မှာ လေဗာကူဆင်ကို နှစ်ဂိုးပြတ်ရှုံးခဲ့သလို ဟာသာဘာလင်တို့ကလည်း သရေပွဲဖြစ်ထားပါတယ်။ ခံစစ်ပိုင်းအားနည်းမှုရှိတဲ့ ဟော့ဖန်ဟိန်းအတွက် ဒီပွဲမှာ မျှော်မှန်းချက်မြင့်မြင့်ထားဖို့တော့ ခက်ခဲပါလိမ့်မယ်။ ။




# ဒီဂီယာနေရာ ဗစ်တာဗဲလ်ဒက်စ် အစားထိုးဖွယ်ရှိ



ရီးရဲမက်ဒရစ်သို့ ထွက်ခွာဖွယ်ရှိနေတဲ့ မန်ယူဂိုးသမား ဒီဂီယာနေရာမှာ မန်ယူက ဗစ်တာဗဲလ်ဒက်စ်ကို အစားထိုးဖွယ်ရှိနေပါတယ်။ ဗဲလ်ဒက်စ်အနေနဲ့ မန်ယူအတွက် အကောင်းဆုံးကစားပေးနိုင်ဖွယ်ရှိတယ်လို့ မန်ယူဂိုးသမားဟောင်း ဗန်ဒါဆာက ပြောဆိုလိုက်ပါတယ်။ အသက် ၃၃ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဗစ်တာဗဲလ်ဒက်စ်ကို ဇန်နဝါရီလကတည်းက မန်ယူက စာချုပ်ခဲ့ပါတယ်။ ဂိုးသမား ဗဲလ်ဒက်စ်အနေနဲ့ အကောင်းဆုံးကစားပေးနိုင်လိမ့်မယ်လို့ ဗန်ဒါဆာက ဆိုပါတယ်။

အသက် ၂၄ နှစ်အရွယ် ဒီဂီယာဟာ လာမယ့်နွေရာသီမှာ မန်ယူနဲ့ စာချုပ်သက်တမ်းကုန်ဆုံးမှာဖြစ်ပါတယ်။ သို့ပေမယ့် စာချုပ်သစ်တော့ ဘယ်အသင်းနဲ့မှ ချုပ်ဆိုနိုင်ခြင်းမရှိသေးပါဘူး။ နည်းပြဗန်ဟားလ်ကတော့ ရီးရဲမက်ဒရစ်က စိတ်ဝင်စားနေတဲ့အတွက် ဒီဂီယာအတွက် ဆုံးဖြတ်ချက်ချဖို့ အခက်ဖြစ်နေတယ်လို့ ဆိုပါတယ်။ ၂၀၁၁ နွေရာသီက ဒီဂီယာဟာ အက်သလက်တီကိုမှ မန်ယူသို့ ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။ ယခုအခါမှာတော့ ရီးရဲမက်ဒရစ်သို့ ပြောင်းဖို့အခြေအနေရှိနေပါတယ်။ ဗဲလ်ဒက်စ်ဟာ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က အာဆင်နယ်နဲ့ တစ်ဖက်တစ်ဂိုးစီသရေကျတဲ့ပွဲမှာ စတင်ကစားခဲ့ပါတယ်။ သူဟာ ယခုနှစ်အစက ဘာစီလိုနာမှ အလွတ်ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။

ကောင်းမြတ်သူ - စုသည်းသည်။

# မန်ယူအတွက် ဂိုးသွင်းစက်ဖြစ်လာမယ့် ဒီပေး

ဒီနှစ်ပရီမီယာလိဂ်မှာ အိုးထရက်ဖို့ဒ်အတွက် ဂိုး ၂၀ ကျော်သွင်းနိုင်တဲ့ တိုက်စစ်မှူးက အတော်လေးနည်းပါးခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ်များအတွက် ထိပ်တန်းဂိုးသွင်း တိုက်စစ်မှူးဖြစ်တဲ့ ရွန်နေကိုယ်တိုင်ပင် ကွင်းလယ်ကစားသမားဖြစ်ခဲ့ပြီးနောက် သွင်းဂိုးအရေအတွက်နည်းခဲ့ပါတယ်။ ဗန်ပါစီ၊ ဒီမာရီယာ၊ ဖယ်ကာအိုတို့လည်း ဂိုးသွင်းနည်းခဲ့ပါတယ်။ ဒီအတွက် နည်းပြဗန်ဟားလ်အနေနဲ့ ဂိုးသွင်းစွမ်းရည်မြင့်မားတဲ့ တိုက်စစ်မှူးကောင်းတစ်ဦးကို ရှာနေတာပါ။ အခုတော့ တွေ့ပါပြီ။ သူကတော့ အသက် ၂၁ နှစ်အရွယ်သာရှိသေးတဲ့ အိုင်ဟိုဗင်တောင်ပံတိုက်စစ်မှူး မမ်ဖစ်ဒီပေးပဲဖြစ်ပါတယ်။ အခုသူ့ကို မန်ယူက ဆေးစစ်မှုတွေပြုလုပ်ပြီးသွားပါပြီ။ ဒီပေးဟာ ဇွန်လကစားသမား အပြောင်းအရွှေ့ကာလမှာ ပေါင် ၃၁ သန်းနဲ့ အိုးထရက်ဖို့ဒ်သို့ ရောက်ရှိလာတော့မှာဖြစ်ပါတယ်။ ဒီပေးဟာ အိုင်ဟိုဗင်အသင်းအတွက် ဒီနှစ်ရာသီမှာ ၂၂ ဂိုး သွင်းယူပေးခဲ့ပြီး ၂၀၀၈ ခုနှစ်နောက်ပိုင်း အိုင်ဟိုဗင်အသင်းကို ဒတ်ချ်ဖလားရအောင် ကြိုးစားပေးနိုင်ခဲ့ပါတယ်။



# အန်ဖီးလ်ကို ကျောခိုင်းဖို့ အခက်တွေ့နေတဲ့ စတာလင်း

လီဗာပူးလူငယ်တိုက်စစ်မှူး ရာဟင်း စတာလင်းအနေနဲ့ အန်ဖီးလ်ကို ကျောခိုင်းထွက်ခွာဖို့ ဆန္ဒပြင်းပြနေသူပါ။ သို့ပေမယ့် လီဗာပူးတာဝန်ရှိသူတွေက ထွက်ခွာခွင့်ပေးမယ့် အနေအထားမရှိပါဘူး။ ဒီအတွက် စတာလင်းအနေနဲ့ နည်းပြရော်ဂျာနဲ့ အကျေအလည်ညှိနှိုင်းမှုတွေလုပ်ဖို့ ကြိုးစားဖွယ်ရှိနေပါတယ်။ အင်္ဂလန်လူငယ်တိုက်စစ်မှူးစတာလင်းဟာ လီဗာပူးက တစ်ပတ်ပေါင် ၁၀၀၀၀၀ ပေးပြီး စာချုပ်ဖို့ ကမ်းလှမ်းခဲ့ပေမယ့် သူက ပယ်ချခဲ့ပါတယ်။ စတာလင်းအနေနဲ့ လာမယ့် သောကြာနေ့မှာ လီဗာပူး အမှုဆောင်အကြီးအကဲ ဘန်အာရေးနဲ့ နည်းပြရော်ဂျာတို့ကိုတွေ့ဖို့ ရှိနေပြီး သူထွက်ခွာမယ့်အကြောင်း ပြောကြားမယ်လို့ မျှော်လင့်ထားပါတယ်။

စတာလင်းရဲ့ လက်ရှိစာချုပ်ဟာ ၂၀၁၇ မှာ ကုန်ဆုံးမှာဖြစ်ပါတယ်။ လီဗာပူးတာဝန်ရှိသူတွေနဲ့ ညှိနှိုင်းမှုမရရင်တော့ စတာလင်းဟာ အန်ဖီးလ်မှာပဲ ဆက်ကစားရဖွယ်ရှိပါတယ်။ စတာလင်းကို အဓိကအားဖြင့်တော့ မန်စီးတီး၊ အာဆင်နယ်နဲ့ ဥရောပထိပ်သီးကလပ်တွေက ခေါ်ယူဖို့ စိတ်ဝင်စားနေတာပါ။ လီဗာပူးကတော့ သူ့ကို ဘယ်လောက်ဈေးပေးပေး မရောင်းနိုင်ဘူးလို့ အခိုင်အမာပြောဆိုနေပါတယ်။ စတာလင်းဟာ လက်ရှိစာချုပ်အရ တစ်ပတ်ကို ပေါင် ၃၅၀၀၀ ပဲရပါတယ်။ လီဗာပူးအသင်းဟာ ၂၀၁၂ ခုနှစ်က လိဂ်ဖလားဆွတ်ခူးနိုင်ခဲ့ပေမယ့် လာမယ့်ရာသီမှာတော့ ချန်ပီယံလိဂ်ဝင်ခွင့်နဲ့ တောင်လွဲချော်သွားပြီဖြစ်ပါတယ်။ ဒီအတွက် ငွေမလိုဘဲ ဖလားလိုတဲ့ စတာလင်းအနေနဲ့ အန်ဖီးလ်ကို ကျောခိုင်းဖို့ ကြိုးစားဖွယ်ရှိနေပါတယ်။



# အတိုးပေးရန်မလို ၁၀နှစ်

## ငွေချေစနစ်ဖြင့်

## သိန်း ( ၁၀၀၀ ) ကျော်တန်

မေ(၂၆)၊(၂၇)၊
Junction
Square
ရောင်းမှာနော်

Developer
iGREEN ပိုင်
လှိုင်မြို့နယ်မြေ(၁)ဧက
ပေါ်တွင်ဆောက်မည့်

Royal Thukha
CONDOMINIUM

ဦးဆုံးဝယ်သော (၁၀၀) ခန်းတွက် ဝယ်ခွန် ကို
DEVELOPER iGREEN မှတာဝန်ယူပေးမည်။

ကျပ်သိန်း(၃၀)ယူလာမှ အခန်းရဖို့ သေချာမယ်နော်

အိမ်ထောင်(၁)စုလျှင်(၁)ခန်းသာရောင်းမည်၊ မှတ်ပုံတင်၊သန်း ခေါင်စာရင်းမိတ္တူ ပါမှရောင်းမည်။


Developed By
iGREEN
Royal Thukha
CONDOMINIUM
2016 တွင်စဆောက်ပြီး 2019 တွင်အခန်းအပ်မည်
12'-11"
3'-6"
10'-9"
17'-9" [5410.20mm]
5'-6"
12'-11"
11'-10"
5'-4"
7'-7"
7'-5"
16'-9"
4'-3"
6'-0"
10'-0"
6'-2"
5'-0"
10'-8"
45'-0" [13716.51mm]
(၁)ခန်းလျှင်
ကားပါကင်(၁)နေရာရမည်
SWIMMING POOL & GYM , FUNCTION HALL
SHOW ROOM
82/A ၊ ကျိုက်ဝိုင်းဘုရားလမ်း၊
မရမ်းကုန်း၊ Junction (8) ရှေ့၊
OFFICE
30 ၊ ဘုရင့်နောင်လမ်း၊ လှိုင်
ရျောင်းဝဘုန်းကြီးကျောင်းအနီး၊
လစဉ်
၈
သိန်းခန့်
ပေးရုံဖြင့်အခန်း
ပိုင်နိုင်မည့်
အခွင့်အရေး
www.igreen-construction.com
iGREEN-CONSTRUCTION

# ငလျင် [သို့မဟုတ်] လှုပ်တစ်ပြက်ရန်သူ

(အပိုင်း-၁)

သိပ္ပံစာရေးဆရာကိုကိုအောင်



*ယခင်အပတ်မှအဆက်*

ကမ္ဘာပေါ်ရှိပြတ်ရွေ့ကြောင်းကြီးများအနက် San Andreas Fault သည် အလွန်ထင်ရှားသော ကမ္ဘာသိ ပြတ်ရွေ့ကြောင်းကြီးဖြစ်သည်။ ယင်းပြတ်ရွေ့ကြောင်း သည် အမေရိကန်ပြည်ထောင်စု အနောက်ဘက် ကမ်း ခြေရှိ ကယ်လီဖိုးနီးယားပြည်နယ်အတွင်း၌ တည်ရှိ သည်။ ကယ်လီဖိုးနီးယားပြည်နယ်ကြီးသည် ကျောက် လွှာချပ်ကြီးနှစ်ခုပေါ်၌ ခွလျက်တည်ရှိနေသည်။ ပစိဖိတ် ကျောက်လွှာချပ်ပေါ်၌ တစ်စိတ်တစ်ပိုင်း တည်ရှိနေပြီး မြောက်အမေရိက ကျောက်လွှာချပ်ပေါ်၌ ကျန်အစိတ် အပိုင်းက တည်ရှိနေသည်။ ကယ်လီဖိုးနီးယားပြည်နယ် ကို ဆန်အင်ဒရီးစ် ပြတ်ရွေ့ကြောင်းကြီးက ပိုင်းခြားထား လျက်ရှိသည်။

ပစိဖိတ်ကျောက်လွှာချပ်သည် အနောက်မြောက် ဘက်သို့ ရွေ့လျားနေစဉ်၊ မြောက်အမေရိက ကျောက်လွှာ ချပ်ကြီးက ဆန့်ကျင်ဘက်အရပ်ဖြစ်သော အရှေ့တောင် ဘက်သို့ ရွေ့လျားလျက်ရှိနေသည်။ ထို့ကြောင့်ပင်လျှင် ကျောက်လွှာချပ်ကြီးနှစ်ခု၏ဆုံရာဖြစ်သော ဆန်အင် ဒရီးစ်ပြတ်ရွေ့ကြောင်းကြီးတစ်လျှောက်နှင့် အနီး တစ်ဝိုက်တွင် ငလျင်ကြီးများဖြစ်ပေါ်လေ့ရှိသည်။

သာဓကအားဖြင့် ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်းရှိ လော့စ်အိန်ဂျလိစ်မြို့တွင် ၁၉၉၄ ခုနှစ်က အင်အားအလွန်ပြင်းထန်သော ငလျင်ကြီးလှုပ်ခဲ့ပြီးဖြစ် သည်။ လော့စ်အိန်ဂျလိစ်မြို့သည် ဆန်အင်ဒရီးစ် ပြတ်ရွေ့ကြောင်းကြီးမှကီလိုမီတာ ၅၀ ခန့်သာ ကွာဝေး သလို မြို့ပတ်ဝန်းကျင်၌လည်း သေးငယ်သောပြတ်ရွေ့ ကြောင်းများ အများအပြားတည်ရှိနေသည်။ ၁၉၉၄ ခုနှစ် ငလျင်ကြီးသည် ထိုပြတ်ရွေ့ကြောင်း ငယ်ကလေးများထဲမှ ပြတ်ရွေ့ကြောင်းတစ်ခုကို ဗဟိုပြုခဲ့ခြင်းဖြစ်သည်။

အလားတူပင် ၁၉၂၃ ခုနှစ်က ဂျပန်နိုင်ငံ၌ လှုပ်ခဲ့ သော အင်အားပြင်း ငလျင်ကြီးသည်လည်း ပြတ်ရွေ့ ကြောင်းများနှင့်နီးကပ်သော နေရာဒေသတွင် ဖြစ်ပွားခဲ့ ခြင်းဖြစ်သည်။ အဆိုပါငလျင်ကြီးသည် မြို့တော် တိုကျိုနှင့် ယိုကိုဟားမားဆိပ်ကမ်းမြို့များကို ဆိုးဆိုးရွားရွား ပျက်စီး စေခဲ့သည်။ ထို့အတူ သမ္မတနန်းတော် အဆောက်အအုံ ကြီးပါ ပြိုကျခဲ့သည့်အတွက် အုပ်ချုပ်ရေးယန္တရားကိုပါ တုံ့ဆိုင်းသွားစေခဲ့သော ဟေတီငလျင်သည် လည်းကောင်း၊ ပျက်စီးဆုံးရှုံးမှု ကြီးမားလွန်းသောကြောင့် လမ်းပန်း ဆက်သွယ်ရေးကိုပါ ပြတ်တောက်သွားခဲ့သော ချီလီငလျင် သည်လည်းကောင်း၊ လူအသေအပျောက် အလွန်များခဲ့ သည့် တရုတ်နိုင်ငံစီချွမ်ငလျင်သည် လည်းကောင်း၊ မြို့တစ်မြို့လုံးနီးပါးကို အသစ်ပြန်လည်တည်ဆောက်ခဲ့ ရသည့် ဂျပန်နိုင်ငံ ကိုဘေးငလျင်သည်လည်းကောင်း၊ မကြာသေးမီကဖြစ်ပွားခဲ့သော နီပေါငလျင်သည် လည်း ကောင်း အရွယ်အစားအမျိုးမျိုးရှိကြသည့် ပြတ်ရွေ့ကြောင်း ကြီးငယ်အသွယ်သွယ်တို့ကို ဗဟိုပြုလျက် သို့တည်းမဟုတ် ပြတ်ရွေ့ကြောင်းများ၏ အနီးပတ်ဝန်းကျင်ကို ဗဟိုပြုလျက် ဖြစ်ပွားခဲ့ကြခြင်းပင်ဖြစ်သည်။

ယနေ့ ခေတ်သိပ္ပံနှင့်နည်းပညာများ အလွန့်အလွန် တိုးတက်နေသည့်တိုင် ငလျင်လှုပ်မည့်အရေးကို ကြိုကြို တင်တင် ခန့်မှန်းနိုင်ခြင်း မရှိကြသေးပေ။ ကမ္ဘာ့ငလျင်လှုပ် ခတ်မှု အများဆုံးနိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံသည် စက်မှု ဖွံ့ဖြိုးပြီးဖြစ်သော ထိပ်တန်းနိုင်ငံတစ်ခု ဖြစ်သည်နှင့် အညီ ငလျင်လှုပ်ခတ်မှု၏ အဦးအစဖြစ်သော မြေအောက် လှုပ်ရှားမှုများကို အချိန်ရနိုင်သလောက် ကြိုတင် ထောက်လှမ်းသိရှိနိုင်သည့် တိုင်းတာရေးစခန်း ကွန်ရက် ကြီးကို ဒေါ်လာသန်း ၅၀၀ အကုန်အကျခံ၍ တည် ဆောက်ခဲ့သည်။

ငလျင်အစ မြေအောက်လှုပ်ရှားမှုများကို တိုင်းတာ သည့် စခန်းပေါင်း ၁၀၀၀ ကျော်ကို စီရင်စုတစ်ခုချင်းစီ အလိုက် တစ်နိုင်ငံလုံး၌ ကွန်ရက်အဖြစ် ဖြန့်ကြက်ကာ ငလျင်ကြိုတင်သတိပေးဌာနနှင့် ချိတ်ဆက်ထားခဲ့သော ဂျပန်နိုင်ငံသည် ၂၀၁၁ ခုနှစ်က ဖြစ်ပွားခဲ့သည့် ငလျင်လှုပ်မည့်အရေးကို စက္ကန့်ပိုင်းမျှသာ ကြိုတင် သိရှိနိုင်ခဲ့သည်။

၂၀၁၁ ခုနှစ် မတ် ၁၁ ရက် မွန်းလွဲ ၂ နာရီ၄၆ မိနစ်က ဂျပန်နိုင်ငံ ဟွန်ရှူးကျွန်းပေါ်ရှိ ဆန်ဒိုင်းဒေသ အရှေ့ဘက် မိုင် ၈၀ ခန့်အကွာ နေရာ၏မြေအောက် အနက် ၂၅ ဒသမ ၂ မိုင်ကို ဗဟိုပြု၍ ၉ ဒသမ ၀ မဂ္ဂနီကျူရှိ အင်အားအလွန်ပြင်းထန်သော ငလျင်ကြီး လှုပ်ခတ်ခဲ့သည်။

ဆက်သွယ်ရေးစနစ် အလွန်ကောင်းမွန်ပြီး တုံ့ပြန် ဆောင်ရွက်မှု အလွန်မြန်ဆန်သည့် ဂျပန်နိုင်ငံသည် စက္ကန့်ပိုင်းမျှသာကြိုသိရသည့် ငလျင်လှုပ်မည့်အရေးကို နိုင်ငံတစ်ဝန်း အချိန်ရနိုင်သလောက် ကြိုတင်ထုတ်ပြန် ခဲ့သည့်အတွက် ပျက်စီးဆုံးရှုံးမှု ကြီးမားကျယ်ပြန့်ခဲ့ သည့်တိုင် ဆိုးဆိုးရွားရွားဖြစ်ပွားခဲ့သည့် အဆိုပါ ပျက်စီးဆုံးရှုံးမှုနှင့် နှိုင်းစာလျှင် လူအသေအပျောက် အလွန်နည်းပါးခဲ့သည်။ ထိုအင်အားပြင်းငလျင်ကြီး ကြောင့် ဂျပန်ပင်လယ်ကြမ်းပြင်သည် တစ်ဖက်တစ်ချက် သို့ ၇၉ ပေခန့် ရွေ့သွားခဲ့သည့်အပြင် အပေါ်ဘက်သို့ လည်း ၁၀ ပေခန့် မြင့်တက်လာခဲ့သည်။

ငလျင်လှုပ်မည့်အရေးကို လူတို့က ကြိုတင်မသိ ရှိနိုင်၊ မခန့်မှန်းနိုင်ကြသော်လည်း တိရစ္ဆာန်မျိုးစိတ် အချို့က အာရုံခံစား၍ ကြိုတင်သိရှိနိုင်သည်ဟု ဆိုသော ယူဆချက်များလည်း ထွက်ပေါ်လာခဲ့သည်။ သာဓကအားဖြင့် အီတလီနိုင်ငံ အယ်လ်အကွီလာမြို့၌ ငလျင်မလှုပ်မီ ထောင်နှင့်ချီသော ဖားများလမ်းပေါ်သို့ တက်ရောက်လာခဲ့ကြသလို၊ တရုတ်နိုင်ငံ စီချွမ်ပြည်နယ် ၌ ငလျင်မလှုပ်မီ ရာပေါင်းများစွာသော မြွေများ မြေပြင်ပေါ်သို့ တက်ရောက်လာခဲ့ကြခြင်းများကို ကြုံတွေ့ခဲ့ကြရသည်။

ငလျင်လှုပ်ခါနီးဆဲဆဲတွင် ဘူမိဆိုင်ရာ လှုပ်ရှားမှု များကြောင့် မြေအောက်ရေအပါအဝင် ဒြပ်စင်များ အပြောင်းအလဲဖြစ်သည့်အပေါ် တိရစ္ဆာန်အချို့က အာရုံ ခံသိရှိနိုင်ကြသည်ဟု သုတေသီအချို့ကယုံကြည်ခဲ့ကြ သည်။ ငလျင်လှုပ်ရန် နာရီပိုင်းခန့်အလို၌ နွားများ ဂနာမငြိမ်ဖြစ်လာခြင်း၊ ခွေးများ အူခြင်း၊ ငှက်များအသိုက် ပြောင်းရွှေ့ခြင်း၊ စင်ရော်များ ရေပြင်ပေါ် ပျံသန်းနေ ရာမှ ကုန်းပေါ်သို့ အုပ်စုလိုက် ဦးတည်ပျံသန်းခြင်း၊ မိ ကျောင်းများ ခေါင်းထောင်လာခြင်း၊ ဝက်များ ဆောက် တည်ရာမရဘဲ အော်မြည်ပြေးလွှားခြင်းစသော ထူးခြား သည့် အပြုအမူများသည် အချို့သော ငလျင်များနှင့် တိုက်ဆိုင်ခဲ့သည်ကို သုတေသီအချို့က သတိပြုမိခဲ့ကြ သည်။

သို့ရာတွင် တိရစ္ဆာန်အချို့၏ ထူးခြားသော အဆိုပါ အပြုအမူများသည် ငလျင်လှုပ်တော့မည့် ရှေ့ပြေးနိမိတ် များဖြစ်သည်ဆိုသော ခိုင်လုံတိကျသည့် ထုတ်ပြန်ချက် မျိုးကို လုပ်ဆောင်နိုင်ခြင်းမရှိကြသေးပေ။ အဘယ် ကြောင့်ဆိုသော် သုတေသနပြု စမ်းသပ်ချက်အကြိမ် ပေါင်းများစွာတွင် အနည်းစုကသာ တိုက်ဆိုင်မှန်ကန်ပြီး အများစုကမူ ငလျင်လှုပ်ခြင်းနှင့် တိုက်ဆိုင်မှု မရှိကြ သောကြောင့် ဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် နွားများနှင့် စမ်းသပ်သည့် သုတေသနကဲ့သို့သော စမ်းသပ်ချက် အများအပြားက ထိုယူဆချက်များ ရာနှုန်းပြည့်မှန်ကန် ခြင်းမရှိကြောင်းကို ထောက်ပြခဲ့ပြီးဖြစ်သည်။

**ငလျင်လှုပ်ခါနီးဆဲဆဲတွင် ဘူမိဆိုင်ရာ လှုပ်ရှားမှုများကြောင့် မြေအောက်ရေအပါအဝင် ဒြပ်စင်များ အပြောင်းအလဲဖြစ်သည့် အပေါ် တိရစ္ဆာန်အချို့က အာရုံခံသိရှိနိုင်ကြသည်**


## သတ္တုတွင်းဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅ခုနှစ် ဇွန်လတွင် ကျင်းပပြုလုပ်မည့် (၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကျင်းပနိုင်ရေးအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်း/ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်-

| | | |
|---|---|---|
| (က) | ဝင်ခွင့်ကတ်ထည့်ရန် အိတ်/ကြိုးများ | (၁) မျိုး |
| (ခ) | စာရွက်စာတမ်းများနှင့် ကတ်တလောက်စာအုပ်များ ထည့်ရန်အိတ် | (၁) မျိုး |
| (ဂ) | ရတနာကုန်သည်များလိုက်နာရန်စည်းကမ်းချက်စာအုပ် (မြန်မာ၊ အင်္ဂလိပ်) | (၂) မျိုး |
| (ဃ) | လက်ကမ်းကြော်ငြာ(မြန်မာ၊ တရုတ်) | (၁) မျိုး |
| (င) | ကတ်တလောက်စာအုပ် | (၂) မျိုး |
| (စ) | ဗီနိုင်းပိုစတာရိုက်နှိပ်ခြင်း၊ ပြုလုပ်တပ်ဆင်ခြင်း(၂)မျိုး | |
| (ဆ) | ကျောက်စိမ်းတွဲများမှတ်တမ်းဓာတ်ပုံနှင့်လုပ်ရှားမှု ဓာတ်ပုံရိုက်ကူးခြင်း | (၁) မျိုး |
| (ဇ) | စာရေးကိရိယာ | (၇၀) မျိုး |
| (ဈ) | ကွန်ပျူတာဆက်စပ်ပစ္စည်း၊ Copie Toner&Printer Toner | (၂၃) မျိုး |

၂။ **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၂၁-၅-၂၀၁၅ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၂၉-၅-၂၀၁၅ရက် ၁၆း၀၀နာရီ

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)ဖုန်း-၀၆၇-၄၁၄၈၁၈ နှင့် ၀၆၇-၄၁၄၉၀၄တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်စိုးမြင့်အောင် ၁၁/မပတ(နိုင်)၀၃၅၀၈၂၏ Passport (M-006124)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၆၁၆၆၉၀၇၃၊ ၀၉-၄၂၁၇၂၁၈၂၂**

## OTS 44
## ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၄)မော်ဘီ စည်သူတပ်ခွဲ

သူငယ်ချင်းတွေပြန်လည်ဆုံတွေ့ကြပြီး သွားလေသူတွေကို ရည်စူးလို့ ဆွမ်းကပ်လှူအမျှပေးဝေကြမယ်။ မသေကြွင်းကျန် သင်တန်းတက်ဖော် သူငယ်ချင်းတွေရော ကျန်ရစ်သူဇနီးများပါ မိသားစုတွေနဲ့အတူတူ ယခု မေလ ၃၀ရက်(စနေနေ့) နံနက် ၉နာရီမှာ အောက်ပါကျောင်းတိုက်သို့ (ဖိတ်စာ ရရ၊ မရရ) ဆက်ဆက်လာခဲ့ကြပါ။ ကိုယ်နဲ့အဆက်မပြတ်သေးသူတွေကိုလည်း ဆက်ပြောလိုက်ကြပါဦး။ (နယ်ကလာမည့်သူတွေ တည်းခိုဖို့နဲ့ ဘာအခက်အခဲ ရှိရှိ/မရှိရှိ ဆက်သွယ်ပေးကြပါ)

**(ညစာစားပွဲရှိပါမည်)**

**မြို့မကျောင်းလမ်းက အိမ်တော်ရာကျောင်းတိုက်၊ ဒက္ခိဏာရုံ ပရိယတ္တိစာသင်တိုက်**

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| ဦးသန်းဝင်း | (၀၉) | ဖုန်း-၀၉-၄၅၀၀၅၃၃၆၁ |
| ဦးတင်အောင်မြင့် | (၂၄) | ဖုန်း-၀၉-၅၀၁၀၃၈၄ |
| ဦးဇော်ဝိတ် | (၅၄) | ဖုန်း-၀၉-၇၉၉၆၉၈၀၁၁ |
| ဦးမောင်မြင့် | (၅၈) | ဖုန်း-၀၉-၇၉၅၉၀၈၇၁၅ |
| ဦးမိုးမြင့်သိန်း | (၄၆) | ဖုန်း-၀၉-၇၉၅၈၁၃၈၅၁ |
| ဦးအေးမောင် | (၇၂) | ဖုန်း-၀၉-၂၅၆၂၉၆၉၆ |

**တစ်အိတ်ဝယ်ရင်ပို့ပေးပါတယ်**

ပေါ်ဆန်းမွှေးနှစ်အိတ်ဝယ်လျှင် T ရှပ်တစ်ထည်ယူပါ။

09 730 77711 ☎ 01-682844

09 730 77722 ☎ 01-682944

စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမွှေး

## မဟာသံ့သရ ရုပ်ရှင်တော်မြတ်ကြီး ပူဇော်ပွဲ

မဟာသံ့သရရုပ်ရှင်တော်မြတ်ကြီးအား အောက်ဖော်ပြပါအတိုင်း ပင့်ဆောင်ပူဇော်မည်ဖြစ်ပါသဖြင့် မည်သူမဆို ကြွရောက်ဖူးမြော်ကြည်ညိုနိုင်ရန် ဖိတ်ကြားအပ်ပါသည်။

**ပူဇော်မည့်ရက်/အချိန်** - ၂၂-၅-၂၀၁၅ရက် မွန်းလွဲ ၂နာရီမှ ၂၄-၅-၂၀၁၅ရက် မွန်းလွဲ ၂နာရီအထိ

**ပူဇော်မည့်နေရာ** - အောင်သပြေဟိုတယ် (၃)၊ အမှတ် (၂/၆)၊ သမိုင်းဘူတာရုံလမ်း၊ မရမ်းကုန်းမြို့နယ် (ဟွန်ဒိုင်းကားပြခန်းဘေး)

**အောင်သပြေကုမ္ပဏီမိသားစု**

ကုမ္ပဏီတည်ထောင်ခြင်း၊ ပြည်ပပို့ကုန်သွင်းကုန် လုပ်ငန်းအဆင့်များ၊ အပြည်ပြည်ဆိုင်ရာကူးသန်းရောင်းဝယ်ရေးအသုံးအနှုန်းများ၊ မြန်မာနိုင်ငံ၏ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်းများ၊ L/C, TT, သင်္ဘောတင်ခြင်း၊ အကောက်ခွန်နှင့်အခြားအခွန်အခများတွက်ချက်ခြင်း စသည်ဖြင့် . . .

**ပြည်ပပို့ကုန်၊ သွင်းကုန်လုပ်ငန်း လမ်းညွှန်သင်တန်း**

အပတ်စဉ်(၅၈)

Section A : 23 - 5 - 2015

Section B : 26 - 5 - 2015

နေ့များတွင် စမည်။

**အလင်းသစ်စာပေ**

အခန်း(၆၀၁)၊ အမှတ်(၁၇)၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

ဖုန်း- ၀၉-၅၄-၀၀၃၀၂၊ ၀၉-၈၇-၀၃၈၄၈

အလင်းသစ် စာပေ



# ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူပြုနေသည့် ဆွာချောင်းအခမဲ့လူကူးတံတား

နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေး၏ပြယုဂ်များသည် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ခြင်းမှာ တစ်ထောင့်တစ်နေရာက ပါဝင်နေပြီး ဒေသအလိုက် ခရီးသွားလာရေး အဆင်ပြေကြစေရန် နိုင်ငံတော်၏အကူအညီ၊ စေတနာရှင် အလှူရှင်များ၊ ကိုယ့်အားကိုယ်ကိုး အစီအစဉ်များဖြင့် ဆောင်ရွက်သည်ကို မြင်တွေ့နေရသည်။

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့နှင့် အရှေ့တောင်ပေါ်ဒေသများအထိ ဆက်သွယ်သွားလာနိုင်သော လမ်းပိုင်းတွင် ဒေသတစ်ဝန်း ကျေးရွာများမှ လှူဒါန်းငွေများ၊ ဆွာမြို့နှင့် ဝန်းကျင် ရှိ ဆရာတော်ကြီး များ၏ တရားပွဲများ ကျင်းပရာမှ ရရှိသော အလှူငွေများဖြင့် ရှစ်နှစ်ကြာအောင် တည်ဆောက်ခဲ့သော ဆွာမြို့ ရေနီးကျေးရွာကြားရှိ ဆွာချောင်း သံကူကွန်ကရစ်တံတားကြီးမှာ ဒေသတွင်း ပြည်သူတို့၏ အောင်မြင်မှု အထိမ်းအမှတ်လည်းဖြစ်သည်။ ဆွာချောင်းရေလှောင်တမံ တည်ဆောက်ခြင်းမပြုမီက ဆွာချောင်းသည် မိုးရာသီဆိုလျှင် ရေစီးသန်လွန်းကာ ရေနီးကျေးရွာ ချောင်းကူးတို့တွင် စက်လှေတိမ်းမှောက်မှုကြောင့် လူ့အသက်ပေါင်းများစွာ သေဆုံးခဲ့ရသော ခါးသီးသောဖြစ်ရပ်ကြောင့် ယခု တည်ဆောက်ပြီးစီးသွားသည့် တံတားကြီးဖြစ်ပေါ်စေရန် တွန်းအားဖြစ်စေခဲ့ခြင်းဖြစ်သည်။ ၂၀၀၅ ခုနှစ်တွင် စတင်ကာတည်ဆောက်ခဲ့သော သံကူကွန်ကရစ်တံတားမှာ အရှည် ၅၁၇ ပေ၊ အကျယ် ၁၁ ပေ ရှိပြီး ကွန်ကရစ်ချဉ်းကပ်လမ်းအရှည်မှာ ၂၁၃၆ ပေရှိကာ ကုန်ကျငွေ စုစုပေါင်း ငွေကျပ် ၁၅၉၈ သိန်းကျော် ကုန်ကျခဲ့ပြီး ၂၀၁၃ ခုနှစ်မှ စတင်၍ ဒေသခံပြည်သူများ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ကြခြင်း ဖြစ်သည်။ ဆွာချောင်းတံတားကြီး အရှေ့ဘက်ခြမ်းတွင် မြောက်ဘက်သို့သွားလျှင် ရေနီး၊ သရက်တော၊ ဆွာဝပေါက်၊ ဆွာတောင်ကမ်း ကျေးရွာများသို့ လည်းကောင်း၊ တောင်ဘက်ဆိုလျှင် ကညင်အိုင်၊ အေးသာယာ၊ တံတားကြီးကျေးရွာများသို့လည်းကောင်း၊ အရှေ့ဘက်ဆိုလျှင် ကျေးရွာများစွာနှင့် ကရင်ပြည်နယ်တောင်ပေါ်ဒေသများအထိ နေ့စဉ်လုပ်ငန်းကိစ္စများဖြင့် ပြည်သူများ ခရီးသွားလာလျက်ရှိကြရာ ကျေးလက်တောရွာများတွင် ယခုအခါ ကိုယ်ပိုင်ယာဉ်များပင် ဝယ်ယူ စီးနင်းနိုင်ကြပြီဖြစ်သလို ဆွာချောင်းအရှေ့ဘက်ခြမ်းသို့ လျှပ်စစ်မီးလင်းရေးအတွက် စတင်အကောင်အထည်ဖော်နေသည်ကို တွေ့ရှိရသည့်အတွက် မကြာမီသော ကာလများ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်လာခြင်းမှာ ဆွာချောင်း (အခမဲ့) သံကူကွန်ကရစ်တံတားကြီး၏ အကျိုးကျေးဇူးကြောင့်ပင် ဖြစ်ပေသည်။

**ကိုလွင်(ဆွာ)**

# အမျိုးသမီးဂျူဒို သင်တန်းဆင်းပွဲနှင့် ဘဝလုံခြုံရေး ဟောပြောပွဲ ကျင်းပ

**သထုံ မေ ၂၀**

အမျိုးသမီးများ မိမိကိုယ်ကိုကာကွယ်နိုင်ပြီး ၎င်းတို့၏ဘဝလုံခြုံမြင့်မားစေရန်အတွက် မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့မှကြီးမှူးကာ သထုံမြို့ ဘင်လှိုင်ရပ်ကွက်ရှိ မိုးလုံလေလုံအားကစားရုံ၌ ဖွင့်လှစ်ခဲ့သည့် နွေရာသီ ဂျူဒိုသင်တန်းဆင်းပွဲနှင့်အမျိုးသမီးများစွမ်းပကားမြင့်မားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဘဝလုံခြုံမှုရှိစေရေးတို့အတွက် အသိပညာပေးဟောပြောပွဲကို မတ် ၁၇ ရက်က အဆိုပါ အားကစားရုံ၌ ကျင်းပသည်။ အခမ်းအနားတွင် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းလွင်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။ ယင်းနောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ကာ သင်တန်းသူများက ဂျူဒိုစွမ်းရည်များ သရုပ်ပြသခဲ့ကြသည်။ အဆိုပါသင်တန်းကို မေ ၁ ရက်မှ စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သထုံမြို့ပေါ်ရပ်ကွက်များနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးများမှ သင်တန်းသူပေါင်း ၃၀ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား လွိုင်လင်၌ အခမဲ့ခွဲစိတ်ကုသ

**လွိုင်လင် မေ ၂၀**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးမှုဖြင့် လွိုင်လင်ခရိုင်၊ တောင်ကြီးခရိုင်နှင့် လင်းခေးခရိုင်များမှ နှုတ်ခမ်းကွဲအာခေါင်ကွဲလူနာများအား အခမဲ့ခွဲစိတ်ကုသပေးရန် အလှူငွေပေးအပ်ပွဲနှင့် အခမဲ့ခွဲစိတ်ကုသပွဲအခမ်းအနားကို မေ ၁၇ ရက်က လွိုင်လင်ခရိုင် အထွေထွေရောဂါကုဆေးရုံကြီး၌ ကျင်းပကြောင်း သိရသည်။ ရှေးဦးစွာ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား အခမဲ့ခွဲစိတ်ကုသပေးရန် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက အလှူငွေကျပ်သိန်း ၂၀ ကို ပေးအပ်သည်။

ဆက်လက်၍ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား အခမဲ့ခွဲစိတ်ကုသပေးခြင်း ဖွင့်ပွဲအခမ်းအနားကို ပြည်နယ်လူမှုရေးဝန်ကြီး၊ လွိုင်လင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ဟိန်းကျော်နှင့် မျက်နှာ၊ မေးရိုးခွဲစိတ်အထူးကုဆရာဝန်ကြီးဒေါက်တာသွဲ့တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်လူမှုရေးဝန်ကြီးနှင့်အဖွဲ့သည် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ခွဲစိတ်ကုသခံမည့်လူနာများနှင့်မေ ၁၆ ရက်က ခွဲစိတ်ကုသပြီး လူနာများအား ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။ လွိုင်လင်ခရိုင်၊ လင်းခေးခရိုင်နှင့် တောင်ကြီးခရိုင်များမှ လူနာ ၂၉ ဦး ခွဲစိတ်ကုသမှုခံယူကြမည်ဖြစ်ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**



# အရေးပေါ်တိုင်းရင်းဆေးသေတ္တာများ ဖြန့်ဝေပေး

**နေပြည်တော် မေ ၂၀**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် ကျေးလက်နေပြည်သူများအား ကျန်းမာရေးအထောက်အကူပြု အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာဖြန့်ဝေပေးအပ်ပွဲ အခမ်းအနားကို မေ ၁၅ ရက်က ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ပုဗ္ဗသီရိမြို့နယ်တာဝန်ခံ ဦးသန်းဌေးက အမှာစကားပြောကြားပြီး တိုင်းရင်းဆေးပညာဦးစီးဌာန၊ နေပြည်တော်တိုင်းဦးစီးဌာနမှူး ဦးထွေးမောင်က အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် နေပြည်တော်ကောင်စီဝင်က ပုဗ္ဗသီရိမြို့နယ်အတွင်း ကျေးရွာ ၇၃ ရွာအတွက် အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာ ၇၃ လုံးကို လွှဲပြောင်းပေးအပ်ရာ ကျေးရွာများကိုယ်စား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးက လက်ခံယူခဲ့ကြောင်း သိရသည်။

**မောင်လွင်**


## လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည် ပို့ကုန်ထူးချွန်လုပ်ငန်းရှင်(ပထမ)ဆု ရရှိသော ဦးစိုးပိုင် (ပိုင် မိသားစု အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်) အား အထူးဝမ်းသာ ဂုဏ်ပြုအပ်ပါသည်။

တိုင်းပြည်အကျိုး၊ အမျိုးဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး စွမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းပတ္ထနာပြုလိုက်ပါသည်။

ဦးသိန်းရွှေ + ဒေါ်တင်တင် မိသားစု
ရွှေပြည်သမဝါယမလီမိတက်

## လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည် ပို့ကုန်ထူးချွန်လုပ်ငန်းရှင်(ပထမ)ဆု ရရှိသော ဦးစိုးပိုင် (ပိုင် မိသားစု အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်) အား အထူးဝမ်းသာ ဂုဏ်ပြုအပ်ပါသည်။

တိုင်းပြည်အကျိုး၊ အမျိုးဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး စွမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းပတ္ထနာပြုလိုက်ပါသည်။

ကိုဇော်မိုး + မမြတ်မြတ်နှင်း
သလ္လာမွန်ပွဲရုံ၊ မုံရွာမြို့

## ဦးအောင်ဝင်း
(ရွှေတံဆိပ်ဆုရှင်-လန်ဒန်)

LCCI သင်တန်းများ ခုံနံပါတ်ယူထားနိုင်ပြီ။
June - 20 (Sat) စမည်။ Aircon စာသင်ခန်းမ
LCCI အနှစ်(၂၀)အတွေ့အကြုံကြောင့် သင်ကြားမှုပြီးပြည့်စုံစေသည်။
အမှတ်(၂၉၀)၊ တထပ်၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်)။
☎-01-371741, 240824, 381350

## လက်တွဲဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်ခြင်း

| | | |
|---|---|---|
| Chief Engineer (ME/BE-Civil) အဆောက်အအုံ | ကျား/မ | ၁ ဦး |
| Project Engineer (BE/B-Tech/AGTI-Civil) အဆောက်အအုံ | ကျား/မ | ၃ ဦး |
| Project Engineer (BE/B-Tech/AGTI-Civil) လမ်း/တံတား | ကျား/မ | ၃ ဦး |
| Site Engineer (BE/B-Tech/AGTI-Civil) အဆောက်အအုံ/လမ်းတံတား | ကျား/မ | ၇ ဦး |
| Project Manager | ကျား | ၅ ဦး |
| M&E Engineer (ME/BE-Electrical/ Mechanical) | ကျား/မ | ၂ ဦး |
| QC/QS (ME/BE-Civil) အဆောက်အအုံ/လမ်းတံတား | ကျား/မ | ၂ ဦး |
| Surveyar | ကျား | ၃ ဦး |
| ပုံဆွဲကျွမ်းကျင် | ကျား/မ | ၂ ဦး |

လျှောက်ထားသူများသည် နယ်တွင် တာဝန်ထမ်းဆောင်နိုင်သူများ ဖြစ်ရမည်။ အရည်အချင်းအတွေ့အကြုံနှင့် ကြိုးစားမှုအပေါ်မူတည်၍ ထိုက်တန်သောလစာနှင့် အကျိုးခံစားခွင့်ရှိသည်။ E-mail ဖြင့် လျှောက်ထားနိုင်သည်။

ဆက်သွယ်ရန် - ဧရာနဂါးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်
ဖုန်း-၀၆၇-၄၂၀၅၄၃၊ ၀၉-၂၂၀၀၉၈၉၊ ၀၉-၂၄၀၀၃၂၇
Email/ headoffice @ ayeyarnagar.com.

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်တော် မောင်အောင်မျိုးသန့် ၁၂/ဥကတ(နိုင်) ၁၆၀၅၈၈နှင့် ကျွန်မ မသက်မြတ်နိုး ၁၂/သဃက(နိုင်)၁၅၇၇၆၂တို့သည် ၂၂-၆-၂၀၁၄ရက်မှစ၍ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။

အောင်မျိုးသန့်

## ရှင်သန့်ဇင်
Car Rental

ကားမျိုးစုံကို ခရီးစဉ်၊ လချုပ်၊ နှစ်ချုပ် ငှားရမ်းနိုင်ပါသည်။ ယာဉ်ပိုင်ရှင်များ ဆက်သွယ်နိုင်ပါသည်။ မြို့တွင်း၊ မြို့ပြင် ကားမျိုးစုံ ငှားရမ်းနိုင်ပါသည်။
Ph: 09-790676987
09-250001080
09-254001902

## ကလေးနာမည်ပေး
ဆရာကြီးရာဇာဇော်ဝင်း
(LL.B.)
01-394727, 01-399426 09-73009994-

## ကမ္ဘာ့အဖိုးတန်သစ်မွှေး
စိုက်နည်း၊ မျိုးနည်း
ဝင်းသစ်မွှေး 09-5117226

## SEVEN စံ
မြေကွက်ရောင်းဝယ်ရေး
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား?
SEVEN စံ နှင့်ဆက်သွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်
"ပွဲခလုံးဝမယူပါ"
Ph:09-33333 511, 09-33333 514
09-33333 644

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်လက်အောက်ရှိ စာရင်းအင်းဌာနခွဲ၊ သတင်းနှင့် စစ်ဆေးရေးဌာနခွဲနှင့် ရန်ကုန်/မန္တလေးမြို့များရှိ အောင်ဘာလေသိန်းဆုဌာနခွဲတို့တွင် အသုံးပြုသည့် အခွန်အမှတ်တံဆိပ်များ၊ တံဆိပ်ခေါင်းများနှင့် ထီစာအုပ်များအား ချောက်မြို့နယ်ရှိ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းများ၊ စက်ရုံ(ဝါဇီ)မှ သယ်ယူရန်အတွက် (မြန်မာကျပ်ငွေဖြင့်) မော်တော်ယာဉ်များ ငှားရမ်းလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါတင်သွင်းရမည့်ရက်** - ၂၅-၅-၂၀၁၅ ရက်
**တင်ဒါတင်သွင်းရမည့်အချိန်** - ၀၉း၀၀ နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - ရုံးအမှတ်(၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်
**တင်ဒါစိစစ်ရွေးချယ်မည့်ရက်** - ၂၇-၅-၂၀၁၅ ရက်
**တင်ဒါစိစစ်ရွေးချယ်မည့်အချိန်** - ၀၉း၀၀ နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - ရုံးအမှတ်(၃၄)၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ နေပြည်တော်

အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ပြည်တွင်းအခွန်များ ဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်တွင် ၂၁-၅-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်းရယူနိုင်ပါသည်။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းများ သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**- ၀၁-၂၄၈၂၇၂၊ အောင်ဘာလေသိန်းဆုဌာနခွဲ(ရန်ကုန်)**
**- ၀၆၇-၄၃၀၀၂၇၊ စာရင်းအင်းဌာနခွဲ၊ နေပြည်တော်**

---

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းရှိ အုပ်ချုပ်မှုသုံးယာဉ်နှင့် လုပ်ငန်းသုံးယာဉ်များအတွက် လိုအပ်သောအဆင့်မြင့် ဒီဇယ်ဆီ(၆၀၀)ဂါလန်၊ ဒီဇယ်ဆီ(ရိုးရိုး)(၂၆၈၂၀)ဂါလန်နှင့် ဓာတ်ဆီ(၆၀၀၀)ဂါလန်ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

**တင်ဒါပုံစံစတင်ရောင်းမည့်ရက်** - ၂၁-၅-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၉-၅-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀နာရီ
(ပစ္စည်းလက်ဝယ်ရှိသူကိုသာ ဦးစားပေးမည်ဖြစ်ပါသည်။)

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ပစ္စည်းထောက်ပံ့ရေးဌာန၊**
**ရန်ကုန်မြို့၊ အမှတ်(၁၉၇၁၉၉)၊အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊**
**ဖုန်း-၀၁-၂၂၀၈၁၆**

---

## စားသောက်ဆိုင်၊ ဟိုတယ်နှင့်တည်းခိုခန်းလုပ်ငန်းရှင်များ၊ စားသောက်ဖွယ် စားသုံးသူများ၊ တည်းခိုသူများသို့ အသိပေးနှိုးဆော်ချက်

* စားသောက်ဖွယ်ရောင်းချခြင်းလုပ်ငန်းမှ ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်း ရောင်းရငွေ ကျပ်သိန်းနှစ်ရာထက်ကျော်လွန်သော စားသောက်ဆိုင်လုပ်ငန်းများ၊ ဘဏ္ဍာရေးနှစ် တစ်နှစ်အတွင်း တည်းခိုခအပါအဝင်ဖြစ်သည့် ဝန်ဆောင်ခရငွေ ကျပ်သိန်းနှစ်ရာထက် ကျော်လွန်သော ဟိုတယ်၊ တည်းခိုခန်းလုပ်ငန်းများသည် ရရှိသော ကုန်သွယ်လုပ်ငန်းခွန် မကျသင့်မီ ရောင်းရငွေသို့မဟုတ် ဝန်ဆောင်ခရငွေနှင့်အတူ ကျသင့်သောကုန်သွယ် လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းကို တစ်ပါတည်းကောက်ခံပေးရန် တာဝန်ရှိပါသည်။
* စားသောက်ဆိုင်လုပ်ငန်း၊ ဟိုတယ်နှင့်တည်းခိုခန်းလုပ်ငန်း လုပ်ကိုင်သူများသည် ကုန်သွယ် လုပ်ငန်းခွန်ကောက်ခံခြင်းနှင့်ပတ်သက်၍ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့်အညီ ကျသင့်ငွေအတွက် ထုတ်ပေးသည့်ပြေစာများတွင် ကျသင့်ကုန်သွယ် လုပ်ငန်းခွန်နှင့်ညီမျှသော အခွန်အမှတ်တံဆိပ်များ ကပ်နှိပ်ထုတ်ပေးရမည်ဖြစ်ပါသည်။
* နိုင်ငံတော်တစ်ဝန်းလုံးရှိ ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ထိုက်သော ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရရှိသော စားသောက်ဆိုင်လုပ်ငန်းများ၊ ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းများမှ ထုတ်ပေးသည့်ပြေစာများတွင် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်နှင့် ညီမျှသော အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးခြင်းကို လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်။
* စားသောက်ဖွယ် စားသုံးသူ၊ တည်းခိုသူများသို့ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့် အညီ သတ်မှတ်ထားသော ပြေစာထုတ်ပေးရန် ပျက်ကွက်ခြင်း၊ သို့မဟုတ် ပြေစာထုတ် ပေးသော်လည်း ကျသင့်အခွန်တန်ဖိုးအတိုင်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက် ကွက်ခြင်းတို့ကို မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက ပြေစာတန်ဖိုးအပေါ် ကျသင့်အခွန်၏ ၁၀၀ရာခိုင်နှုန်းကို ဒဏ်ငွေအဖြစ် ပေးဆောင်ရမည့်အပြင် ဘဏ္ဍာ ရေးနှစ် တစ်နှစ်အတွင်း ပျက်ကွက်မှုအကြိမ်အလိုက် အောက်ပါငွေပမာဏကိုလည်း ပေးဆောင်ရမည်ဖြစ်ပါသည်-
  - ပထမအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ်နှစ်သိန်း၊
  - ဒုတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ်ငါးသိန်း၊
  - တတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ်ခုနစ်သိန်း၊
  - တတိယအကြိမ်အထက် ပျက်ကွက်ခြင်းအတွက် တစ်ကြိမ်လျှင် ကျပ်တစ်ဆယ်သိန်း။
* အထက်ဖော်ပြပါ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ စည်းမျဉ်းတို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် လုံလောက်သော အကြောင်းမရှိဘဲ ပျက်ကွက်ပါက တရားစွဲဆို ခြင်းခံရမည်ဖြစ်ပါသည်။ ပြစ်မှုထင်ရှားစီရင်ခံရပါက ထောင်ဒဏ်သုံးနှစ်မှ ခုနစ်နှစ် အထိ ကျခံရမည်ဖြစ်ပါသည်။
* စားသောက်ဆိုင်များ၊ ဟိုတယ်နှင့်တည်းခိုခန်းလုပ်ငန်းများအနေဖြင့် ပြေစာထုတ်ပေးရန် ပျက်ကွက်ခြင်း၊ ပြေစာထုတ်ပေးသော်လည်း ကျသင့်အခွန်တန်ဖိုးအတိုင်း အခွန်အမှတ် တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းများကို အထောက်အထားများဖြင့် သက်ဆိုင်ရာ အခွန်ရုံးသို့ သတင်းပေးတင်ပြပါက ကျသင့်အခွန်၏ ၁၀၀ရာခိုင်နှုန်းဖြစ်သော ဒဏ်ငွေ ၏ ၁၀ ရာခိုင်နှုန်းအပြင် အကြိမ်အလိုက် ပျက်ကွက်ခြင်းအတွက် ဒဏ်တပ်ရိုက်သည့် ဒဏ်ငွေ၏ ၁၀ရာခိုင်နှုန်းကို ဆုကြေးအဖြစ် ချီးမြှင့်မည်ဖြစ်ပါသည်။ သတင်းပေးတင်ပြ သူမည်သူဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ဖော်ထုတ်ခြင်းပြုမည် မဟုတ်ပါ။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန**
**ကုန်းလမ်းပို့ဆောင်ရေး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးပိုင် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ခရီးသည်ပို့ဆောင်ရေးအမှတ်(၅)လိုင်း၏ မြေဧရိယာ ၁ ဒသမ ၀ ဧကပေါ်တွင် ရှိသော အသုံးမလိုတော့သည့် အဆောက်အအုံအဟောင်း 1 Lot ကို မြန်မာနိုင်ငံသားများအား မြန်မာကျပ်ငွေဖြင့် ရောင်းချလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိလိုသောအချက်များကို ခရီးသည်ပို့ဆောင်ရေး အမှတ်(၁၂)လိုင်း၊ ပုဇွန်တောင်မြို့နယ် (ထင်းပုံဆိပ်) ဖုန်း-၀၁-၂၉၁၃၅၂၊ ၀၉-၇၃၂၅၅၄၇၄၊ ၀၉-၈၃၀၂၅၀၅၊ ၀၁၉-၆၉၉၁၅၇၊ ၀၁၉-၆၉၉၇၄၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေး**

---

**ကျန်းမာရေးဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ပြည်သူ့ဆေးရုံကြီး၊ စစ်ကိုင်းမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ စစ်ကိုင်းမြို့၊ ပြည်သူ့ဆေးရုံကြီး၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေအရ လူနာများအား ကုသပေးရန် လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၂၂-၅-၂၀၁၅ ရက် (သောကြာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၂-၆-၂၀၁၅ ရက် (တနင်္လာနေ့)ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**ပြည်သူ့ဆေးရုံကြီး၊ စစ်ကိုင်းမြို့**
**ဖုန်း-၀၇၂-၂၁၀၃၅**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံးမှ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) မြင်းခြံခရိုင်လူမှုဝန်ထမ်းရုံး (၆၀'×၄၀'×၁၁') (၁)ထပ် RC ရုံး အဆောက်အအုံ (၁)လုံးဆောက်လုပ်ခြင်း။ (ရေ၊ မီး၊ မိလ္လာအပါအဝင်)
(ခ) မြင်းခြံမူလတန်းကြိုကျောင်း (၁၅၀'×၃၀'×၁၁')(၁)ထပ် RC ကျောင်း ဆောက်လုပ်ခြင်း။ (ရေ၊ မီး၊ မိလ္လာအပါအဝင်)
(ဂ) တောင်သာမူလတန်းကြိုကျောင်း(၁၅၀'×၃၀'×၁၁') (၁)ထပ် RC ကျောင်းဆောက်လုပ်ခြင်း။ (ရေ၊ မီး၊ မိလ္လာအပါအဝင်)

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-
(က) **တင်ဒါလျှောက်လွှာရယူရန်** - ၁၉-၅-၂၀၁၅ ရက်မှ ၁၈-၆-၂၀၁၅ ရက်အထိ
(ခ) **တင်ဒါတင်သွင်းရန်** - ၁၉-၆-၂၀၁၅ ရက်၊ ၁၆း၀၀ နာရီ
(ဂ) **တင်ဒါဖွင့်ရက်** - ၂၀-၆-၂၀၁၅ ရက်

၃။ အသေးစိတ်သိရှိလိုပါက မန္တလေးတိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာန ဖုန်း-၀၂-၆၁၁၅၀၊ ၀၂-၇၂၁၀၃ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)နှင့် တည်ဆောက်ရေးအဖွဲ့(၁)တို့မှ တာဝန်ယူတည်ဆောက်ရသော ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့်စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိဧရာဝတီတံတား (ထီးချိုင့်)တည်ဆောက်ခြင်းလုပ်ငန်းတွင် လိုအပ်သည့်အောက်ဖော်ပြပါ ဘတ်တွဲယာဉ်အား မြန်မာငွေ(ကျပ်)ဖြင့် ငှားရမ်းလိုပါသည်။

| စဉ် | အမျိုးအမည် | အရေအတွက် | ဌာန |
|---|---|---|---|
| (က) | တန်(800 or 1000)ဘတ်တွဲ | (၁)စီး | တည်ဆောက်ရေးအဖွဲ့(၃) |
| | (တန်၁၅၀ ချိန်းကရိန်းတင်၍လုပ်ငန်းဆောင်ရွက်ရန်) | | တည်ဆောက်ရေးအဖွဲ့(၁) |

၂။ **တင်ဒါတင်သွင်းရမည့်ရက်** - ၁၉-၅-၂၀၁၅ရက် မှ ၁၉-၆-၂၀၁၅ရက်
**အချိန်** - နံနက် ၀၉း၀၀နာရီ မှ ၁၆း၀၀နာရီအထိ
**တင်ဒါစိစစ်ရွေးချယ်ရမည့်ရက်** - ၂၀-၆-၂၀၁၅ ရက်
**အချိန်** - မွန်းလွဲ ၁၃း၀၀နာရီ
**တင်ဒါစိစစ်ရွေးချယ်ရမည့်နေရာ** - အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ထီးချိုင့်မြို့

၃။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူသည့် အချက်အလက်များကို အသေးစိတ်သိရှိလိုပါက တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)၊ ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ဧရာဝတီတံတား(ထီးချိုင့်)မြတောင်ဘက်ကမ်းတွင် ရုံးချိန်အတွင်း ဖုန်း-၀၇၂-၂၂၂၈၀ သို့ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း မေးမြန်းစုံစမ်းနိုင်ပါသည်။ တင်ဒါလျှောက်လွှာများကို ၁၉-၅-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

**ရှမ်းပြည်နယ်အစိုးရအဖွဲ့**
**ရှမ်းပြည်နယ်၊ တောင်ကြီးမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ရှမ်းပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ တောင်ကြီးမြို့တွင် အသုံးပြုရန်အတွက် ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ ရုံးသုံးစက်ကိရိယာများနှင့် ရုံးသုံးပရိဘောဂများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**(က) ရုံးသုံးစက်ပစ္စည်း (၆)မျိုး (Lot-I)**

| | | |
|---|---|---|
| (၁) | Scanner A4 | ၁ လုံး |
| (၂) | Motorized Screen 10' x 10' | ၁ ခု |
| (၃) | LCD Projector (Lumen-3500, HDMI) (Panasonic) | ၁ လုံး |
| (၄) | Digital Camera | ၁ လုံး |
| (၅) | LED TV 32 | ၁ လုံး |
| (၆) | Generator 5 KVA | ၂ လုံး |

**(ခ) ရုံးသုံးပရိဘောဂ (၇)မျိုး (Lot-II)**

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (၁) | အမှုထမ်းစားပွဲ (၄'×၂'၆"×၂'၆") | ၄ လုံး |
| (၂) | ဗီရိုအကြီး (၃'×၁'၆"×၆') | ၃ လုံး |
| (၃) | ကွန်ပျူတာစားပွဲ | ၁ လုံး |
| (၄) | ကွန်ပျူတာထိုင်ခုံ | ၂ လုံး |
| (၅) | အစည်းအဝေးခန်းသုံးစားပွဲ (၆'×၄'×၂') (U Shape) | ၁၆ လုံး |
| (၆) | အစည်းအဝေးခန်းသုံးထိုင်ခုံ | ၄၈ လုံး |
| (၇) | အစည်းအဝေးခန်းသုံးဆုံလည်ထိုင်ခုံ | ၁ လုံး |

၂။ တင်ဒါစည်းကမ်းနှင့်တင်ဒါပုံစံကို ၁-၆-၂၀၁၅ ရက် (တနင်္လာနေ့) မှစ၍ ရောင်းချပါမည်။ တင်ဒါကို ၁၂-၆-၂၀၁၅ ရက် (သောကြာနေ့) ၁၆း၀၀ နာရီနောက်ဆုံးထားတင်သွင်းရပါမည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ရှမ်းပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး၊ တောင်ကြီးမြို့၊ ဖုန်း-၀၈၁-၂၀၆၈၁၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

---

**ရှမ်းပြည်နယ်အစိုးရအဖွဲ့**
**ရှမ်းပြည်နယ်၊ တောင်ကြီးမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ရှမ်းပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ တောင်ကြီးမြို့မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ အားသတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ခြံစည်းရိုးအုတ်တံတိုင်းကာရံခြင်း(ရေနုတ်မြောင်းအပါအဝင်)၊ တောင်ကြီးမြို့
  (၁) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးအရှေ့ဘက်ခြမ်း-၁၂၇ပေ
  (၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးမြောက်ဘက်ခြမ်း-၁၇၅ပေ
  (၃) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးအနောက်ဘက်ခြမ်း-၁၂၀ပေ
  (၄) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးတောင်ဘက်ခြမ်း-၁၇၅ပေ
  [လက်ရှိကာရံထားသည့်တောင်ဘက်ခြမ်း(၁၇၅ပေ) အုတ်တံတိုင်းအပါအဝင် အုတ်တံတိုင်းလေးဖက်လုံးအား သံဆူးကြိုးခွေ သုံးဆင့်ကာရံခြင်း]
(ခ) အဝီစိတွင်းတူးဖော်ခြင်း၊ အေးသာယာမြို့
(ဂ) ဂါလန်(၁၅၀၀၀)ဆံ့ မြေအောက်ရေသိုလှောင်ကန် တည်ဆောက်ခြင်း၊ အေးသာယာမြို့

၂။ ဆောက်လုပ်လိုသည့် ကုမ္ပဏီ/လုပ်ငန်းရှင်များသည် အထက်ဖော်ပြပါဆောင်ရွက်မည့်ရုံးခြံစည်းရိုး သံပန်းဂိတ်တံခါး၊ ခြံစည်းရိုးဒီဇိုင်းပုံစံ၊ တူးဖော်မည့်အဝီစိတွင်းနှင့် ဂါလန်(၁၅၀၀၀)ဆံ့မြေအောက် ရေသိုလှောင်ကန်တို့၏ အတိုင်းအတာများကို လက်ရှိမြေပြင်အခြေအနေအတိုင်းအတာအရ အသေးစိတ်တွက်ချက်၍ ရေးဆွဲတင်ပြရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းများနှင့် တင်ဒါပုံစံကို ၁-၆-၂၀၁၅ ရက် (တနင်္လာနေ့)မှစ၍ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ၁၂-၆-၂၀၁၅ ရက်(သောကြာနေ့) ၁၆း၀၀နာရီ နောက်ဆုံးထား တင်ဒါတင်သွင်းရမည် ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ရှမ်းပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ တောင်ကြီးမြို့၊ ဖုန်း-၀၈၁-၂၀၆၈၁၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းနှင့် စိစစ်ရွေးချယ်ရေးကော်မတီ**

---

## ဥယျာဉ်ခြံမြေရောင်းမည်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ အင်္ဂပူမြို့နယ်၊ ကွင်းကောက်မြို့အနီး ဧက ၆၀ (ပုသိမ်-မုံရွာကားလမ်းဘေး၊ မိုင်တိုင်အမှတ် ၁၀၁၊ ၂၅ ဧက) မိုင်တိုင် ၁၀၁ မှ အတွင်းပိုင်း ၁ဖာလုံအကွာ ဧက၅၀နှင့် မိုင်တိုင်အမှတ် ၉၄ ကားလမ်းဘေး (ကျောက်စရစ်+သဲ)ထုတ်လုပ်ရန် ကောင်းမွန်သော ၅ဧကရှိသည့် တောင်ကုန်းနှင့် လယ်အချို့ကို ဈေးနှုန်းမျှတစွာဖြင့် ရောင်းမည်။

**မှတ်ချက်- အရှုပ်အရှင်းကင်းသည်။**
**ဖုန်း-၀၁-၅၅၅၇၀၈၊ ၀၁-၅၅၁၉၆၈၊၀၉-၇၃၁၅၅၁၃၈၊**
**၀၉-၂၅၂၃၉၀၄၉၉၊ ၀၉-၃၁၁၅၃၇၃၇**

---

## သားအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာချက်

ကျွန်တော်ဦးစိုးဆွေ ၁၂/ကမရ(နိုင်)၀၄၁၅၃၃ ၏ တစ်ဦးတည်းသောသား မောင်စည်သူစိုးရွှေ ၁၂/ဒဂမ(နိုင်)၀၁၀၇၄၄ သည် မိဘ၏ ဆိုဆုံးမမှုကိုမနာခံသည့်အပြင် ဖခင်ဖြစ်သူ ကျွန်တော်ဦးစိုးဆွေအား အစဉ်အမြဲ စိတ်ဆင်းရဲဖြစ်စေရန် အကြိမ်ကြိမ်ပြုမူ ဆောင်ရွက်နေပါသဖြင့် အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကိုလည်း တာဝန်ယူလိုက်လံ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဖခင်ဦးစိုးဆွေ ၁၂/ကမရ(နိုင်)၀၄၁၅၃၃**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၄/၂၀၁၅)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါပစ္စည်းများကို အမေရိကန်ဒေါ်လာ (CIF Yangon)ဖြင့်လည်းကောင်း၊ မြန်မာကျပ်ငွေဖြင့်လည်းကောင်း ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| (၁) | MPPE/MCY/CAP/T/1 (2015-2016) | 120 1GPM Fuel Transfer Centrifugal Pump (Engine Driven) | 3 Sets | USD |
| (၂) | MPPE/MCY/CAP/T/2 (2015-2016) | 400 1GPM Fuel Transfer Centrifugal Pump(Motor Driven) | 4 Sets | USD |
| (၃) | MPPE/MCY/T\|1 (2015-2016) | Oil Suction & Discharge Rubber Flexible Hose | 8 Items | USD |
| (၄) | MPPE/MCY/T/2 (2015-2015) | Gate Valve | 4 Items | USD |
| (၅) | MPPE/AV(LUB)/T/1 (2015-2016) | Aviation Lubricating Oil and Grease | 9 Items | USD |
| (၆) | MPPE/AV/T/1 (2015-2016) | Aviation Gasoline 100 LL | 96000Ltrs | USD |
| (၇) | MPPE/LP/MCY/T/1 (2015-2016) | Stainless Steel Dipping Tape | 2 Items | Kyats |
| (၈) | MPPE/LP/TTS/T/1 (2015-2016) | Tyre with Tube & Flap | 2 Items | Kyats |
| (၉) | MPPE/LP/MCY/T/2 (2015-2016) | Battery | 2 Items | Kyats |
| (၁၀) | MPPE/LP/CHEM/T/1 (2015-2016) | Shell Water Detector Capsules | 400 Boxes | Kyats |

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၉-၅-၂၀၁၅ ရက်
၃။ **တင်ဒါပိတ်မည့်ရက်နှင့်ပိတ်မည့်အချိန်** - ၁၈-၆-၂၀၁၅ ရက်၊ ၁၂:၀၀နာရီ
၄။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၄၈၇သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**စီမံရေးဌာန**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
**စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ် ၆၊ နေပြည်တော်**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ လမ်းဦးစီးဌာနမှ (၂၀၁၅-၂၀၁၆)ဘဏ္ဍာနှစ်၊ ပြည်ထောင်စု/တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတား လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းသုံး ပစ္စည်းများ(ဘိလပ်မြေ၊ သံချောင်းလုံးရှည်စုံ၊ ဒီဇယ်ဆီ)ကို လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

**အိတ်ဖွင့်တင်ဒါအမှတ်** - အမှတ်(၂)၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်
**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၁-၅-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၄-၆-၂၀၁၅ ရက် မွန်းတည့် ၁၂:၀၀ နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၄-၆-၂၀၁၅ရက် ညနေ ၃:၀၀ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို မုံရွာခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၇၁-၂၁၀၁၆**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄)၊ မြေကွက်အမှတ် (၅/ဗ-၁၅) မြေကွက်တည်နေရာအမှတ် (၆၉/ဘီ)၊ လမ်း(၅၀)၊ သုခလမ်းသွယ်၊ ၈-ရပ်ကွက်၊ လှိုင်မြို့နယ်၊ (ဘီ မြေပိုင်မြေ)အမည်ပေါက် ဦးတင်ထွန်း၊ မခင် မြေအား ပိုင်ဆိုင်ကြောင်းစာချုပ် ၃၀၆၉(၂၂-၇-၀၃)ဖြင့် ပိုင်ဆိုင်ခဲ့သူ ဒေါ်ရီထံမှ မခွဲမစိတ်ရသေးသော ဧရိယာ (၃၀'×၇၀')ကို အရောင်းအဝယ်စာချုပ် ၃၆၈၂(၈-၉-၀၃)ဖြင့် ဝယ်ယူခဲ့သူဒေါ်သွယ်သွယ်ဦး (၁၂/မရက (နိုင်)၀၇၂၉၀၇)မှ တစ်ဖက်သတ်မြေကွက် ခွဲစိတ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချို ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေချို၊ မြေကွက်/ဦးပိုင်အမှတ်(၆၈ᵃ)၊ ဧရိယာ ၀ ဒသမ ၀၆၃ ဧကရှိ ဦးကြည်အောင်-ဒေါ်တီ အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်ဝင်းနွယ်ဦး ၉/ပမန(နိုင်)၀၀၁၉၂၃ (ဘ) ဦးကျော်မြင့်မှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင်မြေကွက် အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃/ဂုဏ်တန်မြောက်၊ မြေကွက်/ဦးပိုင်အမှတ် (၂၉ᵃ)၊ ဧရိယာ ၀ ဒသမ ၀၆၅ ဧကရှိ ဦးအေးကျော် အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးသက်ဆွေ ၉/ပမန(နိုင်)၀၃၂၀၈၇(ဘ) ဦးသက်ဦးမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင်မြေကွက်အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ် လမ်းဦးစီးဌာန၊ မောင်တောခရိုင်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့်ပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပေးသွင်းရမည့်ပစ္စည်း | အရေအတွက် |
|---|---|---|
| ၁။ | ခွဲကျောက်ရှယ်စုံ | ၁၀၅၉၉ ကျင်း |
| ၂။ | အုတ် | ၄၃၄၈၃၁ ချပ် |
| ၃။ | ဘိလပ်မြေ(ဆင်) | ၇၆၉၈ အိတ် |
| ၄။ | သံချောင်းရှယ်စုံ(နိုင်ငံခြား) | ၆၂ တန် |
| ၅။ | သစ်ခွဲသားရှယ်စုံ | ၄၆ တန် |
| ၆။ | ဒီဇယ်ဆီ | ၁၀၀၀၀ ဂါလန် |

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၃-၆-၂၀၁၅ ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** - ၁၆:၀၀ နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မောင်တောခရိုင် လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ၂၅-၅-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**
**ဖုန်း-၀၄၃-၅၅၀၄၄**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ တည်ဆောက်ရေး(၂)၊ လမ်းအထူးအဖွဲ့(၇)၊ ချောင်းမ-လင်းကတော-ပခုက္ကူလမ်း (ချောင်းမ-ယင်းမာပင်အပိုင်း) ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း(မူလ) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပေ ၄၀အကျယ် မြေသားတာပေါင် တည်ဆောက်ခြင်း လုပ်ငန်းအတွက် လိုအပ်သောအောက်ဖော်ပြပါ ပစ္စည်းများကို(လုပ်ငန်းခွင်အရောက်ပို့စနစ်)မြန်မာငွေကျပ်ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | အမျိုးအစား | အရေအတွက် | ရေတွက်ပုံ |
|---|---|---|---|
| ၁။ | မြေကြီး | ၄၅၀၀၀ | ကျင်း |

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၁-၅-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၆-၅-၂၀၁၅ ရက်၊ ညနေ ၄:၃၀နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၈-၅-၂၀၁၅ ရက်၊ နံနက် ၁၀:၀၀နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ချောင်းမ-လင်းကတော-ပခုက္ကူလမ်း (ချောင်းမ-ယင်းမာပင်အပိုင်း)မိုင်တိုင်အမှတ် (၄/၁)ရှိ လုပ်ငန်းခွင် အင်ဂျင်နီယာရုံးတွင် ရုံးချိန်အတွင်းစုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၉-၉၇၀၃၉၈၉၁၁**

# ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သီရိရတနာအဆင့်မြင့်ဈေးအနီး၊ သီရိကျော်စွာလမ်း၊ နေပြည်တော်စည်ပင်ဘဏ်လီမိတက်တွင် ဦးညဏ်လင်း ၁၂/ဗဟန(နိုင်)၀၇၃၅၈၆ သည် ၎င်းအမည်ပေါက်ပိုင်ဆိုင်သော နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာန ကွပ်ကဲမှုအောက်ရှိ မြို့မဈေးမှ ဆိုင်ခန်းအမှတ် (၇-က)၊ သပြေကုန်းဈေးမှ ဆိုင်ခန်းအမှတ် (YKKO Grand Restaurant) နှင့် ပွဲရုံတန်းဆိုင်ခန်းအမှတ် (ပ-၃)၊ စုစုပေါင်း ဆိုင်ခန်း (၃)ခန်း၏ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများအား အာမခံအဖြစ် တင်သွင်း၍ ငွေချေးယူခဲ့ပါသည်။

ဦးညဏ်လင်းသည် ၂၄-၁-၂၀၁၅ ရက်တွင် ကွယ်လွန်သဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ ခုနစ်လွှာ (Race Course Condominium)၊ အမှတ် (၂၄/၂၆)ရှိ ရန်ကင်းကြေးအိုး လုပ်ငန်းစု ကုမ္ပဏီလီမိတက်မှ ချေးငွေအရင်းအတိုးများကို ၂၆-၃-၂၀၁၅ ရက်၊ ၃၀-၃-၂၀၁၅ ရက်နှင့် ၃၀-၄-၂၀၁၅ ရက်တို့တွင် ပြေကျေစွာ ပေးဆပ်ပြီး ဦးညဏ်လင်း၏သေစာရင်း၊ YKKO Group of Co.,Ltd. ၏ကိုယ်စားဆိုင်ခန်း (၃)ခန်းအား လက်မှတ်ရေးထိုးဝယ်ယူကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ဆိုင်ခန်း(၃)ခန်းအား YKKO Group of Co.,Ltd. ၏ကိုယ်စားပြု ဝယ်ယူခဲ့ခြင်းအတွက် ပစ္စည်းလွှဲပြောင်းအပ်နှံခြင်းဆိုင်ရာ သဘောတူကတိစာချုပ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်နှင့် ရဲစခန်း ထောက်ခံချက်၊ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ ကုမ္ပဏီ၏ Form-6 နှင့် Form-26၊ ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ၊ ကုမ္ပဏီဒါရိုက်တာအဖွဲ့ အစည်းအဝေး ဆုံးဖြတ်ချက် မှတ်တမ်းတို့ကိုတင်ပြပြီး ပိုင်ဆိုင်မှုအထောက်အထား၊ စာရွက်စာတမ်းများ ပြန်လည်ထုတ်ယူရန် လျှောက်ထားလာရာ စာရွက်စာတမ်းထုတ်ပေးမှုနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူသည် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်ဘဏ်လီမိတက်သို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်တင်ပြခြင်းမရှိလျှင်သော်လည်းကောင်း၊ ခိုင်လုံသော အထောက်အထားတင်ပြနိုင်ခြင်းမရှိလျှင်သော်လည်းကောင်း၊ကန့်ကွက်ခြင်းမရှိဟု မှတ်ယူပြီး ဘဏ်မှ လျှောက်ထားသူများအား ဦးညဏ်လင်းတင်သွင်းသော စာရွက်စာတမ်းများကို ထုတ်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှဟန် (စဉ်-၃၅၀၈/၈၅)**
**တရားလွှတ်တော်ရှေ့နေ**
**နေပြည်တော်စည်ပင်ဘဏ်ရှေ့နေ**
**အမှတ်-၁၄/၈၅၊ စိုက်ပျိုးသိပ္ပံကျောင်းလမ်း၊ မစိုးရိမ်အရှေ့ရပ်ကွက်၊ ပျဉ်းမနားမြို့၊**
**ဖုန်း-၀၉-၂၁၇၃၆၄၉၊ ၀၉-၈၃၀၀၆၃၆**

### ဖခင်အမည်မှန်

အထက်မင်းလှမြို့၊ အလကခွဲ ကပစ (၁၀)မှ ပဥ္စမတန်း အောင်မြင်ထားသော မောင်ကောင်းသန့်၏ ဖခင်အမည်မှန်မှာ ဦးဖြိုးဝေလှိုင် ၁၂/သလန(နိုင်)၀၉၈၁၃၁ ဖြစ်ပါကြောင်း။ **ဦးဖြိုးဝေလှိုင်**

### အမည်ပြောင်း

တောင်ကြီးမြို့ အမက(၄)ဒုတိယတန်း(ခ) အောင်မှ မောင်သုခစံအား ယနေ့မှစ၍ မောင်ဇော်ဝေယံထက်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဇော်ဝေယံထက်**

### ပျောက်ဆုံး

ကျွန်တော် မောင်မိုးဇော် ၉/ညဥန(နိုင်) ၀၀၆၉၁၉ ၏နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၈၃၅၄၃၃၉**

### ဖခင်အမည်မှန်

အထက ရွှေညောင် နဝမတန်း(င) အောင်မှ မဆန်းနုဝေ၏ ဖခင်အမည်မှန်မှာ ဦးမြင့်စန်းဦး ၁၃/တကန(နိုင်)၁၇၀၇၅၀ ဖြစ်ပါကြောင်း။

### အမည်ပြောင်း

ဦးသီဟလှိုင် ၁၄/မမက(နိုင်)၁၁၃၃၅၇၏ သမီး ပဲခူးမြို့ မြို့တွင်းအနောက်(ခ) အလက ဆဋ္ဌမတန်း အခန်း(C)၌ ပညာသင်ကြားနေသော လှိုင်မေမေဦးအား ယနေ့မှစ၍ မလှိုင်စကားဝါဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မလှိုင်စကားဝါဦး**

### ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုးတုတ်မြို့၊ အထက(ခွဲ)၊ နဝမတန်းမှ မောင်ဟိန်းမင်းထက်၏ ဖခင်အမည်မှန်မှာ ဦးသောင်းအေးဖြစ်ပါကြောင်း။

**ဦးသောင်းအေး**
**၁၄/ကလန(နိုင်)၀၂၀၇၁၆**

### အမည်ပြောင်း

ဦးအောင်နိုင်ဦး၏သား ချောင်းဆုံ မြို့ အ.ထ.က (ဒသမတန်း)မှ မောင်အောင်ခန့်မင်း(၂)အား မောင်မင်းရန်နိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်မင်းရန်နိုင်

### တစ်ဦးတည်းဖြစ်ကြောင်း

အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ အင်းစိန်မြို့နယ် နဝမတန်း (I)မှ မအိသော်တာအောင်၏ဖခင် ဦးသိန်းထွန်းနှင့် ဦးသိန်းစိုး ၁၂/ဥကမ(နိုင်)၀၆၆၉၄၆ မှာ တစ်ဦးတည်းဖြစ်ကြောင်း။

**ဦးသိန်းစိုး(ခ)ဦးသိန်းထွန်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဇန်းမောက်မြို့နယ်၊ ပန်းတောကျေးရွာအုပ်စု၊ပါသက်ကျေးရွာနေ ဦးမြင့်အောင်၏ သမီး မလှချော(ခ)မပုလဲကြည် ၅/ဗမန (နိုင်)၀၅၇၉၂၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မလှချော(ခ)မပုလဲကြည်**

### ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်၊ အမှတ် (၁၄၂၄)၊ ၁၂ လမ်းနေ မဝတ်ရည်လှိုင် ၁၀/မလမ (နိုင်)၂၃၁၅၆၂ ၏ ဖခင်အမည်မှန်မှာ ဦးမင်းလွင်ဦး(ခ)လှိုင်ဘွား ၁၀/မလမ (နိုင်)၁၁၄၇၀၈ ဖြစ်ပါကြောင်း။

**ဦးမင်းလွင်ဦး(ခ)လှိုင်ဘွား**

### အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ လမ်း ၉၀၊အမှတ် (၅၁)၊ ခုနစ်လွှာ(ဘီ)နေ (ဘ) ဦးမူနီရာဆာမိနှင့် (အမိ) ဒေါ်ကြည်ကြည်ခိုင်တို့၏သား မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမက (၃) မူလွန်ကျောင်း၊ ပဥ္စမတန်း(က)မှ မောင်ကျော်နန္ဒထူး၏ အမည်အစား ဤကြော်ငြာပါသည့်ရက်မှစ၍ မောင်အောင်ခန့်ဇော်အမည်သို့ ပြောင်းလဲခေါ်ပါရန်။

**မောင်အောင်ခန့်ဇော်**

### သားအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်မဒေါ်ချိုမာ၏သား သန်းနိုင်ဦးသည် မိဘ၏ဆိုဆုံးမမှုကို နာခံမှုမရှိပါ၍ သားအဖြစ်မှ စွန့်လွှတ်ကြောင်း အသိပေးအပ်ပါသည်။

၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်မယူပါကြောင်း အများသိစေအပ်ပါသည်။

**မေးမြန်းခြင်းသည်းခံပါ။**
**ဒေါ်ချိုမာ**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏ "နိုင်ငံ့စွမ်းဆောင်ရည်ဆု"ချီးမြှင့်ပွဲအခမ်းအနားတွင် သုံးနှစ်ဆက် "အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းဆောင်ရည်ဆု" (နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သော လုပ်ငန်းရှင် ပထမဆု) ကို

"ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း"အားလည်းကောင်း၊ (နိုင်ငံတော်နှင့်ပြည်သူအတွက် လူမှုရေးအကျိုးပြုမှုအကောင်းဆုံးလူမှုရေး အသင်းအဖွဲ့ဆု) ကို " ကမ္ဘောဇအုပ်စုအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း "အား လည်းကောင်း ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊လူမှု ဘဝကဏ္ဍစုံလင်အကျိုးပြုနိုင်စေရန်နှင့် ကျန်းမာရွှင်လန်းအေးချမ်းမှုများစွာပြည့်စုံပြီး၊ အကျိုးစီးပွားများဖြစ်ထွန်း၍ ပြည်သူ့အခွန်ဘဏ္ဍာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမို ပြည့်ဆည်းအားဖြည့်ပေးနိုင်ပါစေရန်နှင့် ပြည်သူ့အခွန်ထမ်းကောင်းအဖြစ်ထာဝရ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

သီရိသုခမ္မမဏိဇောတဓရ ဦးနေဝင်းထွန်းနှင့်ဇနီး

ဥက္ကဋ္ဌ Ruby Dragon Group Of Companies

# အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ ပိဋကတ်သုံးပုံဒါယိကာမကြီး

## ဒေါ်လှငွေ (ပုသိမ်)

### အသက်(၉၉)နှစ်

ဗိုလ်ချုပ်တင်ထွတ်(ငြိမ်း)- ဒေါ်တင်တင်ညွန့်၊ ဗိုလ်ချုပ်မောင်မောင်ဆွေ(ငြိမ်း)- ဒေါ်တင်တင်နွဲ့တို့၏ ချစ်လှစွာသောမိခင်ကြီး၊ ပုသိမ်မြို့နယ်အသင်းသက်ကြီးကန်တော့ခံ ဒေါ်လှငွေ သည် ၁၁-၅-၂၀၁၅ ရက် (တနင်္လာနေ့) ည ၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါသည်။

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာသန်းထွန်း-ဥက္ကဋ္ဌ၊ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်နှင့်ဇနီး ဒေါ်မြသွေး (ကံ့ကော်ရွှေပြည်)၊ ဘဏ်မိသားစု၊ ရန်ကုန်မြို့။

---

# အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး **ဗိုလ်မှူးသန်းရွှေ(ငြိမ်း)**

ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူး(ငြိမ်း)၊ အခြေခံပညာဦးစီးဌာန ကျောင်းအုပ်ကြီး(ငြိမ်း)၊ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းအုပ်ကြီး(ငြိမ်း)၊ အောင်ဆန်းသူရိယလှသောင်းကျောင်း

### အသက်(၈၇)နှစ်

ဦးဇော်ဝင်းဦး ( MD, Bright Time Co.,Ltd ) - ဒေါ်စုစုရွှေတို့၏ ကျေးဇူးရှင် ဖခင်ကြီး ဦးသန်းရွှေသည် ၁၅-၅-၂၀၁၅ ရက်(သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း-

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာသန်းထွန်း-ဥက္ကဋ္ဌ၊ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်နှင့်ဇနီး ဒေါ်မြသွေး (ကံ့ကော်ရွှေပြည်)၊ ဘဏ်မိသားစု၊ ရန်ကုန်မြို့။

---

# အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

## ဦးယုစိန် (ရေကြည်)

### အသက် (၈၆)နှစ်

ဦးဇော်ဇော် (ဥက္ကဋ္ဌ၊ ဧရာဝတီဘဏ်လီမိတက်)-ဒေါ်ငွေငွေခိုင်၊ ဦးတင်မောင်လှိုင် (Executive Director, Myanmar Automobile Development Public Co., Ltd.) ဒေါ်ဖြူဖြူတို့၏ဖခင်ကြီး ဦးယုစိန်(ရေကြည်)သည် ၅-၅-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် Authorized Automobile Distributor Association (AADA) မှ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

၁။ ဦးမြဟန် (ဥက္ကဋ္ဌ) **Fortune Motor (Hyundai)**
၂။ ဦးခင်ထွန်း **Capital Automotive (Ford, Jaguar, Landrover)**
၃။ ဦးအောင်ဝင်း **(Y.N.O Service) (Dong Feng Motor)**
၄။ ဦးအေးထွန်း၊ ဦးမျိုးဇော်အောင်၊ ဦးသန့်ဇင် **(Nissan)**
၅။ ဦးအေးဇော် **(TTAS Service)(Toyota)**
၆။ ဦးစိန်လွင်၊ ဦးထူးအောင်လင်း **(Apex Greatest)TA TA Motor**
၇။ ဦးထူးအောင်ကျော် **(Pacific AA)(Chevroled)**
၈။ ဦးအောင်မိုးကျော် **(Cycle & Carriage Co., Ltd.)**
**(Mercedes, Mazda, Fuso)**
၉။ ဦးချမ်းမြ **(Preistige Automobile)(BMW)** တို့နှင့်တကွ
**Authorized Automobile Distributor Association** မှ အဖွဲ့ဝင်များ

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် မြို့သစ်(ဂ)၊ မြေကွက်အမှတ် - ၁၉၇/က၊ မြေကွက်တည်နေရာအမှတ် ၁၉၇၊ ဂန္ဓေါ်လမ်းမ၊ မြို့သစ်(ဂ)ရပ်ကွက်၊ အင်းစိန်မြို့နယ် (ဦးတင်ရွှေ)အမည်ပေါက် နှစ်(၆၀)ဂရန်မြေငှားဂရန်မြေအား အမည်ပေါက် ဦးတင်ရွှေ(၁၂/အစန(နိုင်)၁၅၇၈၇၅)က မြေငှားဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ထောက်ခံစာ၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာတို့တင်ပြ၍ အမည်ပေါက်ကိုယ်တိုင်မှ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ထုတ်ပေးပြီးဖြစ်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အမှုတွဲအမှတ် ၁၉၀/၉၇ ဖြင့် ၄-၂-၁၉၉၈ ရက်နေ့တွင် ထုတ်ပေးခဲ့သော မူလဂရန်အား ပယ်ဖျက်သွားမည်ဖြစ်ရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/အနောက်၊ မြေကွက်အမှတ် -၁၁၃(ခ) မြေကွက်တည်နေရာ အမှတ်(၁၁၃/က)၊ ၆/အနောက်ရပ်ကွက်၊ ရွှေပြည်သာလမ်း (ဦးမြင့်ဆွေ)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား သာကေတမြို့နယ်တရားရုံး၌ ဒေါ်ဆွေဇင်သန့်မှ ၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၉၁ ဖြင့် ဦးမြင့်ဆွေအား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီနှင့် ၂၀၁၅ ခုနှစ်တရားမဇာရီမှုအမှတ်-၁၅ အမိန့်တို့တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ် ဒေါ်အေးအေးမြင့်(၁၂/သကတ(နိုင်)၀၀၅၄၆၀)မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်းကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာရပ်ကွက်၊ ဥဿာမြို့သစ်ရှိ မြေကွက်ကြီးအမှတ်(၂၄)၊ အိမ်အကွက်အမှတ်(၁၆၈) မြေကွက်အကျယ်အဝန်းပေ ၄၀×၆၀ ဦးထွန်းမြတ် (ဘ)ဦးဖြိုးဟန် ၉/မနတ(နိုင်)၁၅၁၁၄၇ ထံမှ ဒေါ်နန်းမွန်နွယ်အောင် (ဘ)ဦးခင်စိုး ၇/ပခန(နိုင်)၂၉၁၄၀၄ မှ ၂၅-၁၀-၂၀၁၁ တွင် အပြီးအပိုင်လက်ရောက်ဝယ်ယူခဲ့ပါသည်။ ယခု ဦးထွန်းမြတ်အမည်ပေါက်စလစ်ပြန်လည်လျှောက်ထားမည်ဖြစ်သဖြင့် ခိုင်လုံသောသက်သေအထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မမှန်မကန်ပြုလုပ်ပါက တရားဥပဒေနှင့်အညီဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်နန်းမွန်နွယ်အောင် (ဘ)ဦးခင်စိုး ၇/ပခန(နိုင်)၂၉၁၄၀၄**

### ဝမ်းနည်းကြေကွဲခြင်း
## ရဲမှူးကြီးအောင်ထွန်းထွန်းလွင် (ရဲ-၁၆၂၀)
**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်**
**အသက်(၅၄)နှစ်**

ဗိုလ်မှူးခင်အေးနွယ်၏ခင်ပွန်း၊ မောင်ကျော်စွာထွန်း၊ မမြတ်မြင့်မိုရ်(နိုင်ငံခြားရေးဝန်ကြီးဌာန)၊ မောင်လရောင်ထွန်းတို့၏ဖခင်ဖြစ်သူ ရဲမှူးကြီးအောင်ထွန်းထွန်းလွင် အသက်(၅၄)နှစ်သည် ၁၉-၅-၂၀၁၅ရက် ထိုင်းစံတော်ချိန် ၂၂း၀၅နာရီတွင် ထိုင်းနိုင်ငံ BU-MRUNGRAD ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်-ဒေါ်နုနုဆွေ**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန**

## ရဲမှူးကြီးအောင်ထွန်းထွန်းလွင်
**(ရဲ-၁၆၂၀)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်**
**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဈေးရပ်ကွက်၊ ဇုလမ်း၊ ခရေပင်လမ်းခွဲ၊ အမှတ် ၂၁၂၇နေ (ဦးအောင်ပန်းစိန်-ဒေါ်သစ်သစ်လွင်)တို့၏သားကြီး၊ (ဗိုလ်မှူးညီလွင်အောင်)-ဒေါ်ခင်မျိုးမျိုးသက်တို့၏အစ်ကို၊ (ဦးမြမောင်)-ဒေါ်တင်မြတို့၏သားသမက်၊ ဗိုလ်မှူးခင်အေးနွယ်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ကျော်စွာထွန်း-မမေဇွန်မျိုးမြင့်၊ မမြတ်မြင့်မိုရ်(နိုင်ငံခြားရေးဝန်ကြီးဌာန)၊ မောင်လရောင်ထွန်းတို့၏ချစ်လှစွာသောဖခင်၊ မောင်ညီရဲထွဋ်၏ဦးလေး၊ မထူးမြတ်မေ၏အဘိုးသည် ၁၉-၅-၂၀၁၅ရက် ထိုင်းစံတော်ချိန် ည ၁၀း၀၅နာရီတွင် ထိုင်းနိုင်ငံ Bumrungrad ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၅ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) [ရက်လည်ဆွမ်းကျွေးတရားတော်နာပြုလုပ်မည့်အချိန်နှင့်နေရာကို ထပ်မံကြေညာပါမည်။]

ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း
## ရဲမှူးကြီးအောင်ထွန်းထွန်းလွင်
**အသက်(၅၄)နှစ်**

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အထူးတာဝန်တပ်ဖွဲ့မှ ရဲမှူးကြီးအောင်ထွန်းထွန်းလွင် အသက်(၅၄)နှစ်သည် ၁၉-၅-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲချုပ်ဇော်ဝင်းနှင့်ဇနီး**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ရဲမှူးကြီးအောင်ထွန်းထွန်းလွင်
**အသက်(၅၄)နှစ်**

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အထူးတာဝန်တပ်ဖွဲ့မှ ရဲမှူးကြီးအောင်ထွန်းထွန်းလွင် အသက်(၅၄)နှစ်သည် ၁၉-၅-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒုတိယရဲချုပ် ရဲမှူးချုပ်သိန်းဦးနှင့်ဇနီး**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်**

### အထူးကျေးဇူးတင်ရှိခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ သာသနာ့ဒါယကာကြီး**
## ဦးသိန်းတန်
**ရွှေပြည်သာကုမ္ပဏီ၊ရွှေသိန်းသန်းကမ္ဘာကုမ္ပဏီနှင့်ဟိုတယ်ရွှေပြည်သာ**
**အသက်(၅၁)နှစ်**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ ၂၂လမ်းနှင့် ၂၃လမ်းကြား၊ ၈၉လမ်းနေ သီဟသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်းနွဲ့၏ချစ်လှစွာသောခင်ပွန်း၊ မောင်မိုးမြင့်သာ၊ မဆုပြည့်သာတို့၏ဖခင်ကြီး၏ဈာပနာသို့ လိုက်ပါပို့ဆောင်ကြသော စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖုန်းဖြင့် သတင်းမေးမြန်းကြသော ရပ်ဝေးရပ်နီးမှ မိတ်ဆွေများ၊ သူငယ်ချင်းများ၊ ဂုဏ်သရေရှိရှိ တာဝန်ကျေပွန်စွာ ကူညီကြသောမိတ်ဆွေများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော မိတ်ဆွေများ၊ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့်ကျေးဇူးတင်ထိုက်သူ အားလုံးတို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု**

## ဦးဝင်းလွင်ထွန်း (မကွေးမြို့)
**အသက်(၃၂)နှစ်**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ပွဲကြိုရပ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၁၃နေ ဦးခိုင်မောင်ကြူ-ဒေါ်အေးအေး(စံပြဗီဒီယိုရိုက်ကူးရေး)တို့၏သားထွေး၊ ဦးဖိုးချို-ဒေါ်နီလာဦး၊ ဦးချမ်းမြေ့အေး-ဒေါ်အေးအေးသိုက်၊ ဦးဥက္ကာထွန်း-ဒေါ်နှင်းလဲ့ရည်တို့၏မောင်/ညီ၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် ၃၊ အခန်း ၃၀၃နေ (ဦးမြင့်ဆွေစိမ်း)-ဒေါ်နီလာအေးတို့၏သားသမက်၊ ဒေါ်ယုထက်အောင်(ဒုတိယဦးစီးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)၏ချစ်လှစွာသောခင်ပွန်း၊ တူ၊ တူမ လေးယောက်တို့၏ဦးလေးသည် ၂၀-၅-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၀၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂၂-၅-၂၀၁၅ရက်(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးသိန်းထိုက် (ပြည်)
**အသက်(၅၇)နှစ်**

ပြည်မြို့၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊လမ်းမတော်လမ်း၊ အမှတ် ၁၆၆နေ (ဦးတင်မြင့်-ဒေါ်အုန်းတင်)တို့၏သားကြီး၊ ဦးအောင်စိုးလှိုင်-ဒေါ်ထားထားနွယ်၊ ဦးတင်မင်းအောင်-ဒေါ်ယုယုစံတို့၏အစ်ကိုကြီး၊ မဝေဖူးသာ၊ မန္တေးန္တေးလှိုင်၊ မဇွန်လေးသျှင်၊ မောင်မင်းသတ္တိတို့၏ဦးကြီးသည် ၂၀-၅-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၅၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၅-၂၀၁၅ရက်(သောကြာနေ့)ညနေ ၄နာရီတွင် အေးငြိမ်းရာသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမောင်နှမများ

## ဗိုလ်ကြီးထွန်းကိုလတ်(ငြိမ်း)
**တေဇ-၂၃**
**အသက်(၄၂)နှစ်**

ရန်ကုန်မြို့နေ ဦးဝင်းကို-ဒေါ်ယဉ်ကြည်တို့၏သား၊ ဒိုက်ဦးမြို့နေ ဦးတင်ရှိန် - ဒေါ်ခင်ဝင်းတို့၏ သားသမက်၊ ဒုတိယဗိုလ်မှူးကြီးဇော်ကိုဦး (ငြိမ်း)-ဒေါ်ခိုင်ကေနွယ်တို့၏ညီ၊ ကိုမင်းကိုထက်၊ ကိုကြည်သာဦး၊ မသန္တာထွေး၊ ကိုဆန်းဦး၊ မမြနဝေ၊ မစုမွန်ဝေတို့၏အစ်ကို၊မရည်မွန်သန့်၏ခင်ပွန်း၊ မောင်ဗညားထွန်းသန့်၏ဖခင်သည် ၂၀-၅-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် ဒိုက်ဦးမြို့ရွာတန်းရှည်သုသာန်၌ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားပါသည်။ ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်မယ် (ဟသ်ာတ)
**အသက်(၉၇)နှစ်**

ဦးဇော်ဝင်း(ဒု-ဌာနမှူး၊ Y.C.D.C)-ဒေါ်ခင်မြအုန်းတို့၏မိခင်ကြီး ဒေါ်ခင်မယ်(ဟသ်ာတ)သည် ၁၇-၅-၂၀၁၅ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**OTS ၇၁မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

ဦးအောင်မြင့် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဂန့်ဂေါ)၏ ဇနီး ဒေါ်မြင့်မြင့်ကြည်သည် ၂၀-၅-၂၀၁၅ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းပါကြောင်း။

**ဦးလှဆွေနှင့် မိသားစု**
**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံတား ဒါယိကာမကြီး**
## ဒေါ်ယဉ်ကြည် (ဇလွန်မြို့)
**အသက်(၉၂)နှစ်**

ဇလွန်မြို့၊ အမှတ် ၉၆၅၊ စပါယ် ၅လမ်း၊ လမ်းမတော်မြောက်ရပ်ကွက်နေ (ဦးလှိုင်စွမ်း)၏ဇနီး၊ ဦးဝင်းလှိုင်-ဒေါ်နန်းငွေးရီ၊ ဦးသိန်းဇော်-ဒေါ်သိန်းဝင်း(OKစားတော်ဆက်၊ ဟသ်ာတ)၊ ဦးသိန်းလွင်(ဒုတိယအင်ဂျင်နီယာချုပ်၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း)-ဒေါ်မိုးမိုး၊ ဒေါ်အေးအေးသွင်၊ ဦးဝင်းနိုင်ကျော်(တပ်မတော်၊ ငြိမ်း)-ဒေါ်ကြည်ကြည်လှိုင်တို့၏မိခင်၊ ဗိုလ်မှူးထက်ဝေအောင်(တပ်မတော်-လေ၊ ရှမ်းတဲလေတပ်စခန်း-မိတ္ထီလာ)၊ မြေး ၁၃ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၁၉-၅-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၅၅ နာရီတွင် ဇလွန်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၅ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ဇလွန်မြို့ ဗျည်းညားသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မေအုန်း (B.A. DSSA၊ ဘုံဘေ)
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ လူမှုဝန်ထမ်းဦးစီးဌာန**
**အသက်(၈၇)နှစ်**

(စက်ရှင်မင်းကြီး ဦးအုန်းဖေ-ဒေါ်မမကြီး)တို့၏သမီး၊(ဒေါ်ခင်စောကြည်)၊ (ဗိုလ်မှူးဝင်းမြင့်-ဒေါ်စန်းငြိမ်း)တို့၏ညီမ၊ (ဦးတင်ငွေ)၏ဇနီး၊ စမ်းချောင်းမြို့နယ်၊ ၂၉ ပဒုမ္မာလမ်းနေ ဦးဇော်ဝင်း(ဌာနစုမှူး၊ ငြိမ်း၊ ပန်းဥယျာဉ်၊ YCDC) (မန်နေဂျာ၊ Natural World Co.,Ltd.,)-ဒေါ်လှဲ့လှဲ့ငွေ(ဦးစီးအရာရှိ၊ စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်)၊ ဒေါ်ကေသီငွေ၊ ဒေါ်နွယ်နီငွေတို့၏မိခင်သည် ၂၀-၅-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁း၁၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၂-၅-၂၀၁၅ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်ဆွေများအားအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးချစ်လှိုင်(တောင်တွင်းကြီး) အသက်(၆၈)နှစ်
**မြန်မာနိုင်ငံစာစစ်အဖွဲ့(ငြိမ်း)**

တောင်တွင်းကြီးမြို့နယ်၊ ရေဝေအုပ်စု၊ မြင်းစုကျေးရွာနေ(ဦးဘိုးအောင်-ဒေါ်ကြည်)တို့၏သား၊ ဦးချစ်ဦး-ဒေါ်စမ်းမြင့်တို့၏ညီ၊ ဒေါ်စိန်မြင့်၊ ဦးချစ်မြိုင်၊ ဦးချစ်သွင်တို့၏အစ်ကို၊ (ဒေါ်ကြင်မြိုင်)၏ချစ်လှစွာသောခင်ပွန်း၊ မခင်စန်းလွင်၊ မရီရီမွန်တို့၏ဖခင်သည် ၁၉-၅-၂၀၁၅ရက် မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၅-၂၀၁၅ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂နာရီတွင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။[အမှတ် ၂၉၊ 3A၊(၁)ရပ်ကွက်၊နီလာလမ်း၊ကမာရွတ်မြို့နယ် နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

**ရဟန်းဒါယကာ**
## ဗိုလ်ကြီးကျော်ကျော်မိုး(ငြိမ်း) တေဇ-၁၆
**Assistant Supervisor MAI**
**အသက်(၄၉)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်၊ ဓမ္မပါလလမ်း၊ အမှတ် ၂၁နေ ဦးဝိုင်းမောင်-(ဒေါ်သိန်းကြည်)တို့၏သား၊ ဒေါက်တာမောင်သင်-ဒေါ်ခင်သက်တင်တို့၏သားသမက်၊ ဗိုလ်ကြီးကျော်ကျော်ဦး(ငြိမ်း)၏ ညီ၊ ဗိုလ်မှူးကြီးသန်းဦး(ငြိမ်း) - ဒေါ်ဝင်းဝင်းမြတ်တို့၏အစ်ကို၊ ဒေါ်မီမီသင်၊ ဦးထွန်းထွန်းသင်-ဒေါ်ခင်သူဇာတို့၏ညီ/မောင်၊ ဗိုလ်ချုပ်ကံမြင့်သန်း-ဒေါ်လွင်မီသင်(ပြင်ဦးလွင်)တို့၏အစ်ကို၊ ဗိုလ်တထောင်မြို့နယ်၊ ကမ်းနားလမ်း၊ အမှတ် ၄၃၈၊ အခန်း ၁၇/၁၈(ဒုတိယထပ်)နေ ဒေါ်ညိုမီသင်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဇော်မိုးပိုင်(တတိယနှစ်၊ဆေး-၂)၊ မမိုးမြတ်နိုး(တက္ကသိုလ်ဝင်တန်းဖြေ၊ အထက-၄၊ ဗိုလ်တထောင်)၏ ချစ်လှစွာသောဖခင်သည် ၂၀-၅-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၅-၂၀၁၅ရက်(သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(ဗိုလ်တထောင်နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၅-၂၀၁၅ရက်တွင် အထက်ပါ ဗိုလ်တထောင်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး**
## ဦးခိုင်ဇော်မင်း
**(KZ ဆောက်လုပ်ရေး)**
**အသက်(၄၂)နှစ်**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၆၈/ခ၊ ၁၀လမ်း × ၈၇လမ်းထောင့်၊ ရန်ကင်းရပ်နေ မောင်နေလင်း၊ မောင်သီဟဇော်တို့၏ဖခင်၊ ဒေါ်တင်အေးကြိုင်၏ခင်ပွန်းသည် ၁၉-၅-၂၀၁၅ရက်(အင်္ဂါနေ့) ည ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၅-၂၀၁၅ရက် (တနင်္လာနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးမျိုးသိန်း
**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ(ဦးမျိုးခင်-ဒေါ်စိန်စိန်)တို့၏သား၊ (ဦးစန်းမောင်-ဒေါ်ညွန့်ရီ)တို့၏ သားသမက်၊ ဦးမျိုးတင့်-ဒေါ်အေးအေးသောင်း၊ (ဦးမျိုးဝင်း)-ဒေါ်သန်းသန်းညွန့်၊(ဦးမျိုးလွင်)-ဒေါ်စန်းစန်းရီတို့၏ ညီ/မောင်၊ ဒေါ်ခင်မျိုးသန့်၏အစ်ကို၊ မြောက်ဥက္ကလာပမြို့နယ်၊ ဣန္ဒာ ၁၂ လမ်း၊ (၄)ရပ်ကွက်၊ အမှတ် ၉၆၃နေ ဒေါ်သန်းသန်းအေး၏ခင်ပွန်း၊ မောင်စိုးဝင်းပိုင်၊ မပြည့်ဖြိုးပိုင်(A.C.P Co., Ltd.)၏ဖခင်သည် ၁၉-၅-၂၀၁၅ရက်(အင်္ဂါနေ့) ည ၈း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၅ရက်(ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်စောညွန့် (မိတ္ထီလာ)
**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ မြခွာညိုအိမ်ရာ၊ ဇေယာဝဏ် ၃လမ်း၊ အမှတ် ၆နေ (ဦးဘသိန်း-ဒေါ်ညိုပု)တို့၏သမီး၊ ဗိုလ်မှူးသန့်ဇင်(ငြိမ်း)-ဒေါ်ခင်မေဦး၊ (ဦးလှခိုင်)-ဒေါ်မိမိခိုင်၊ ဦးအောင်သူကို-ဒေါ်လင်းကြည်ဖြူသန့်တို့၏ ချစ်လှစွာသောမိခင်၊ မြေးခုနစ်ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၁၉-၅-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၆း၄၅နာရီတွင်ကွယ်လွန်သွားပါ၍ ၂၁-၅-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးသန်း (ဆရာစံလမ်း)
**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ(မြောက်/အရှေ့)ရပ်ကွက်၊ ဆရာစံလမ်း၊ အမှတ် ၉၈နေ ဒေါ်ညွန့်ရီ၏ခင်ပွန်း၊ ဦးသန်းညွန့်-ဒေါ်အေးမြင့်၊ ဦးသက်တင်-ဒေါ်လှလှငွေး၊ ဦးထွန်းကျော်-ဒေါ်မြမြမိုး၊ ဦးစန်းလွင်၊(ဦးခင်ဇော်)-ဒေါ်မာမာစိန်တို့၏ ချစ်လှစွာသောဖခင်၊မြေးကိုးယောက်တို့၏အဘိုးသည် ၁၉-၅-၂၀၁၅ရက်(အင်္ဂါနေ့)ည ၈း၂၅နာရီတွင် ဆရာစံလမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၅ရက်(ကြာသပတေးနေ့) ညနေ ၄နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးစိုးမြင့် (B.A. R.L)
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**
**(ဟိုတယ်/ခရီး)**
**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ သုခလမ်း၊ အမှတ် ၁၉၁၊ အခန်း ၂၀၁/၂၀၂နေ (ဦးထွန်းမြတ် - ဒေါ်သိန်းကြည်)တို့၏သား၊ (ဦးလှဖေ-ဒေါ်အေးမြင့်)တို့၏သားသမက်၊ (ဦးအုံးမြင့်)၊ (ဦးခင်မောင်-ဒေါ်အုံးကြည်)၊ (ဦးမြင့်သိန်း)-ဒေါ်ရင်အေး၊ ဦးခင်သိန်း-(ဒေါ်သန်းသန်းဦး)တို့၏ညီ/မောင်၊ တူ/တူမ ၁၀ ယောက်တို့၏ဦးလေး၊ ဒေါ်ထားထားမြင့် (ဆေးလုပ်မှုဆက်ဆံရေးမှူး၊ ငြိမ်း၊ ကျန်း/ဦးစီး)၏ခင်ပွန်း၊ ဦးသန့်စင်(SEAMEO CHAT)-ဒေါ်ဆွေဇင်မိုး(တာဝန်ခံ၊ ကမ္ဘောဇဘဏ်လီမိတက်၊ ရွှေဘုံသာဘဏ်ခွဲ-၂)တို့၏ဖခင်၊ မစံမြင့်မြတ် (Grade-VIII, C, TTC)၊ မောင်ထင်လင်းအောင်တို့၏ ဘိုးဘိုးသည် ၂၀-၅-၂၀၁၅ရက် နံနက် ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွန်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၄ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၅-၂၀၁၅ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒု-အရာခံဗိုလ်လှတင်
**(လေ၊ ငြိမ်း)**
**(ကပ-၁၅၂၇၆)**
**လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးတပ်**
**အသက်(၇၀)**

မင်္ဂလာဒုံမြို့နယ်၊ အနန်းပင်ရပ်ကွက်၊ အနော်ရထားလမ်း၊ အမှတ် ၆၉နေ (ဦးသောင်း-ဒေါ်စောမြ)တို့၏ သား၊ (ဦးလှတင်-ဒေါ်အေးညွန့်)တို့၏ သားသမက်၊ ဗိုလ်မှူးခင်မောင်ကျော်(လေ၊ ငြိမ်း) (မြန်မာ့လေကြောင်း၊ လေယာဉ်မှူး )-ဒေါ်မြသန်းငြိမ်း၊ ဦးတင်မောင်အေး၊ ဦးဇော်လေး(မြန်မာ့လေကြောင်း၊ စက်မှု)-ဒေါ်ရီရီဆင့်တို့၏ဖခင်၊ ဒေါ်ခင်မေ၏ချစ်လှစွာသောခင်ပွန်း၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၉-၅-၂၀၁၅ရက် နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၅ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ရပ်ကွက်လူ(ခ)ဦးကောက် အသက်(၈၅)နှစ်

ပဲခူးမြို့၊ မြို့မစာသင်တိုက်၊ ဆွမ်းစားကျောင်းဘုန်းကြီး ဘဒ္ဒန္တအရိယ၏ ရဟန်းခမည်းတော်ကြီး၊ ပဲခူးမြို့နေ (ဦးမောင်ဝါး-ဒေါ်ကျင်မြိုင်)တို့၏သား၊ (ဒေါ်စန်းမြင့်၊ လ/ထ ညွှန်မှူး၊ စာရင်းစစ်၊ ငြိမ်း)၊ ဒေါ်အုန်းမြင့်၊ ဒေါ်တင်တင်လှိုင် (အထပြ၊ ငြိမ်း)၊ (ဦးထွန်းထွန်း)-ဒေါ်အေးအေးတင့်တို့၏ အစ်ကိုကြီး၊ ညောင်လေးပင်မြို့နေ ဦးမြတ်ဦး-ဒေါ်မြင့်မြင့်ကြူ (စိန်မဟာ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ ပဲခူးမြို့နေ ဒေါက်တာသီဟ (လ/ထညွှန်ကြားရေးမှူး၊ တကဆ၊နေပြည်တော်)-ဒေါ်စိုးစိုးမြင့်(လင်းယုန်အထည်ဆိုင်)၊ဦးသူရ၊ ဦးအောင်ဗိုလ်-ဒေါ်မြင့်မြင့်လွင်၊ ဒေါ်မြမြသင်း၊ ဒေါ်စိုးစိုးဝင်း၊ ဒေါ်စိုးစိုးလင်း၊ ဦးလှဝင်းသိန်း-ဒေါ်တင်သူဇာဝင်း၊ ဦးကျော်ကျော်အောင်-ဒေါ်သဲသဲန္တာမြတ်ကိုတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုး၊ တူ/တူမ သုံးယောက်တို့၏ဘကြီး၊ ပဲခူးမြို့၊ ညောင်ဝိုင်း ၁၄လမ်း၊ အမှတ် ၁၁၄-ခနေ ဒေါ်မြင့်မြင့်(ရွှေစာဆေးပေါ့လိပ်)၏ ချစ်လှစွာသောခင်ပွန်းသည် ၁၉-၅-၂၀၁၅ရက်(အင်္ဂါနေ့) ညနေ ၄း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၅ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂ နာရီတွင် ပဲခူးမြို့၊ညောင်ဝိုင်း ၁၄လမ်း၊ အမှတ် ၁၁၄-ခ ဒေါ်မြင့်မြင့်၏နေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၅-၂၀၁၅ရက်(တနင်္လာနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးသင်းရွှေ(ခ)ဦးဖစု (ချန်ပီယံဆန်ဆိုင်၊ ထားဝယ်မြို့)
**အသက်(၇၃)နှစ်**

ထားဝယ်မြို့၊ ဈေးတောင်ဘက်လမ်း၊အမှတ် ၁၀၃၊ ခုံဝင်းဒပ်ရပ်နေ(ဦးယုရှောင်-ဒေါ်ကျင်စီ)တို့၏သား၊ (ဦးအီပေါ-ဒေါ်စောရွှေ)တို့၏သားသမက်၊ ဒေါ်ဟန်ကြည်၏ခင်ပွန်း၊ ဦးသန်းလွင်-ဒေါ်ရှုကြည်၊ ဦးစစ်ကြည်-ဒေါ်မော်မော်လွင်၊ ဦးဆင်ဂွမ်-ဒေါ်ကြူကြူဝင်း၊ ဦးယုစိန်-ဒေါ်စန္ဒာမြင့်တို့၏အစ်ကို၊ ကိုသောင်းထွန်း-မယဉ်ယဉ်မြ၊ ကိုဇော်ဘိုဘိုဦး-မယဉ်ယဉ်လတ်၊ ကိုအောင်ဇော်ထွန်း-မဟန်မင်းစု၊ မသင်းသင်းစောတို့၏ချစ်လှစွာသောဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၉-၅-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၃း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ဗဟန်းမြို့နယ်၊ ပုလဲကွန်ဒို၊ Block-C,1304 နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဦးသန်းလွင်(ခ)မိုဟာမက်ဂျမာလူဒင်(ခ)ဘာဘူဘိုင်
**စီးပွား/ကူးသန်း(0.4) ဆန်စက်(ငြိမ်း)**
**ဇဖရ်ရှားဒါရဂါစာရေးကြီး**
**အသက်(၇၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၆လမ်း၊ အမှတ် ၂၉၊ ရှစ်လွှာနေ (ဦးအီစပ်-ဒေါ်သိန်းမြ)တို့၏သားကြီး၊ ဟာဂျီမ ဒေါ်သီသီအေး၏ခင်ပွန်း၊ ဦးသန်းဇော်-ဒေါ်စန်းစန်းငွေး၊ မောင်ရဲအောင်-မဖြူမာလေးတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၈-၅-၂၀၁၅ရက် နံနက် ၆း၄၅နာရီတွင် ဇဖရ်ရှား ဒါရဂါတော်၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အဆွရ်နမာစ်အပြီး သန်လျင်မြို့ ငါးပါးသခင်ဒါရဂါကရ်ဘရ်တန်တွင် ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးသာဝင်း အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ အနောက်မြို့ပတ်လမ်း၊ ကျောင်းလမ်း၊ အမှတ် ၁၄နေ(ဦးမောင်စော-ဒေါ်စောမြိုင်)တို့၏သား၊(ဦးအေးမောင်-ဒေါ်နု)တို့၏သားသမက်၊ဒေါ်ကြူလှိုင်(အမက-၇၊ ဗဟန်း၊ ငြိမ်း)၏ခင်ပွန်း၊ (ဦးသောင်းငွေ)-ဒေါ်ဝင်းရွှေ၊ (ဦးမျိုးအောင်)-ဒေါ်ဝင်းညွန့်တို့၏မောင်၊ ဦးကြည်ဝင်း-ဒေါ်ယဉ်ငွေးတို့၏အစ်ကို၊ ကိုဇင်မျိုးဝင်း-မအေတာ သိန်း၊ မထက်ထက်အောင်၊ မအိဖြူသက်တို့၏ဖခင်၊ မေစစ်နိုင်၏အဘိုးသည် ၁၉-၅-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၅ရက်(ကြာသပတေးနေ့)ညနေ ၃း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၅-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဇော်မင်းထိုက်
**အသက်(၃၈)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နေ (ဦးခင်မောင်ဆွေ၊ တိုင်းမန်နေဂျာ၊ မြန်မာ့မီးရထား)-ဒေါ်ချိုချိုလွင်တို့၏သားကြီး၊ ကိုဂျာနော်-မနီလာဆွေ(ခေတ္တ-စင်ကာပူ)၊ ကိုသူရဆွေ(ခ)ဖိုးသားတို့၏အစ်ကို၊ လှိုင်သာယာမြို့နယ်၊ ပိတောက်ရိပ်အဆောင်၊ အောင်မြေသာယာဘုရားလမ်း၊ အမှတ် ၃၈၁နေ မဆင့်ဆင့်သော်၊ မောင်ဝေယံဘုန်းအောင်တို့၏ဖခင်၊ ဒေါ်ရင်ရင်ထွေး၏ခင်ပွန်းသည် ၂၀-၅-၂၀၁၅ရက် နံနက် ၁၁း၂၀နာရီတွင် လှိုင်သာယာမြို့နယ်၊ လုမ္ဗနီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၅ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးရဲထွန်း
**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊အမှတ် ၆/F၊ မဟာဗေယျလမ်းနေ (ဦးတင်ဦး-ဒေါ်တင်ပု)တို့၏သား၊(ဗိုလ်ကြီးလွန်းကြိုင်)-ဒေါ်ရင်မေတို့၏သားသမက်၊ (ဒေါ်အေးအေးသန်း)၏ခင်ပွန်း၊ ဦးဘိုးအောင်-ဒေါ်နီနီတို့၏ ညီ/မောင်၊ ဦးဆက်မြင့်-ဒေါ်ဖြူဖြူတို့၏အစ်ကို၊ မဝင့်နွယ်အောင်၊ ကိုမျိုးဆက်-မမီမီဝေဇင်၊ မလွင်မာဦးတို့၏ဦးလေးသည် ၂၀-၅-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၀နာရီတွင် (ခုတင်-၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၂-၅-၂၀၁၅ရက်(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၆-၅-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်ထွန်း
**ကုန်သွယ်/လယ်ယာ(ငြိမ်း)**
**ရွှေကျောင်းပြင်ကျေးရွာ၊ သံတွဲမြို့**
**အသက်(၄၉)နှစ်**

သံတွဲမြို့နယ်၊ ရွှေကျောင်းပြင်ကျေးရွာနေ(ဦးသာထွန်းအောင်-ဒေါ်လှမြင့်)တို့၏သမီး၊ ဦးတင်ထွန်း(ကုန်သွယ်ရေးမြှင့်တင်မှုဦးစီးဌာန)၏ဇနီး၊ ဦးမြင့်ဦး-ဒေါ်ငွေးငွေးမြင့်၊ (ဗိုလ်ကျော်ရင်)-ဒေါ်မြင့်မြင့်အေး၊ ဦးသိန်းဦး-ဒေါ်မြင့်မြင့်လေး၊ဦးမြင့်ငွေး-ဒေါ်စန်းစန်းဝင်းတို့၏ညီမ၊ ဒေါ်ခင်အေးချမ်း၏အစ်မ၊ မအေးမြမွန်(အမက၊ကျောက်ကြီးပြင်)၊ မောင်ကောင်းနိုင်ထွန်းတို့၏မိခင်သည် ၁၉-၅-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ ၆း၃၀ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါ၍ ၂၁-၅-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (အမှတ် ၁၂၊ ၅A၊ ထီးတန်း ၅လမ်း၊ ကြည့်မြင်တိုင်နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ပြည်သူများ၏ယုံကြည်မှုပိုမိုရရှိလာမှ ဒေသဖွံ့ဖြိုးမှုအရှိန်အဟုန်တိုးတက်လာမည်

နေပြည်တော် မေ ၂၀

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနှင့် ဦးခင်ရီ၊ ဒုတိယဝန်ကြီးများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ စာမျက်နှာ ၃ ကော်လံ ၁ ✻





ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း စစ်တွေမြို့ မြို့လယ်ချောင်း(ဘီလူးမ)တံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ဓာတ်ပုံ-မြန်/ဆက်)

## ရန်ကုန်မြို့တွင်း၌ Taxi Call Centre ကို စွန့်ဦးတီထွင်မှုတစ်ရပ်အဖြစ် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်

သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)

ရန်ကုန် မေ ၂၀

ရန်ကုန်မြို့တွင်း ပြည်သူများ နေ့စဉ် ကြုံတွေ့နေရသည့် ယာဉ်ကြော ကျပ်တည်းမှု အခက်အခဲကို အထိုက်အလျောက် ဖြေရှင်းပေးနိုင်မည့် Taxi Call Centre(TCC)ကို စွန့်ဦးတီထွင်မှုတစ်ရပ်အဖြစ် စတင်အကောင်အထည်ဖော် ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ရန်ကုန်မြို့ UMFCCI ၌ ယနေ့ညနေ ၃ နာရီက ပြုလုပ်သည့် အဆိုပါလုပ်ငန်းအား ပြည်သူများကို ရှင်းလင်းတင်ပြ အကြံပြုဆွေးနွေးမှုမှ သိရသည်။

"ကျွန်တော် ဒီပရဟိတလုပ်ငန်းလည်းဖြစ်၊ စီးပွားရေးလုပ်ငန်းတစ်ရပ်လည်းဖြစ်တဲ့ ဒီ Taxi Call Centre (TCC) လုပ်ငန်းကို ၂၀၁၂ ခုနှစ်ကတည်းက စတင်ကြိုးစားခဲ့တာပါ။ အခုလိုအကောင်အထည်ဖော် ဖြစ်တာကလည်း ယနေ့ရန်ကုန်မြို့တွင်းမှာ ပြည်သူတွေ ယာဉ်ကြောကျပ်တည်းမှုကို နေ့စဉ်ခံစားနေရတဲ့အတွက် နိုင်ငံတကာလို Taxi Call Centre (TCC) တည်ထောင်လိုက်ရင် အထိုက်အလျောက် ယာဉ်ကြောကျပ်တည်းမှု ဖြေလျှော့ စာမျက်နှာ ၉ ကော်လံ ၁ ◆

## နိုင်ငံခြားခရီးသွားများပြည်တွင်း၌ ငွေကြေးသုံးစွဲမှု ဒေါ်လာသုံးဘီလီယံကျော်ခဲ့

သတင်း-ဝေယံဦး
ဓာတ်ပုံ-တင်စိုး

ရန်ကုန် မေ ၂၀

မြန်မာနိုင်ငံသို့ နိုင်ငံခြားခရီးသွားဧည့်သည်များဝင်ရောက်မှု တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာလျက်ရှိရာ အဆိုပါ ခရီးသွားဧည့်သည်များ၏ ငွေကြေးသုံးစွဲမှုလည်း ပိုမိုများပြားလာခဲ့ပြီး ခရီးသွားလုပ်ငန်းမှ နိုင်ငံတော်ဂျီဒီပီသို့ ငွေကြေးစီးဆင်းမှု များပြားလာခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံသို့ ၂၀၁၄ ခုနှစ်က ခရီးသွားဧည့်သည်ပေါင်း ၃ ဒသမ ဝ၈ သန်း ရောက်ရှိခဲ့သည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီ (WTTC) ၏ သုတေသနစစ်တမ်းအရ နိုင်ငံခြားခရီးသွားများမှ ငွေကြေးတိုက်ရိုက်သုံးစွဲမှု၊ သွယ်ဝိုက်သုံးစွဲမှုနှင့်ဆင့်ကဲသုံးစွဲမှုများမှ အမေရိကန်ဒေါ်လာ သုံးဘီလီယံကျော် သုံးစွဲခဲ့သည်ဟု ဖော်ပြထားသည်။ စာမျက်နှာ ၃ ကော်လံ ၁ ❒




ယနေ့ မာတိကာ

ရေနံဂါလန်ပေါင်းများစွာ ကယ်လီဖိုးနီးယား ကမ်းခြေသို့ ယိုဖိတ်စီးဆင်း စာမျက်နှာ » ၄

ဘေးအန္တရာယ်ကျရောက်လာရင် ဒေသခံပြည်သူများ ကြံ့ကြံ့ခံနိုင်အောင် သရုပ်ပြလေ့ကျင့်ခန်းများ ပြုလုပ်ပေးနေ စာမျက်နှာ » ၁၀

လောက်ကိုင်ဒေသ တည်ငြိမ်အေးချမ်းသည့် အခြေအနေသို့ရောက်ရှိ၊ ပညာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို ပြန်လည်ပို့ဆောင် စာမျက်နှာ » ၁၂

အစွပ်စွဲခံ မြန်မာအလုပ်သမားနှစ်ဦး၏အမှု သက်သေခိုင်လုံမှုမရှိသောကြောင့် လွတ်မြောက်နိုင် စာမျက်နှာ » ၁၃





မြန်မာ့အလင်း mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS

